# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၇၄)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ် (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၃**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ✻


**အထောက်အထားမဲ့ မြန်မာအလုပ်သမား ၁၉၄ ဦး ကော့သောင်းနယ်စပ်ဂိတ်မှ တတိယအသုတ် ပြန်လည်ဝင်ရောက်** စာ ၄

**ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် မြို့သစ်စီမံကိန်း တည်ဆောက်နိုင်ရန်စီစဉ်** စာ ၆

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ** စာ ၈


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# နေရပ်ပြန်အလုပ်သမားများ အပြန်ခရီး လုံခြုံချောမွေ့စေရေး ဝိုင်းဝန်းကူညီပေး

ထိုင်းအစိုးရက ဇွန် ၂၀ ရက်တွင် ပြဋ္ဌာန်းလိုက်သည့် နိုင်ငံခြားသား အလုပ်သမားများစီမံခန့်ခွဲမှု ဥပဒေကို အကြောင်းပြု၍ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုင်း-မြန်မာနယ်စပ်ဂိတ်အသီးသီးမှ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာလျက်ရှိသည်။

ထိုင်းနိုင်ငံက ပြဋ္ဌာန်းလိုက်သည့် အဆိုပါ ဥပဒေသစ်အရ အထောက်အထားမဲ့အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရှင်နှင့် အလုပ်သမားများကို ဖမ်းမိပါက ထိုင်းဘတ်ငွေလေးသိန်းမှ ရှစ်သိန်းအထိ ဒဏ်ရိုက်နိုင်ပြီး အလုပ်လုပ်ခွင့် မရှိဘဲ အလုပ်လုပ်ခြင်း(သို့မဟုတ်) နိုင်ငံခြားသား အလုပ်သမားများ လုပ်ခွင့်မရှိသည့် အလုပ်များကိုလုပ်သည့် အလုပ်သမားများအား ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ် သို့မဟုတ် ဘတ်နှစ်ထောင်မှ တစ်သိန်းအထိ ငွေဒဏ်အပြင် ပြစ်ဒဏ်နှစ်မျိုးစလုံးကိုလည်း ချမှတ်နိုင်သည်ဟုဆိုရာ ကြီးလေးလှသည့် ပြစ်ဒဏ်များဟု ဆိုရမည်ဖြစ်သည်။

ဥပဒေသစ်ပြဋ္ဌာန်းပြီး တစ်ပတ်အတွင်း ရှာဖွေဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည့်အတွက် ကော့သောင်း၊ မောတောင်၊ ဘုရားသုံးဆူ၊ မြဝတီ၊ တာချီလိတ် စသည့်ဝင်ပေါက်အသီးသီးမှနေ၍ ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများ သောင်းနှင့်ချီ၍ ပြန်လည်ဝင်ရောက်လာကြသည်။ ဇွန် ၃၀ ရက်က မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားအရေး ကျွမ်းကျင်သူများ အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ညှိနှိုင်းချက်များအရ ထိုင်းနိုင်ငံက နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲမှုဥပဒေသစ်ကျင့်သုံးမှုကို ရက်ပေါင်း ၁၂၀ ရွှေ့ဆိုင်းလိုက်သည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံ၏ ဥပဒေသစ်နှင့် စပ်လျဉ်း၍ အသိပညာပေးမှုများပြုလုပ်ခဲ့ပြီး တရားဝင်နေထိုင်ခွင့်ရရှိအောင်ဆောင်ရွက်ရန်၊ တရားဝင်နေထိုင်ခွင့်မရရှိသူများ၊ ဥပဒေနှင့် မညီညွတ်သူ၊ အထောက်အထားမဲ့အလုပ်လုပ်ကိုင်နေသူများ နေရပ်သို့ပြန်ရန် အသိပေးခဲ့ပြီးဖြစ်သည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြောကြားထားသည်။ ထို့ပြင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ မေတ္တာရပ်ခံစာပေးပို့ခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကတည်းက ထိုင်းနိုင်ငံသို့ တရားဝင်ရောတရားမဝင်ပါ ရောက်ရှိအသက်မွေးနေကြသည့် မြန်မာနိုင်ငံသားများမှာ လေးသန်းခန့်ရှိနေကြောင်း ခန့်မှန်းပြောကြားမှုများရှိနေပြီး ဥပဒေနှင့်မညီဘဲ အလုပ်လုပ်ကိုင်နေသူများက အများစုဖြစ်ကြောင်း ပြောကြားမှုများလည်းရှိနေရာ ထိုင်းကထုတ်ပြန်လိုက်သည့် ဥပဒေသစ်ကြောင့် ထိုင်းနိုင်ငံတွင်းရှိ မြန်မာအသိုင်းအဝိုင်းများအတွင်း ရိုက်ခတ်မှုများ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းသိရှိနိုင်သည်။ လတ်တလော သတင်းများအရ ထိုင်းအစိုးရက ဥပဒေသစ်ကျင့်သုံးမှုကို လေးလရပ်ဆိုင်းလိုက်သည့်တိုင်အောင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မှုများမှာ ဝင်လာမစဲတသဲသဲဖြစ်နေသကဲ့သို့ ဆက်လက်၍လည်း ဝင်ရောက်နေလိမ့်ဦးမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသူများ ၎င်းတို့၏နေရပ်များဆီသို့ လုံခြုံချောမွေ့စွာ ပြန်လည်ရောက်ရှိသွားနိုင်ရေး ကူညီပေးကြရန်နှင့် ထိုင်းနိုင်ငံသို့ပြန်လည်သွားရောက်၍ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေးအတွက်လည်း နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးရန် လိုမည်ဖြစ်သည်။ အဓိကအားဖြင့် မိမိနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများမြှင့်တင်ဖန်တီးပေးခြင်းကသာ ရွှေ့ပြောင်းအလုပ်သမားပြဿနာ လျော့ပါးရေးအတွက် မှန်ကန်သောအဖြေဟု ရှုမြင်ပါကြောင်း။ ။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၈၀ လက်မနှင့် မြောက်ဦးမြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အောင်လအန်ဆန်မှသည် ငြိမ်းချမ်းရေးအောင်ပွဲဆီသို့

❖ မြန်မာဆိုတဲ့စိတ်နဲ့
ကြည့်ခဲ့တဲ့ပွဲ၊ တစ်ခဲနက်အားပေး
သွေးတွေဆူပွက် ရင်ပွင့်ထွက်မတတ်
နှလုံးသွေးရပ်မျှ၊ အောင်လအန်ဆန်
ချန်ပီယံလုပွဲရဲရဲနီစွေး
သတ္တိသွေးကို၊ အလေးပြုပါကြောင်း
မြန်မာသူရဲကောင်း။

❖ အောင်လအန်ဆန်
မြန်လိုက်တဲ့လက်သီး၊ကြီးလိုက်တဲ့ မာန်ဟုန်
နည်းပေါင်းစုံထိုးနှက်၊ တိုက်ကွက်ချုပ်ကွက်တွေက
ကြက်သီးထလို့မဆုံး၊ တစ်ပွဲလုံးပဲ
အုန်းအုန်းကျွက်ကျွက်၊ တစ်ခဲနက်အားပေး
"သွေးကစကားပြော၊ စည်းလုံးသောပုံရိပ်"
"အဲ့ဒါ .... မျိုးချစ်စိတ်ပဲ"

❖ ကမ္ဘာ့ချန်ပီယံနဲ့ ၊ ထိုက်တန်တဲ့သူ
'အောင်လလိုလူတစ်ယောက်'
ပေါ်ပေါက်လာခြင်း၊ ဂုဏ်သတင်းကား
'မြန်မာအားလုံး၊ ဂုဏ်ယူမဆုံးသည့်'
'တိုင်းရင်းသားအားလုံး၊ ဂုဏ်ယူမဆုံးသည့်'
မြန်မာ၏အောင်ပွဲ၊ မြန်မာ့အောင်ပွဲတဲ့။

❖ အောင်လမှသည်. . . .
မြန်မာပြည်၏၊ လက်ရှိအနေအထား
ဆက်စဉ်းစားစို့ ၊ သွေးသားဟူသည်
မည်သည့်အခါမျှ၊ ပေးလို့မရဘူး
အရေးလည်းကြီး သွေးနီးမြဲပေ
နှစ်ပရိစ္ဆေဒ ၊ ကြာခဲ့ကြပြီ
မြန်မာပြည်၏၊ တည်ရှိအင်အား
တိုင်းရင်းသားတွေ၊ ရေမြေအလိုက်
စရိုက်ဘာသာ ၊ မည်မျှကွာလည်း
ငါသည်မြန်မာ ၊ အခိုင်အမာမှတ်ယူ
အတူယှဉ်တွဲ၊ ခိုင်မြဲသစ္စာ
အနှစ်ရာထောင်သောင်း. . .
ဘယ်တော့မှ မပြောင်းဘူး။

❖ "အောင်လကိုချစ်တာ၊ အမျိုးချစ်တာပဲ"...
သွေးကြောထဲမှာ အမြဲစီးဆင်း
သွေးချင်းတွေအကုန်၊ ပင်လုံ ၂၁
ငြိမ်းချမ်းရေးဖြစ်စဉ်ထဲ၊ ပါဝင်နွဲသော်
အောင်ပွဲရမည်၊ တို့ယုံကြည်၏။ ။

**ဟသ်ာတမြင့်ငွေ**

## မြန်မာ-တရုတ် ချစ်ကြည်ညီညွတ်ရေးအသင်း ဗဟိုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံစည်းဝေး

**မန္တလေး ဇူလိုင် ၃**

မြန်မာ-တရုတ် ချစ်ကြည်ညီညွတ်ရေးအသင်း ဗဟိုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁×၃၂လမ်းကြား ကမ်းနားလမ်းရှိ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဗဟိုဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က မြန်မာ-တရုတ်နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပညာတော်သင်များ၊ လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်သွားရေးတို့နှင့် အသင်း၏ ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ဦးပိုမြင့် (MUFL ပါမောက္ခချုပ်-ငြိမ်း)က အမှာစကားပြောကြားပြီး ဒုဥက္ကဋ္ဌ သီဟသုဓမ္မဇောတဓရ ဦးကျော်ဝင်းက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ မဖြစ်ပွားစေရန်၊ ခြင်အန္တရာယ်ကင်းဝေးစေရန် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းထွန်းနှင့် ဝန်ထမ်းများ ဇွန် ၂ ရက်က မြို့ပေါ် (၆) ရပ်ကွက်ရှိ စာသင်ကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်** တင်ထွန်းတာ(တပ်ကုန်း)



## သီပေါမြို့၌ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**သီပေါ ဇူလိုင် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ဥပတ္ထမ္ဘကအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်သူ မြို့နယ်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများ၏ သာသနာ့နွယ်ဝင်သီလရှင်များ ဆွမ်းဆန်တော်လောင်းလှူပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက သာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သာသနာရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားပြီး သာသနာ့နွယ်ဝင် ဝါဆိုသီလရှင်ဆရာကြီး ဆရာလေး ၄၆၂ ပါးတို့အား ငွေကျပ် ၅၉ သိန်းကျော်နှင့် ၂၈ သိန်းကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃-၇-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ . ၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ . ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၅၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နီပေါလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နီပေါဝန်ကြီးချုပ်ဟောင်းနှင့်အတူ Universal Peace Federation (UPF)မှ ဥက္ကဋ္ဌ Dr. Thomas G. Walsh, Ph.D နှင့် ကိုယ်စားလှယ်များ၊ နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Ek Nath Dhakal နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Bhim K. Udas တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 (၅၈၂၀) ပျက်ကျမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၃**

တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 (၅၈၂၀) ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုဖြစ်စဉ်သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ကြောင်း၊ အချိန်ကာလတိုအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမှာ အားလုံး၏တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ တနင်္သာရီဒေသရှိ ငါးဖမ်းစက်လှေများအပါအဝင် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီကြသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ စေတနာရှင် ပြည်သူများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကလည်း လှူဒါန်းငွေများစွာပေးအပ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် အသက်ဆုံးရှုံးသွားရသူအားလုံးအား လူတစ်ယောက်ချင်း၏ အသက်တစ်ချောင်းဆုံးရှုံးမှုဟု ယူဆပါကြောင်း၊ ဝိုင်းဝန်းကူညီ၍ ရေငုပ်ရှာဖွေရာတွင် သေဆုံးခဲ့ရသည့် ဦးစောနောင်ကိုပါ ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေပေးသည်နှင့်အမျှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်က ဇွန် ၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရက်အလိုက်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်စုစုပေါင်း ၁၃ စီး၊ ထူးထူးတိုးကုမ္ပဏီ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ခိုင်ဇင်ယော်ကုမ္ပဏီနှင့် ဦးမင်းဦးကုမ္ပဏီများမှ ဒေသခံငါးဖမ်းစက်လှေ ၂၆ စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တပ်မတော်(ရေ)မှ ရေငုပ်စစ်သည်များနှင့် အရပ်ဘက်ရေငုပ်အဖွဲ့များ၏ ပူးပေါင်းလုပ်ဆောင်ခဲ့မှုအခြေအနေများ၊ ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းများနှင့် ရုပ်အလောင်းများရှာဖွေတွေ့ရှိမှု၊ ဆယ်ယူပို့ဆောင်ပေးမှုအခြေအနေများ၊ လက်ရှိစစ်ရေယာဉ် ကိုးစင်း၊ ဒေသခံငါးဖမ်းစက်လှေ ရှစ်စင်း၊ ကျွမ်းကျင်ရေငုပ် အရာရှိ၊ စစ်သည် ၃၃ ဦးတို့ဖြင့် ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်မောင်မောင်ကျော်က တပ်မတော်လေယာဉ် Y-8 (၅၈၂၀) ၏သမိုင်းကြောင်းနှင့် ပျံသန်းအသုံးပြုမှုအခြေအနေများ၊ လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရေဒါများမှဖမ်းယူရရှိခဲ့သည့် မှတ်တမ်းများ၊ ဖြစ်စဉ်ဖြစ်ပွားချိန်တွင်ရှိသည့် မိုးလေဝသဂြိုဟ်တုနှင့် မိုးလေဝသရေဒါများကဖမ်းယူရရှိသည့် မိုးလေဝသအခြေအနေများ၊ မိုးတိမ်တောင်များအနီးတွင် ဖြစ်ပေါ်လေ့ရှိသည့် Downdraft ၏ သက်ရောက်မှုပုံစံများ၊ တပ်မတော်(လေ)မှ လေယာဉ်သုံးစင်း၊ ရဟတ်ယာဉ်နှစ်စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဇွန် ၁၈ ရက်တွင် Flight Data Recoder-FDR နှင့် Cockpit Voice Recoder – CVR တို့အား ဆယ်ယူရရှိခဲ့သည့်အခြေအနေများ၊ ဇွန် ၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ဆယ်ယူရရှိခဲ့သည့် လေယာဉ်အစိတ်အပိုင်း ၂၆၁ ခုအား လေယာဉ်ဦးပိုင်း (Nose Section)၊ လေယာဉ်ကိုယ်ထည်ပိုင်း (Middle Fuselage) နှင့် လေယာဉ်အမြီးပိုင်း (Rear Section) ခွဲခြား၍ စိစစ်မှတ်တမ်းထားရှိမှု အခြေအနေများ၊ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ တတိယအဖွဲ့အစည်းပါဝင်သည့် ပူးပေါင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ပျက်ကျလေယာဉ်တွင် ပါရှိသွားသည့် အရာရှိ၊ စစ်သည် မိသားစုများအတွက် လှူဒါန်းငွေများရရှိမှု၊ အမွေစားအမွေခံကိစ္စရပ်များနှင့် အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာရရှိရေး ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ကျန်ရစ်သူမိသားစုဝင်များ၏ နေရာချထားရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျန်ရစ်သူမိသားစုဝင်များကို ရသင့်သည့်ခံစားခွင့်များ အပြည့်အဝဆောင်ရွက်ပေးရေးနှင့် ထောက်ပံ့ပေးမှုများအား နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ပြည့်စုံစွာ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ပင်လယ်ပြင်ရာသီဥတု သတင်းဖော်ပြချက်များကို ရယူ၍ ယင်းအချက်အလက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ အန္တရာယ်ကင်းရှင်းစွာဖြင့် ဖြစ်နိုင်သည့် နောက်ဆုံးအခြေအနေအထိ ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 (၅၈၂၀) ပျက်ကျခဲ့မှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၃** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ရာဇဝတ်အထူးအယူခံမှု လေးမှုအား စုံညီခုံရုံး၌ကြားနာ



**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဦးကိုကိုအောင်ကို မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

***ရွှေဖုံးမှ**

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူကာ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများကို အလှူရှင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် ရွှေကျောင်းကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ဇေဝီသတိမ (၂၁)ကြိမ်မြောက် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# သီတဂူအဘိဓဇမဟာရဋ္ဌဂုရုပူဇာသဘင်အခမ်းအနားကျင်းပ

**သဲကုန်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ခန်းမ၌ သဲကုန်းမြို့နယ်သူ မြို့နယ်သားများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်၊ စေတနာရှင်များ ဦးစီးကျင်းပသော သီတဂူအဘိဓဇမဟာရဋ္ဌဂုရုပူဇာသဘင်အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရနှင့် ပင့်ဖိတ်ထားသော သံဃာတော်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ဌာနဆိုင်ရာများ၊ သဲကုန်းမြို့နယ် ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ရပ်နီးရပ်ဝေးမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီး ဆရာတော် ဦးဝဏ္ဏိတမဟာထေရ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခြင်း၊ ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျက ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းအားဖတ်ကြားခြင်း၊ သီတဂူတပ်အလယ်ကျောင်း ဆရာတော် ဦးဝေဒါနန္ဒာ လင်္ကာရက ထေရဂုဏထုတိပူဇာဂါထာတော်ဖြင့် ပူဇော်ခဲ့ သည်။ ထို့နောက် အလှူရှင် ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇူလိုင် ၃**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သုတေသနဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သုတေသနဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် ညနေပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် အကျိုးထိရောက်မှု အရှိဆုံးဖြစ်စေရန် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံချက် အောင်မြင်ရန်အတွက် လုပ်ငန်းစီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ နည်းပညာ၊ လိုအပ်သော ပစ္စည်းထောက်ပံ့မှု စသည်တို့သည် ထပ်တူထပ်မျှ အရေးပါသည့် အရာများဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်များ မြှင့်တင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော အကျိုးရလဒ်များရရှိနိုင်ရန် ကောင်းစွာပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ နီးနွယ်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန် ရန်ပုံငွေထောက်ပံ့ပေးနိုင်ရန်အတွက် သုတေသနအဆိုပြုလွှာများ စတင်ပေးပို့နိုင်သည့် အကြောင်းအရာများ၊ ပေးပို့ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ပံ့ပိုးပေးမည့်အစီအစဉ်များကိုပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် လျော်ညီသော၊ အသုံးဝင်ထိရောက်သော၊ အရည်အသွေးပြည့်မီသော သုတေသနလုပ်ငန်းများကို ရွေးချယ်ထောက်ပံ့နိုင်ရန်အတွက် သုတေသနအဆိုပြုလွှာများကို ရှုထောင့်ပေါင်းစုံမှ သုံးသပ်၍ ရွေးချယ်ထောက်ပံ့နိုင်မည့် အဖွဲ့အား ဇွန် ၂၃ ရက်က ဖွဲ့စည်းခဲ့သည်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် သန်း ၁၀၀၀ (တစ်ဘီလီယံ)ကို လျာထားအသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အထောက်အထားမဲ့ မြန်မာအလုပ်သမား ၁၉၄ ဦး ကော့သောင်းနယ်စပ်ဂိတ်မှ တတိယအသုတ် ပြန်လည်ဝင်ရောက်

**ကော့သောင်း ဇူလိုင် ၃**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား ၁၉၄ ဦးသည် ဇူလိုင် ၃ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ တတိယသုတ်အဖြစ် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားဦးရေ ၄၀၀ ကျော်ရှိပြီဖြစ်ရာ အလုပ်သမားများနေထိုင်ရာဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူးနှင့် ရခိုင်ပြည်နယ်တို့သို့ ကော့သောင်းမြို့ မော်တော်ယာဉ်လိုင်းများမှ ခရီးစဉ်အလိုက် မော်တော်ယာဉ်စီးနင်းခနှုန်းထားများအား မူလဈေးနှုန်းမှ ထက်ဝက်လျှော့ပေါ့ကူညီပို့ဆောင်ပေးပြီး ငွေကြေးမတတ်နိုင်သည့် အလုပ်သမားများအား ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မော်တော်ယာဉ်စီးနင်းခများအား ဖြည့်ဆည်းကူညီ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း)နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးအတွေ့အကြုံများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက် ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr.Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း)တို့ တွေ့ဆုံဆွေးနွေးစဉ်**

(သတင်းစဉ်)

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့အနေဖြင့် ကလေးစာပေပွဲတော်များကို ကျင်းပပေးလျက်ရှိရာ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ပြည်သူများက ကြိုဆိုကြပါကြောင်း၊ ကလေးစာပေပွဲတော်သည် ကလေးများကို စာပေဖြင့် စတင်မိတ်ဆက်ခြင်း ဖြစ်ပါကြောင်း၊ ထို့အတူ လူငယ်များအတွက်လည်း လူငယ်ဆိုင်ရာပွဲတော်များကို ကျင်းပပေးရန်ရှိပါကြောင်း၊ လူငယ်များသည် အနာဂတ်တိုင်းပြည်၏ ကံကြမ္မာ အကောင်းအဆိုး ဖန်တီးရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် ယခုပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပရခြင်းမှာ လူငယ်များ ကျင်လည်ရာ တက္ကသိုလ်နယ်မြေတွင် ပျော်ရွှင်ဖွယ်၊ စိတ်အားတက်ကြွဖွယ် ပွဲလမ်းတစ်ခု ဖန်တီးပေးနိုင်ရန်၊ လူငယ်များအနေဖြင့် နှစ်ကာလကြာပြီးနောက် ယခုပွဲတော်ကို ပြန်လည်ပြောဆိုစရာ အတွေ့အကြုံတစ်ခုအဖြစ် အမှတ်တရကျန်ရှိစေရန်၊ ကျောင်းသား ကျောင်းသူလူငယ်များ လမ်းမှားမရောက်စေဘဲ ကျန်းမာသန့်ရှင်းသည့် ဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်စေရန်၊ အများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာဝင်းမြတ်အေးတို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကျင်းပရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဆိုင်ရာ စီမံချက်မူကြမ်းကို ရှင်းလင်းတင်ပြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြခန်းခင်းကျင်းပြသခြင်း၊ ဖျော်ဖြေရေးနှင့် ပြပွဲများကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လူငယ်ဖွံ့ဖြိုးရေးပွဲတော်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ အချင်းချင်းမျှဝေပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းများအား လူငယ်များ၏ အတွေးအခေါ်များဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ပြည်သူ့အားကိုပေါင်းစပ်၍ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ထူးချွန်အမျိုးသမီးများဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**




ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အမျိုးသမီးများ၏အခွင့်အရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုမရှိစေရေးတို့ကို နိုင်ငံတော်က တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကို ပြည်သူ့အစိုးရအဖွဲ့သစ်၏ မူဝါဒများနှင့်အညီ ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး မိမိကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ အခွင့်အရေး အပြည့်အဝရရှိခံစားနိုင်စေရန် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၃-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမငါးနှစ်ကာလ ပြီးဆုံးတော့မည်ဖြစ်ပြီး ဒုတိယငါးနှစ်ကာလအတွက် လုပ်ငန်းအကောင်အထည်ဖော်ရေး စီမံချက်ရေးဆွဲရာတွင် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး တိုက်ရိုက်အကျိုး ဖြစ်ထွန်းစေမည့် အစီအစဉ်များဖြစ်ရန် အရေးကြီးကြောင်း၊ ထိုအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များရေးဆွဲရာတွင် အမျိုးသမီးအဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ လိုအပ်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်တားဆီးကာကွယ်ရေး ဥပဒေကိုလည်းမကြာမီ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒအရ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသူများ၏ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကယ်ဆယ်ရေးစခန်းများမှ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထို့ပြင် ကျေးလက်တောရွာနေ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက်လည်း အထူးစီမံချက်များဖော်ဆောင်ပေးဖို့ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအဖွဲ့အစည်းများက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များတွင်ပါဝင်သော ရည်မှန်းချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အင်အားကို အခြားအမျိုးသမီးရေးရာအဖွဲ့အစည်းများ၏ အင်အားများနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲကာဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ စာတမ်းများအား ပြခန်းကိုလှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နေသော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)၊ မျိုးဇေယျာ(ပျဉ်းမနား)**

# တစ်ကြောင်းတည်းသောလမ်း

## အောင်ဘ (OKPO)

**ရည်မှန်းချက်၊ ပန်းတိုင်**

ဗုဒ္ဓဘာသာဝင်တိုင်း၏ ရည်မှန်းချက်ပန်းတိုင်မှာနိဗ္ဗာန်ပင်ဖြစ်သည်။ "မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရရပါလို၏အရှင်ဘုရား၊ ရောက်ရပါလို၏ အရှင်ဘုရား၊ နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရရပါလို၏ စသည်ဖြင့် အမြဲတမ်း ဆုတောင်းနေကြပေသည်။ နိဗ္ဗာန်သို့ရောက်ရန်မှာ ဆုတောင်းနေရုံမျှဖြင့် မရနိုင်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် လမ်းစဉ်အတိုင်း ဝိပဿနာတရားများကို ကျင့်ကြံပွားများ အားထုတ်မှသာလျှင် ရရှိ၊ ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

**သီလ**

ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်တော့မည်ဆိုလျှင် အရေးကြီးသည်မှာ ကိုယ်ကျင့်သီလကို ရှေးဦးစွာဆောက်တည်ရမည်။ ကိုယ်ကျင့်သီလရှိလျှင် ပုဂ္ဂိုလ်တစ်ယောက်သည် **အနဝဇ္ဇသုခ** အပြစ်ကင်းသော ချမ်းသာကိုရရှိနိုင်သည်။

ငါးပါးသီလဆိုသည်မှာ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ခြင်း။ သူများဥစ္စာမတရားယူခြင်းမှ ရှောင်ခြင်း။ သူတစ်ပါး သားမယားပြစ်မှားခြင်းမှ ရှောင်ခြင်း။ လိမ်လည်ပြောခြင်းမှ ရှောင်ခြင်း။ အရက်သေစာ သောက်စားခြင်းမှ ရှောင်ခြင်း။ ယင်းသီလကို သာမန်ဟု မအောက်မေ့လေနှင့်။ ဝိပဿနာကျင့်ရန်အတွက် အများကြီးအထောက်အကူပြုသည်။

သီလဆိုသည်မှာ ယခုဆောက်တည်ပြီး ယခုမချိုးဖောက်မချင်း ယင်းသီလသည် ကိုယ်မှာပြည့်စုံနေသည်ဟု ဆိုသည်။ ကိုယ်ဆောက်တည်ထားသည့် သီလလုံခြုံနေသည် ကို တွေးကြည့်လိုက်လျှင် စိတ်နှလုံး ကြည်သာလာသည်။ **အဝိပ္ပဋိသာရ** ဟုခေါ်သည်။

စိတ်နှလုံးကြည်သာသွားလျှင် **ပါမောဇ္ဇ** ဝမ်းမြောက်မှုဖြစ်သည်။ ဝမ်းမြောက်လျှင် နှစ်သက်မှု **ပီတိ**ဖြစ်သည်။ ပီတိဖြစ်လျှင် **ပဿဒ္ဓိ** ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းမှုတွေဖြစ်လာသည်။ ကိုယ်စိတ်ငြိမ်းချမ်းလျှင် **သုခ** နေလို့ထိုင်လို့ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုများရသည်။ စိတ်ချမ်းသာလျှင် **သမာဓိ** စိတ်ကလေးသည် တည်ငြိမ်လာသည်။ တည်ငြိမ်လာလျှင် **ယထာဘူတဉာဏဒဿန** အမှန်အတိုင်း သိသည် မြင်သည်ဆိုသည့် အသိဉာဏ်မျိုးရလာသည်။

ထို့ကြောင့် သီလသည် ကမ္မဋ္ဌာန်းအားထုတ်သူအတွက် ကြီးမားသော အထောက်အကူ ဖြစ်စေပါသည်။

**ကိလေသာ**

ကိလေသာသည် စိတ်ကို ညစ်ညူးပူပန်စေတတ်သော တရားဖြစ်သည်။ ကိလေသာ(၁၀)ပါးရှိ၏-

(၁) လောဘ - လိုချင်တပ်မက်ခြင်း
(၂) ဒေါသ - အမျက်ဒေါသထွက်ခြင်း
(၃) မောဟ - တွေဝေခြင်း
(၄) မာန - ထောင်လွှားခြင်း
(၅) ဒိဋ္ဌိ - အယူမှားခြင်း
(၆) ဝိစိကိစ္ဆာ - တွေးတောယုံမှားခြင်းသဘော။
(၇) ထိနမိဒ္ဓ - ထိုင်းမှိုင်းခြင်း၊ ငိုက်မျည်းခြင်း။
(၈) ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်ခြင်း။
(၉) အဟိရိက - မကောင်းမှုလုပ်ရန် မရှက်ခြင်း။
(၁၀) အနောတ္တပ္ပ - မကောင်းမှုလုပ်ရန် မကြောက်ခြင်းတို့ဖြစ်၏။

ကိလေသာကင်းစင်ပါက နိဗ္ဗာန်သို့ ရောက်ရှိမည်ဖြစ်သည်။ နိဗ္ဗာန်သို့ရောက်ရှိရန် သောတပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့ကို အဆင့်ဆင့်ကျော်ဖြတ်ရမည်။ အဆင့်ကျော်၍ မရနိုင်။ အောက်ဆုံးအဆင့် သောတာပန်ဖြစ်ရန်အတွက် ကိလေသာ ၁၀ ပါးအနက်မှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကို ပယ်သတ်ရပေမည်။

**ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ**

မိစ္ဆာဒိဋ္ဌိအမျိုးအစား ၆၂ ပါးရှိ၏။ ယင်း ၆၂ ပါးတို့ကို ချုံ့လိုက်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဤ(၃)မျိုးတွင် အကုန်အကျုံးဝင်သည်။

(၁) သဿတဒိဋ္ဌိ = ခိုင်သည်၊ မြဲသည်ဟု ယူဆသောဒိဋ္ဌိ၊
(၂) ဥစ္ဆေဒဒိဋ္ဌိ = ပျက်စီးပြီးလျှင် လုံးဝပြတ်သွားသည်ဟု ယူဆသောဒိဋ္ဌိ၊
(၃) သက္ကာယဒိဋ္ဌိ = အစစ်အမှန်ရှိသော သက္ကာသအပေါ်၌ အစစ်အမှန်မရှိသော ပညတ်များတင်စား၍ ထင်ရှားနေသောဒိဋ္ဌိ။

**နိဗ္ဗာန်သို့ရောက်ရန်မှာ ဆုတောင်းနေရုံမျှဖြင့် မရနိုင်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် လမ်းစဉ်အတိုင်း ဝိပဿနာတရားများကို ကျင့်ကြံပွားများ အားထုတ်မှသာလျှင် ရရှိ၊ ရောက်ရှိနိုင်မည် ဖြစ်ပေသည်**

ဝိစိကိစ္ဆာသည် ယုံမှားသံသယဖြစ်ခြင်း သဘောဖြစ်ပေသည်။ သောတာပန်သည် ဘုရားပေါ်မှာ မတုန်မလှုပ်ယုံကြည်သည်။ တရားအပေါ်မှာ မတုန်မလှုပ်ယုံကြည်သည်။ သံဃာတော်အရှင်သူမြတ်များအပေါ်မှာ မတုန်မလှုပ်ယုံကြည်သည်။

ထိုဘုရားသာသနာမှာသာ မဂ္ဂင်ရှစ်ပါးအကျင့်ဆိုတာရှိသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဆိုတာရှိသည်။ ယုံမှားသံသယ လုံးဝမရှိတော့ပေ။

**နှစ်လုံးသွင်းရန် ရုပ်နှင့်နာမ်**

ဝိပဿနာကျင့်စဉ်ကျင့်သည့်အခါ ဘာကိုနှလုံးသွင်းရမှာလဲဆိုလျှင် ကိုယ့်သဏ္ဍာန်မှာရှိသည့် ခန္ဓာငါးပါးရှိသည်ဆိုတာ သိထားရမည်။ အကျဉ်းချုပ်ပြောရလျှင် ရုပ်နာမ်နှစ်ခုရှိသည်။ အဲ့ဒီ ရုပ်နာမ်နှစ်ပါးဆိုသည်ကို သိရမည်။

အကြမ်းဖျင်းမှတ်မည်ဆိုလျှင် "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ ဆိုသည် ရုပ်တရားကြီး" အဲ့ဒီရုပ်တရားပေါ်မှာ မှီပြီးတော့ ဖြစ်ပေါ်လာတတ်သည့် "အာရုံကို ရယူတတ်တဲ့ ယှဉ်ဘက် စေတသိက်တို့နဲ့တကွ အသိစိတ်ကိုတော့ နာမ်တရား"ဟု ခေါ်သည်။

ကိုယ့်ဘာသာကိုယ် ဆင်ခြင်စဉ်းစားကြည့်သင့်သည်။ ယခုထိုင်နေသည့်အချိန်မှာ သိနေသည်က စိတ်ကလေးက သိသည်။ ရုပ်ခန္ဓာကိုယ်ကြီးက ငါထိုင်နေတာပါလားလို့ မသိ ဘူး။ သိနေတာက နာမ်တရား။ မသိတာက ရုပ်တရားလို့ အကြမ်းဖျင်းအားဖြင့် ခွဲလို့ ရသည်။ အဲ့ဒီအခါ လူတွေရဲ့သန္တာန်မှာ ဒီရုပ်နှင့် နာမ်နှစ်မျိုးပဲရှိသည်။

**တစ်ကြောင်းတည်းသောလမ်း**

မြတ်စွာဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများဖြည့်ကျင့်ပြီးသည့်နောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ညတွင် သမ္မာသဗ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ယင်းနောက် ဝါဆိုလပြည့်နေ့ ညနေချမ်းညဦးယံအချိန်တွင် ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦး ဓမ္မစကြာသုတ်တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

**အယံခေါ သာဘိက္ခဝေမဇ္ဈိမာပဋိပဒါ**
**တထာဂတေနအဘိသမ္ဗုဒ္ဓါ စက္ခုကရဏီဉာဏကရဏီ**
**ဥပသမာယအဘိညာယသမ္ဗောဓာယနိဗ္ဗာနာယ သံဝတ္တတိ။**

ဘိက္ခဝေ - ရဟန်းတို့၊ တထာဂတေနအဘိသမ္ဗုဒ္ဓါ - သင်တို့ဆရာ ငါဘုရားသိလာပြီဟုဆိုသော စက္ခုကရဏီဉာဏကရဏီ - ပညာမျက်စိနှင့် အသိဉာဏ်ကို ပြုတတ်ဖြစ်စေတတ်သည်ဟု ဆိုသော၊ ဥပသမာယအဘိညာယသမ္ဗောဓာယနိဗ္ဗာနာယသံဝတ္တတိ - ကိလေသာငြိမ်းရန် အထူးသိရန် ထိုးထွင်း၍သိရန် ဆင်းရဲခပ်သိမ်းငြိမ်းရန်အလို့ငှာ ဖြစ်စေသည်ဟုဆိုသော သာမဇ္ဈိမပဋိပဒါ - ထိုအလယ်လမ်းအကျင့်သည် အယံခေါ - အရိယာမဂ္ဂင်ရှစ်ပါးပင်တည်း။

မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောခြင်း၊ မှန်စွာပြုလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာသတိရခြင်း၊ မှန်စွာစူးစိုက်တည်ကြည်ခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အရိယမဂ်ပင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကို ကြည့်လျှင် သမ္မာဒိဋ္ဌိ မှန်မှန်ကန်ကန်မြင်ရမည်၊ အမြင်မှန်ရှိရမည်။ သမ္မာဒိဋ္ဌိလို့ ဆိုလိုက်သဖြင့် ဝိပဿနာကျင့်စဉ်တစ်ရပ်ကို မြတ်စွာဘုရားက ထုတ်ဖော်ပေးခြင်း ဖြစ်သည်။

ရုပ်နာမ်ဓမ္မ သင်္ခါရများကို ရုပ်တရားများကို ရုပ်တရားဟု မြင်သည်။ နာမ်တရားများကို နာမ်တရားဟု မြင်သည်။ သဘာဝ လက္ခဏာရှုထောင့်မှ ကြည့်ပြီး မြင်သဖြင့် ခါတိုင်းမြင်သည့် ပုဂ္ဂိုလ်သတ္တဝါဆိုသည်မှာမျိုးမရှိတော့ဘဲ တကယ်ရုပ်နှင့် နာမ် နှစ်မျိုးသာဆိုသည့် အစစ်အမှန်ကို စပြီးမြင်ခြင်းသည် သမ္မာဒိဋ္ဌိပဲ။

ယခုလို မှန်မှန်ကန်ကန်မြင်ရန်အတွက် ဘယ်သူကအထောက်အကူပြုတုန်းဆိုလျှင် မှန်မှန်ကန်ကန်တွေးတောမှုက အထောက်အကူပြုပါသည်။ အဲ့ဒီ နှစ်ခုက ဦးဆောင်ပြီး သွားမှာဖြစ်သည့်အတွက်ကြောင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို မဇ္ဈိမပဋိပဒါမှာ ဦးဆောင်အင်္ဂါရပ်အဖြစ် မြတ်စွာဘုရားရှင်က ရှေးဦးစွာဟောကြားတော်မူခဲ့ပါပေသည်။

မဂ္ဂင်ရှစ်ပါးမှာ အမှန်မြင်၊ အမှန်တွေးမှုအပေါ်မှာ အခြေခံပြီးတော့ လုပ်ရမှာက ကိုယ်ကျင့်သီလပဲ။ နှုတ်ကို စောင့်စည်းတယ် - သမ္မာဝါစာ ။ ကိုယ်ကိုစောင့်စည်းတယ်- သမ္မာကမ္မန္တ ။ မှန်ကန်တဲ့အသက်မွေးမှုနှင့် အသက်မွေးဝမ်းကျောင်းပြုသည်။ သမ္မာအာဇီဝ ။ စိတ်ဓာတ်ကို ကြည်နူးစေတဲ့ သီလအကျင့်တရားပေါ်မှာ အခြေခံပြီး ကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။

ကြိုးပမ်းအားထုတ်မှုက သမ္မာဝါယာမ၊ ကြိုးပမ်းအားထုတ်သည့်အခါ လုပ်တိုင်းလုပ်တိုင်း သတိထားသည်က သမ္မာသတိ၊ သတိထားပြီးတော့ စိတ်ကလေးငြိမ်အောင် ဖြစ်စေသည်က သမ္မာသမာဓိဖြစ်သည်။ အဲ့ဒီလို မဂ္ဂင်ရှစ်ပါးကို အားလုံးပေါင်းစည်းပြီးတော့ အလုပ်လုပ်ရန်အတွက် မြတ်စွာဘုရားရှင်က မဇ္ဈိမပဋိပဒါကို အင်္ဂါရပ်ရှစ်ရပ်ဖြင့် ဖွဲ့စည်းပြီး ပေးထားခြင်းဖြစ်သည်။ လက်တွေ့ကျင့်သုံးရန် ပြောမည်ဆိုလျှင် မဇ္ဈိမပဋိပဒါဆိုသည် သမထကျင့်စဉ်နှင့် ဝိပဿနာကျင့်စဉ်ကို အကျဉ်းချုပ်ပြောပြခြင်း ဖြစ်သည်။

ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ညွှန်သောလမ်းကို မဂ်လမ်းဟုခေါ်သည်။ အစွန်းနှစ်ဖက်ကို ဖယ်ရှားသော လမ်းလည်းဖြစ်သည်။

ပထမအစွန်းမှာ ယုတ်ညံ့သော သာမန်လူတို့၏ အလေ့ဖြစ်သော အကျိုးမရှိသော ကာမဂုဏ်အာရုံကို လိုက်စားမြူးထူးပျော်ပါးခြင်းအားဖြင့် ချမ်းသာကို ရှာဖွေခြင်းဖြစ်သည်။

ဒုတိယအစွန်းမှာ ဆင်းရဲခြင်းကို ဖြစ်စေသော အရိယာသူတော်ကောင်းတို့နှင့် မထိုက်တန်သော မဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် အကျိုးကျေးဇူးမရှိသော မိမိကိုယ်ကို နှိပ်စက်ညှဉ်းဆဲ၍ ကြိုးပမ်းအားထုတ်ရသော ကျင့်စဉ်အမျိုးမျိုးအားဖြင့် ချမ်းသာမှုကို ရှာဖွေသောနည်းဖြစ်သည်။

ဤအစွန်းနှစ်ပါးသည် အချည်းအနှီး၊ အကျိုးမရှိ၊ မဂ်ဖိုလ်ရရန် နည်းမှန်လမ်းမှန်၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ သိရှိတော်မူသော ဗုဒ္ဓမြတ်စွာသည် ထိုအစွန်းနှစ်ပါးမှ လွတ်သော နိဗ္ဗာန်သို့ ညွှန်ပြသော အလယ်လမ်းမှန်ကို ကိုယ်တော်တိုင် တွေ့ရှိခဲ့ပေသည်။ ထိုလမ်းသည်ကား အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ပန်းတိုင်သို့ရောက်ရှိရန် တစ်ကြောင်းတည်းသော လမ်းပင်ဖြစ်ပေသည်။

# ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် မြို့သစ်စီမံကိန်း တည်ဆောက်နိုင်ရန်စီစဉ်

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြစ်၏ တစ်ဖက်ကမ်းတွင် ရန်ကုန်မြို့သစ်စီမံကိန်းကို တည်ဆောက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ဇွန် ၂ ရက်က ကျင်းပသော မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်စည်ပင်ယာသာ နယ်နမိတ်အတွင်း၌ ပါဝင်သော မြို့နယ် ၃၃ မြို့နယ်အား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိပြီး ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် ရန်ကုန်ဘက်အခြမ်းမှ ဒလဘက်အခြမ်းသို့ ဆက်သွယ်သည့် တံတားတစ်စင်းတည်ဆောက်ရန် စီမံကိန်းလုပ်ငန်းများ စတင်နေကြောင်း သိရသည်။



အထူးစီးပွားရေးဇုန်တည်ဆောက်မှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ပြောကြားရာတွင် "ဒလမြို့ရဲ့တစ်ဖက်ကမ်းကို ရန်ကုန်အထူးစီးပွားရေးဇုန် တည်ဆောက်နိုင်ဖို့အတွက် အကြိုလေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။တကယ်လို့ ရန်ကုန်မြစ်ရဲ့တစ်ဖက်ကမ်း ဒလဘက်အခြမ်းမှာ ရန်ကုန်အထူးစီးပွားရေးဇုန်ကြီးကို တည်ဆောက်နိုင်မယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ကိုတင်ပြဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တကယ်လို့သာ အထူးစီးပွားရေးဇုန်ကြီး တည်ဆောက်နိုင်ခဲ့ပြီဆိုရင် သီလဝါတစ်ဖက်ကမ်းဘက်အခြမ်းမှာ ရန်ကုန်အထူးစီးပွားရေးဇုန်ကြီး ပေါ်ထွန်းလာဖို့ ရှိပါတယ်။ ပေါ်ထွန်းလာဖို့အတွက်လည်း လေ့လာဆန်းစစ်မှုတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က "အထူးစီးပွားရေးဇုန်တွေဟာ အခွင့်အလမ်း ပိုမိုအားကောင်းပါတယ်။ နိုင်ငံခြားကနေ တင်သွင်းလာတဲ့ပစ္စည်းတစ်ခုကို နိုင်ငံတကာကို ပြန်ထုတ်မယ်ဆိုရင် အထူးစီးပွားရေးဇုန်ဟာ အခွန်ဆောင်စရာ မလိုပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်း တစ်နေရာကို တင်သွင်းလာခဲ့တဲ့ ပစ္စည်းအားလုံးကို ပြည်ပကို ပြန်ထုတ်မယ်ဆိုရင် လုပ်ထုံးလုပ်နည်းများ အလွန်ရှုပ်ထွေးပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်မှာ အထူးစီးပွားရေးဇုန်တစ်ခု တည်ဆောက်နိုင်ဖို့ မျှော်မှန်းထားပါတယ်" ဟု ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့သည် ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်း သုံးခုဆုံရာနေရာတွင် တည်ရှိနေသော်လည်း ရေကြောင်းအသုံးပြုနိုင်မှု အားနည်းနေသေးကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသည် အင်္ဂလိပ်လက်ထက်မှ ဆောက်လုပ်ထားသော ဆိပ်ကမ်းများသာဖြစ်ကြောင်း သိရသည်။ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပြီး ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များတွင် ၂၄ နာရီ လေယာဉ်အတက်၊ အဆင်းပြုလုပ်နိုင်သော လေဆိပ်သစ်တစ်ခု တည်ဆောက်နိုင်ရန် လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်မြို့သစ်တည်ဆောက်ရေးစီမံကိန်းကို ယခုနှစ်မိုးရာသီအကုန်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ကုမ္ပဏီပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# ယနေ့အထိ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အဖွဲ့အစည်းဦးရေ ၅၃၈၁ ဦးအား ဧရိယာဧက ၂ ဒသမ ၃၃ သန်းကျော်ကို လုပ်ကိုင်ခွင့်ပြု

နေပြည်တော် ဇူလိုင် ၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုနှင့် ဥပဒေကြမ်းတစ်ခုအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**

ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ **ရောဝတီတိုင်းဒေသကြီး အသုတ်မြို့မှ ရခိုင်ပြည်နယ် ဂွမြို့သို့သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ 66/11 KVA (5)MVA မှ မည်သည့်အချိန်တွင် စတင်မီးလင်းမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရခိုင်ပြည်နယ် ဂွမြို့သို့လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် အသုတ်မြို့ရှိ ၂၃၀ ကေဗွီဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ (အသုတ်-ဂွ ဓာတ်အားလိုင်း) ၅၄ ဒသမ ၆၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ စီမံကိန်းတစ်ခုလုံးအတွက် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် သန်းပေါင်း ၁၁၁၈၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ငသိုင်းချောင်းမြို့နယ် ဝဝန်မြစ်ကျော် ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒေသခံများ၏ ကန့်ကွက်မှုများကြောင့် အနည်းငယ်နှောင့်နှေးကြန့်ကြာခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ယခုအခါ ရောဝတီတိုင်းဒေသကြီးအစိုးရ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် မြစ်ကျော် ကြိုးဆွဲခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ဂွမြို့နယ်တွင်းရှိ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းများကို ဓာတ်အား ပို့လွှတ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့နှင့် ယခုဗဟိုကော်မတီအဖွဲ့တို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်အသုံးပြုခွင့် ကေပေါင်းမည်မျှပေးထားသည်ကို သိလိုခြင်း၊ လုပ်ပိုင်ခွင့်အသုံးပြုခွင့် ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်း ရှိ၊ မရှိနှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များ နှစ်စဉ်ကောက်ခံရရှိခြင်း ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ယနေ့အထိ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အဖွဲ့အစည်းဦးရေ ၅၃၈၁ ဦးအား ဧရိယာဧက ၂ ဒသမ ၃၃ သန်းကျော်ကို လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း။

ဗဟိုကော်မတီသည် ပုဒ်မ ၈ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြု မိန့်ထုတ်ပေးရမည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေး အပြည့်အဝရရှိပြီးမှသာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများသည် ယင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသောမြေများအတွက် မြေခွန်ကို သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့်မြေခွန် ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့မှစ၍ တစ်နှစ်လျှင်တစ်ကြိမ် ဥပဒေပါနှုန်းထားအတိုင်းပေးသွင်းစေရန်အတွက် ဦးစီးဌာနများကို စည်းကြပ်ကောက်ခံရန် ညွှန်ကြားထားပါကြောင်း၊ သတ်မှတ်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးနောက် ကောက်ခံရရှိလာမည့်မြေခွန်များကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအဖြစ် ထည့်သွင်းဆောင်ရွက်သွားနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ကောက်ခံပေးသွင်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပစဉ်

ထို့ပြင် သာစည် မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ) ဦးပေါ်ခင်တို့၏ မေးခွန်းများကိုလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း** အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အသက်ကန့်သတ်ချက်အား သတ်မှတ်ပေးရန် အစီအစဉ် မရှိ

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းနှစ်ခု တင်သွင်းခြင်း တို့ကို ဆောင်ရွက်ကြသည်။



အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပစဉ်

အစည်းအဝေးတွင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **မြန်မာ့ဦးပိုင်ကုမ္ပဏီမှ သိမ်းယူထားပြီး မြဝတီဘဏ်ခွဲဖွင့်လှစ်ထားသော MAYO Marine Club အဆောက်အအုံဟောင်းနှင့် မြေအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် (Myanmar Seafarers Federation-MSF) သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆောက်အအုံဟောင်းနှင့် မြေသည် ရေတပ်ပင်မ တိုင်းတာရေးတပ် (နေရာဟောင်း)၏ တပ်ပိုင်မြေ ၁ ဒသမ ၃၆ ဧကအတွင်း ပါဝင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် တပ်မြေကာကွယ်ရေးဌာန တပ်မတော်(ရေ) အမည်ဖြင့် မြို့မြေစာရင်းတွင် မှတ်သားထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်အနေဖြင့် အဆောက်အအုံအား မူလပုံစံမပျက်ထားရှိပြီး ကုန်သွယ်မှုလုပ်ငန်းများဌာနကြီး၊ မြဝတီထရေးဒင်းလီမိတက် (ရုံးချုပ်)၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီး၊ လန်းပြီ ပင်လယ်ရေကြောင်း ကုမ္ပဏီလီမိတက်(ရုံးချုပ်)နှင့် မြဝတီဘဏ်လီမိတက် (ဗိုလ်အောင်ကျော်ဘဏ်ခွဲ) တို့အား ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် အဆောက်အအုံဟောင်းနှင့် မြေနေရာသည် ရေတပ်ပင်မတိုင်းတာရေးတပ် (နေရာဟောင်း)၏ မြေနေရာဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တပ်ပိုင်မြေအဖြစ် မှတ်သားထားခြင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ဘဏ်လုပ်ငန်းနှင့် ပင်လယ်ရေကြောင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့်အတွက် ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရေးအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးအတွက် နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာတွင် အသက် ၂၅ နှစ်ထက် မကျော်လွန်ရဟူသော ကန့်သတ်ချက်အား ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဝန်ထမ်းတစ်ဦးကိုဖွဲ့စည်းပုံရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ၌ ဝန်ထမ်းသည် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ဝန်ထမ်းအဖြစ်စတင်ခန့်ထားနိုင်သည် အသက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှ တစ်ပါး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် အခြားကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း၊ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် အသက်ကန့်သတ်မှုကို တစ်ပြေးညီ သတ်မှတ်မည်ဆိုပါက မျိုးဆက်သစ်အရာထမ်းငယ်များ မွေးမြူပျိုးထောင်သည့်စနစ်ကို မဖော်ဆောင်နိုင်သည့် အနေအထားများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ခြင်းထက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းမှ လက်ရှိအခြေအနေကို သုံးသပ်၍ သတ်မှတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အသက် ကန့်သတ်ချက်အား သတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးတို့၏မေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးတို့က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **တာတမံ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာမျိုးအောင်က ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)** အား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ဇူလိုင် ၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်းကြေညာသည်။

**သူရဇော်၊ မွေးကြူဇင် (သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၅ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုင်းမောင်ပွင့် တန့်ယန်းမဲဆန္ဒနယ်၏ မိတ်ဆွေ နှစ်ဦး၊ ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်၏ မိတ်ဆွေ သုံးဦး၊ စစ်ကိုင်း တက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနိုင်မျိုးလွင် ခေါင်းဆောင်သော အုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူ ၈၈ ဦး၊ မြင်းခြံဒီဂရီကောလိပ်၊ သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ဒေါ်ချိုချိုလွင်ဦးဆောင်သောအုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူ ၉၂ ဦး၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌမင်းဟိန်းခန့် ဦးဆောင်သောအဖွဲ့ဝင် ၁၀ ဦးနှင့် အထက်မြန်မာပြည်ရှေ့နေများ ကွန်ရက်၊ အပတ်စဉ်အခမဲ့ရှေ့နေလုပ်ငန်းခွင်လက်တွေ့သင်တန်းမှ တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦး ခေါင်းဆောင်သော သင်တန်းသား သင်တန်းသူ ၈၀ စုစုပေါင်း ၂၇၅ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❂ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်း ဆပ်ကော်မတီနှင့် မြန်မာနိုင်ငံပိုင်ဂြိုဟ်တု ထရန်စပွန်ဒါ ငှားရမ်းရေး ဆပ်ကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ဂြိုဟ်တုလွှတ်တင်ထားသည့် နိုင်ငံများ၏ ဂြိုဟ်တုကို ကွန်ဒိုစနစ်ကဲ့သို့ အခန်းများငှားရမ်း၍ အသုံးပြုနေရပါကြောင်း၊ အမေရိကန်နိုင်ငံ၏ Intel Sat ဂြိုဟ်တုကို Myanmar Sat -2 အမည်ဖြင့် လွှတ်တင်၍ အချိုးကျငှားရမ်းပိုင်ဆိုင်ခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ Myanmar Sat - 2 ဂြိုဟ်တုတွင် မြန်မာနိုင်ငံအနေဖြင့် C-Band 6 လုံးနှင့် Ku Band 6 လုံးတို့ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် Myanmar Sat-2 ဂြိုဟ်တု ငှားရမ်းဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှတ်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့မှတစ်ဆင့် အလုံးစုံပိုင်ဆိုင်သည့် ကိုယ်ပိုင်ဂြိုဟ်တုစနစ်တစ်ရပ် ပိုင်ဆိုင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ဂြိုဟ်တုစနစ်ဖြင့် နိုင်ငံ၏ ကဏ္ဍမျိုးစုံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းဆွေးနွေးစဉ်


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ရှင်းလင်းဆွေးနွေးစဉ်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရှင်းလင်းဆွေးနွေးစဉ်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းဆွေးနွေးစဉ်

ထို့နောက် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာ ဖေမြင့်၊ ဒေါက်တာ အောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေ ချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးနှင့်စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ် )**

# နှစ် (၇၀) ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃**

၂၀၁၇ ခုနှစ် နှစ် (၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ရောက်ရှိပြီး နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့မှ တာဝန်ရှိသူများက အာဇာနည်နေ့အခမ်းအနားအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တု၊ ဓာတ်ပုံများနှင့် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းထားရှိမှုပြကွက်၊ စိုက်ပျိုးရေးပြကွက်၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်ပြကွက်နှင့် အာဇာနည်နေ့အခမ်းအနားအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

# JMC ၏ ပုံရိပ်ကိုထိခိုက်စေသည့် ပြောဆိုမှုများအားဂရုစိုက်၍ ရှောင်ရှားပေးရန် JMC-U ဥက္ကဋ္ဌပြောကြား

**ရန်ကုန် ဇူလိုင် ၃**

တပ်မတော်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို လက်ကိုင်ပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို တွန်းအား၊ ဖိအားများပေးနေခြင်းမရှိဘဲ JMC ၏ ပုံရိပ်အားထိခိုက်စေသည့် ပြောဆိုမှုများအားဂရုစိုက်၍ ရှောင်ရှားပေးရန် မေတ္တာရပ်ခံကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၁)ကြိမ်မြောက်အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"တပ်မတော်အနေနဲ့ JMC ကို လက်ကိုင်ပြုပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုတွန်းအားပေးနေတယ်။ ဖိအားပေးနေတယ်။ ဒီလိုပြောတာတွေ ကျွန်တော်တို့ကြားရပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ JMC မှာ အဓိကက အကုန်လုံးသဘောတူမှ ဆုံးဖြတ်ချက်ချတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ စသည်ဖြင့် ရှိနေပေမယ့်လည်း ဥက္ကဋ္ဌက သီးခြားဆုံးဖြတ်တာမဟုတ်ပါဘူး။ ဒုတိယဥက္ကဋ္ဌကလည်း သီးခြားဆုံးဖြတ်တာမဟုတ်ပါဘူး။ အားလုံး ဒီမှာရှိတဲ့ အဖွဲ့ဝင်တွေသဘောတူပြီးမှ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ JMC ရဲ့ပုံရိပ်ကိုထိခိုက်စေတဲ့ ပြောဆိုမှုတွေကို ဂရုစိုက်ပေးဖို့၊ ရှောင်ရှားပေးဖို့ ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်" ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည့် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များအခြေအနေ၊ စောင့်ကြည့်ရေးနှင့် စိစစ်အတည်ပြုရေးလုပ်ငန်းများဆောင်ရွက်မှု၊ ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ရေးလုပ်ငန်းများတွင် ဒေသခံ အရပ်သားများ ပါဝင်ခွင့်ရရှိရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဒေသခံအရပ်သားစောင့်ကြည့်မည့်သူများနှင့်ပတ်သက်၍ မိမိတို့ JMC နှင့် အပြိုင်အချို့အရပ်သားစောင့်ကြည့်ရေးအဖွဲ့များလည်းရှိနေသည်ကို တွေ့ရှိရကြောင်း၊ JMC တွင် အရပ်သားစောင့်ကြည့်ရေးနှင့်ပတ်သက်၍ ဒေသဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များသည် စောင့်ကြည့်မည့် ဒေသတွင် တိတိကျကျ ပါဝင်ရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့အဖြစ်ပါဝင်ရာတွင် ပါဝင်သူများ၏ အရည်အချင်းများ ပြည့်ဝနေစေရန်အတွက် JMC-U က သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ သတ်မှတ်တာဝန်ပေးရမည်ဆိုသည့်အချက်ပါဝင်ကြောင်း၊ JMC-U၊ JMC-S တွင်ရှိသည့် အရပ်သား ကိုယ်စားလှယ်များကလည်း ကြပ်မတ်ဆောင်ရွက်ပေးသွားရန် ယခင်အစည်းအဝေးများတွင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုးက "JMC ဖွဲ့စည်းပုံကို ကြည့်မယ်ဆိုရင် အခြားနိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဖွဲ့စည်းခဲ့တဲ့ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးအဖွဲ့တွေနဲ့ ဖွဲ့စည်းပုံနဲ့မတူပါဘူး။ တတိယအဖွဲ့အစည်းအဖြစ် အခြားနိုင်ငံက စောင့်ကြည့်သူတွေပါဝင်တဲ့ ဖွဲ့စည်းပုံမျိုးမဟုတ်ဘဲနဲ့ ပြည်တွင်းပဋိပက္ခဖြစ်စဉ်မှာ တိုက်ရိုက်သက်ဆိုင်တဲ့ အစိုးရ၊ တပ်မတော်၊ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေနဲ့ အရပ်သားအစုအဖွဲ့များ ဆိုတဲ့ အစုအဖွဲ့သုံးစုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းသုံးခုကြားထဲမှာ ယုံကြည်မှုတည်ဆောက်ရေးဟာ အဓိကကဏ္ဍမှာပါဝင်နေပါတယ်။ နောက်ပြီးတော့ JMC နဲ့ JMC ကို အကောင်အထည်ဖော်မှုကိုလည်း ဒီအဖွဲ့သုံးခုက ယုံကြည်မှု အပြည့်အဝရှိဖို့လိုအပ်ပါတယ်။

"တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ JMC ကိုလက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်ဒေသမှာ ဒုက္ခသည်တွေနဲ့ လူထုကိုယ်တိုင်ကနေပြီးတော့ ယုံကြည်ကိုးစားပြီးတော့ ကျွန်တော်တို့ကို ထောက်ခံလာဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့် JMC အဖွဲ့ဝင်အားလုံးက တစ်ယောက်တည်း အကျိုးအတွက် သော်လည်းကောင်း၊ တစ်ဖွဲ့တည်းအကျိုးတွက်သော်လည်းကောင်းမကြည့်ဘဲနဲ့ မြန်မာပြည်ရဲ့ငြိမ်းချမ်းရေးရရှိဖို့ကို အကျိုးကိုကြည့်ပြီးတော့ ဆက်လက်ပြီးတော့ အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။


JMC-U ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်

အစည်းအဝေးတွင် JMC ၏ လုပ်ထုံးလုပ်နည်းဖြစ်သည့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ်ခံစားရသူများ၊ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ (မူကြမ်း)၊ JMC Support Platform ၏ လုပ်ငန်းလမ်းညွှန်၊ JMC နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ဆောင်ရွက်ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန် (မူကြမ်း)တို့ကို အတည်ပြုခြင်းနှင့် ပြုစုရေးဆွဲခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အရပ်သားကိုယ်စားလှယ်များအစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စောမက်သယူးအေးက "ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အရွေ့တစ်ခုပဲဖြစ်ပါတယ်။ တစ်ချိန် တစ်ခါတုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်ကိုဖော်ဆောင်ဖို့ဆိုရင် နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍကို ရှေ့တန်းတင်ပါတယ်။ ဒီကနေ့ ငြိမ်းချမ်းရေးဖြစ်စဉ် အရွေ့မှာတော့ လူမှုအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍ၊ တစ်နည်းအားဖြင့် မြန်မာပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ငြိမ်းချမ်းရေးကို လိုလားကြတဲ့ တိုင်းသူပြည်သားတွေရဲ့ အခန်းကဏ္ဍ ပါဝင်လာတာဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထူးခြားတဲ့ဖြစ်ရပ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို ရရှိဖို့အတွက် ကျွန်တော်တို့ သွားနေတဲ့ခရီးတာရဲ့ အရွေ့တစ်ခုလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ JMC-U အတွင်းရေးမှူး ဒေါက်တာရွှေခါရ်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **သတင်း - ရဲခေါင်ညွှန့် ၊ ဓာတ်ပုံ - ဖိုးထောင်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၌ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်တင်သွင်းရေးလုပ်ငန်းများဖြစ်သည့် ပုဂံဒေသနှင့် ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များ၊ အဆိုပြုစာတွဲ (မူကြမ်း) ရေးသားပြီးစီးမှု၊ ပုဂံဒေသ ရေရှည်စီမံခန့်ခွဲမှုအစီအစဉ်(Management Plan) ရေးသားပြီးစီးမှု၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်း ဆက်လက်ဆောင်ရွက်ရန် Time Frame များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ JICA မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ UNESCO မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ပြည်တွင်း၊ ပြည်ပပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက် ဆောင်ရွက်ပေးခြင်း၊ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီ၊ ဆပ်ကော်မတီများ ဆက်စပ်




ပူးပေါင်းပေးခြင်း၊ လိုအပ်သည့် အဆုံးအဖြတ်များ ချမှတ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် Management Plan ဆိုင်ရာ (First Draft) အား ရှင်းလင်းတင်ပြခြင်း၊ ပုဂံဒေသ Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ Bagan Tourism Master Plan နှင့် ပတ်သက်၍ ရေးဆွဲဆောင်ရွက်နေမှုများ ဆွေးနွေးခြင်း၊ UNESCO သို့ တင်ပြမည့် အဆိုပြုစာတွဲ(မူကြမ်း)ရေးဆွဲခြင်း ဆောင်ရွက်နေမှု စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်စက်တင်ဘာလကုန်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး အဆိုပြုစာတွဲ(မူကြမ်း) ရေးသားတင်ပြရမည်ဖြစ်ပြီး ရေရှည်စီမံခန့်ခွဲမှုအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးအစီအစဉ်များ၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်စေရန် အလေးထားကာကွယ်ထိန်းသိမ်းမည့်အစီအစဉ်များကိုပါ ရေးဆွဲတင်ပြရမည်ဖြစ်သည်။

အဆိုပါ စာတွဲအပြည့်အစုံကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်တွင် နောက်ဆုံးထားတင်သွင်းရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစည်းအဝေးကို ဇူလိုင် ၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာရှ - ပစိဖိတ်လေကြောင်းလုံခြုံရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

အာရှ-ပစိဖိတ် လေကြောင်းလုံခြုံရေးဆိုင်ရာအစည်းအဝေး(14th Steering Committee Meeting) ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးတွင် မလေးရှားနိုင်ငံမှ Mr.Dato Sri Azharruddin Abdul Rahman၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် အာရှပစိဖိတ်ရုံးခွဲမှ Mr. Ross Lockie နှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၊ အာရှပစိဖိတ်တွင် ၂၀၀၉ ခုနှစ်မှ စတင်၍ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး လေကြောင်းလုံခြုံရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ် ငွေကြေးရန်ပုံငွေများထည့်ဝင်၍ နည်းပညာအကူအညီများ ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေကြောင်းလုံခြုံမှုစစ်ဆေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးရဲကျော်က "မြို့ပြလေကြောင်းပို့ဆောင်ရေးမှာပါဝင်တဲ့ လေကြောင်းလိုင်းတွေ၊ နိုင်ငံတကာလေဆိပ်တွေနဲ့ ပြည်တွင်းလေဆိပ်တွေ ကိုယ့်နိုင်ငံပေါ်မှာ ပျံသန်းနေတဲ့ လေယာဉ်တွေ၊ ကိုယ့်နိုင်ငံကိုလာတဲ့လေကြောင်းလိုင်းတွေ၊ ကိုယ့်နိုင်ငံက ထွက်ခွာသွားတဲ့ လေကြောင်းလိုင်းတွေ အားလုံးနဲ့ပတ်သက်ပြီးတော့ လုံခြုံရေးပိုင်းဆိုင်ရာမှာ ဝန်ဆောင်မှုပေးနိုင်အောင် ရည်ရွယ်ဖွဲ့စည်းထားတာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ၎င်းက ဆက်လက်၍ "လေကြောင်းလုံခြုံရေးဆိုတဲ့သဘောက နိုင်ငံအချင်းချင်း နိုင်ငံနယ်နိမိတ်ထိစပ်ပြီး ပျံသန်းနေကြတဲ့အခါမှာ နိုင်ငံတစ်ခုတည်း လုပ်ဆောင်လို့မရဘဲ နိုင်ငံအားလုံး ဆက်စပ်ပြီးလုပ်ဆောင်ရတာဖြစ်တဲ့အတွက် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်ကချမှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ အဖွဲ့ဝင်အားလုံး တစ်ပြေးညီလုပ်ဆောင်နိုင်အောင် ပံ့ပိုးဖို့ရည်ရွယ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ လေကြောင်းနဲ့ ပတ်သက်တဲ့ ခရီးသွားပြည်သူတွေ လေကြောင်းပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုရှိအောင် လုပ်ဆောင်ပေးဖို့ ရည်ရွယ်ထားတာ ဖြစ်ပါတယ်"ဟု ပြောသည်။



အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ ဒေသတွင်းရုံးခွဲတစ်ခုဖြစ်သော ICAO Regional Officec, Bangkok, Thailand ၏ လေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)**

# ကနေဒါနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကျင်းပ



**ဇွန် ၃၀ ရက်က ကျင်းပသော မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့တို့အား မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး Mrs. Karen MacArthur ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃**

(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 14th China-ASEAN Expo) နှင့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 14th China-ASEAN Business and Investment Summit) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့ Nanning International Convention & Exhibition Center တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း- ၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇ ၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်) ဖုန်း-၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com၊ website:www.trade.gov. mmနှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# MMF 100 Plus Cup ယူ-၁၅ ပြိုင်ပွဲတွင် မွန်အသင်းဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၃**

MMF 100 Plus Cup 2017 တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ




**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ မွန်အသင်းအား ချန်ပီယံဆုဖလား ချီးမြှင့်စဉ်**

မွန်အသင်းက ပဲခူးအသင်းကို အချိန်ပိုတွင် လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးရရှိခဲ့သည်။

ယင်းနှစ်သင်းသည် ချန်ပီယံဆုရရှိရန် အားကုန်ထုတ်ကစားခဲ့ပြီး ပွဲချိန်အတွင်း တစ်ဂိုးစီ သရေကျနေသောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး မွန်ပြည်နယ်အသင်းက ဂိုးများထပ်မံသွင်းယူကာ စုစုပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေရာအလိုက်အကောင်းဆုံးဆုများရရှိသော **ဂိုးသမားဆုရ**-အောင်ကိုကို(မွန်)၊ **နောက်တန်းဆုရ**-ကိုကိုအောင်(ပဲခူး)၊ **အလယ်တန်းဆုရ**-ဇော်ဖုန်းပြည့်(ရန်ကုန်)၊ **ရှေ့တန်းဆုရ**-ချမ်းမြေ့ကျော်(ပဲခူး) **ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ**- ရွှေသီး(မွန်)တို့ကို ဆုတံဆိပ်နှင့် ဆုကြေးငွေများ၊ ပူးတွဲ တတိယဆုရရှိသော ရန်ကုန်နှင့် ကရင်အသင်းအား ဆုကြေးငွေကျပ် နှစ်သိန်းစီ၊ ဒုတိယဆုရ ပဲခူးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်း၊ ပထမဆုရ မွန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၁၀ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် Title Sponsor ဖြစ်သော 100 Plus မှ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဆီးရီးယားဒုက္ခသည်များနေထိုင်ရာ စခန်းတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ ကလေးငယ်နှစ်ဦးသေဆုံး

**ဘေရွတ် ဇူလိုင် ၃**

လက်ဘနွန်နိုင်ငံ အရှေ့ပိုင်းရှိ ဆီးရီးယားဒုက္ခသည်များနေထိုင်ရာ ဒုက္ခသည်စခန်းတွင် ယမန်နေ့က ရုတ်တရက်မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံး၊ ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ကလေးငယ် နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဂက်စ်ယိုစိမ့်မှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းတွင်လည်း ဂက်စ်အိုးများနှင့် လောင်စာများ တည်ရှိသောကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းတစ်ခုလုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် အနီးရှိ လယ်ကွင်းများသို့ကူးစက်သွားခဲ့ကြောင်း၊ ဒေသတွင်းမီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့မှ မီးငြိမ်းသတ်မှုကို ချက်ချင်းဆောင်ရွက်ခဲ့သော်လည်း လက်ရှိအချိန်ထိ မီးအားထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ပြောကြားသည်။ အဆိုပါဒုက္ခသည်စခန်းတွင် ယာယီတဲပေါင်း ၁၅၀ ခန့်ရှိပြီး ဆီးရီးယားနိုင်ငံမှ ဒုက္ခသည် ၁၀၀၀ ခန့် နေထိုင်ကြောင်း၊ ၂၀၁၁ ခုနှစ် ဆီးရီးယား ပြည်တွင်းစစ် စတင်ချိန်မှစတင်ကာ လက်ဘနွန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည်ပေါင်း ၁ ဒသမ ၁ သန်းခန့်ကို လက်ခံခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်ဌာန၏ စာရင်းပြုစုချက်အရ သိရသည်။ **(ဆင်ဟွာ)**



# ဒမတ်စကတ်မြို့ အသေခံကားဗုံးခွဲမှုတွင် သေဆုံးသူ ၂၀ အထိရှိလာ

**ဒမတ်စကတ် ဇူလိုင် ၃**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် မကြာသေးမီက အသေခံကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ သေဆုံးသူ ၂၀ ရှိလာခဲ့ပြီး ဒဏ်ရာရရှိသူ ၃၀ ကျော်ရှိကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံဌာနတစ်ခုတွင် ဖော်ပြခဲ့သည်။

အစွန်းရောက်သမားနှစ်ဦးသည် ဒမတ်စကတ်မြို့အရှေ့ပိုင်း လွတ်လပ်ရေးကွင်းပြင်သို့ ကားမောင်းလာခဲ့ရာ လုံခြုံရေးဝန်ထမ်းမှ စစ်ဆေးရန် တားမြစ်ချိန်တွင် ကားဗုံးအား ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောခဲ့သည်။

ကားဗုံး ပေါက်ကွဲမှုကြောင့် အဆောက်အအုံနံရံများ ဆိုးရွားစွာပျက်စီးခဲ့ပြီး အနီးဝန်းကျင်ရှိ ကားများမှာလည်း မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းထောက်များက ပြောခဲ့သည်။

ဒမတ်စကတ် လေဆိပ်ဝင်ပေါက်တွင် ဗုံးဖောက်ခွဲမှုပြုလုပ်ရန် စီစဉ်ထားသည့် ကားနှစ်စီးကို စစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါ ဗုံးဖောက်ခွဲမှုရန်မှ ပြည်သူများ အန္တရာယ်မဖြစ်အောင် ကာကွယ်ပေးခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရဲတပ်ဖွဲ့မှ ဗုံးခွဲတိုက်ခိုက်သူ၏ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးကြောင်းသိရသည်။

ဗုံးခွဲတိုက်ခိုက်သူများသည် လူစည်ကားချိန်တွင် တိုက်ခိုက်ရန် ရည်ရွယ်ထားကြောင်း ဆီးရီးယားလုံခြုံရေးဌာနမှ အရာရှိတစ်ဦးကပြောခဲ့သည်။

ဒမတ်စကတ်မြို့သည် အစိုးရဆန့်ကျင်လက်နက်ကိုင်တပ်ဖွဲ့၏ အမြောက်နှင့် ဒုံးကျည်များဖြင့် တိုက်ခိုက်မှုကိုအကြိမ်ကြိမ်ခံခဲ့ရကြောင်း ဇွန် ၂၀ ရက်မှစတင်ကာ ဆီးရီးယားတပ်ဖွဲ့နှင့် ဆန့်ကျင်ရေးတပ်ဖွဲ့တို့မှ ဒမတ်စကတ်မြို့ အရှေ့ပိုင်းတွင် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဆီးရီးယားအစိုးရ ရဟတ်ယာဉ်တစ်စင်းကို အိုင်အက်စ်တို့ ပစ်ချ

**ဒမတ်စကတ် ဇူလိုင် ၃**

ဆီးရီးယားအစိုးရတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်းသည် ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း ဒီအာအက်ဇ်ဇာမြို့၌ အိုင်အက်စ်အကြမ်းဖက်သမားများ၏ ပစ်ချမှုကိုခံခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံလိုင်းက ယမန်နေ့က ထုတ်လွှင့်ခဲ့သည်။

အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ ပိတ်ပင်တားဆီးမှုကိုခံနေရသော ဒီအာအက်ဇ်ဇာမြို့ရှိ ပြည်သူအများအတွက် စားနပ်ရိက္ခာများပို့ဆောင်ပေးနေစဉ် ပစ်ချခံခဲ့ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သေဆုံး ဒဏ်ရာရရှိသည့်အခြေအနေကို မသိရသေးကြောင်း အဆိုပါ ရုပ်သံသတင်းထုတ်လွှင့်မှုအရ သိရသည်။

အဆိုပါ မြို့သည် အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်း၏ ပိတ်ဆို့မှုကို အချိန်အတော်ကြာခံစားခဲ့ရကြောင်း၊ မြို့တွင်း၌လည်း ဆီးရီးယားအစိုးရတပ်ဖွဲ့များအပါအဝင် ပြည်သူများရှိကြောင်း၊ လတ်တလောတွင် ဆီးရီးယားတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့တို့မှ စားနပ်ရိက္ခာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းမှ ချပေးသည့်စနစ်ကို အသုံးပြုနေရကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အဏုမြူအင်အားကြီးနိုင်ငံများက လက်နက်များကို ခေတ်မီဆန်းသစ်အောင်လုပ်ဆောင်လာ

**ဝါရှင်တန် ဇူလိုင် ၃**

ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်များအရေအတွက် ကျဆင်းလာချိန်တွင် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံအပါအဝင် နျူကလီးယားအင်အားကြီးနိုင်ငံများက ၎င်းတို့၏လက်နက်တိုက်များကိုခေတ်မီဆန်းသစ်စေရန် ကြိုးပမ်းလာကြကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့က ၎င်း၏နှစ်စဉ်နျူကလီးယားအင်အားစုအချက်အလက်များကို တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံများသည် နျူကလီးယားဒုံးကျည် ထိပ်ဖူးစုစုပေါင်း ၁၄၉၃၅ ခန့်ကိုပိုင်ဆိုင်ကြောင်းခန့်မှန်းတွက်ချက်ဖော်ပြခဲ့သည်။လက်နက်ပိုင်ဆိုင်မှုသည် လွန်ခဲ့သောတစ်နှစ်အကြာကနှင့်နှိုင်းယှဉ်လျှင် ၄၆၀ ခန့်လျော့ကျသွားကြောင်း သိရသည်။

သို့သော်နျူကလီးယားလက်နက်အရေအတွက်လျော့ချမှုနှုန်းမှာ နှေးကွေးလာကြောင်း အဖွဲ့က ပြောကြားခဲ့သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံကိုးနိုင်ငံဖြစ်သည့် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အစ္စရေးနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည်လာမည့်အနာဂတ်တွင်လည်း နျူကလီးယားလက်နက်များကိုစွန့်လွှတ်ရန် ပြင်ဆင်လိမ့်မည်မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဂျာမနီတွင်ဘတ်စ်ကားတစ်စီး ကုန်တင်ယာဉ်နှင့်တိုက်မိပြီး မီးလောင်ပေါက်ကွဲမှုကြောင့် ၁၈ ဦးသေဆုံး

**မြူးနစ် ဇူလိုင် ၃**

ဂျာမနီနိုင်ငံ ဘာဗာရီယာပြည်နယ်တွင် တနင်္လာနေ့က အဝေးပြေးဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီး တိုက်မိပြီး မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦးသေဆုံးသွားခဲ့ကြောင်း ဒေသတွင်းသတင်းစာ တစ်စောင်ဖြစ်သည့် ဖရန်ကင်ပို့စ် သတင်းစာက ဖော်ပြခဲ့သည်။



ဖရန်ကင်ပို့စ် သတင်းစာတွင် သတင်းဖော်ပြသူများ၏ အမည်ကို ဖော်ပြခဲ့ခြင်းမရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည်ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ဝေဖန်မှတ်ချက်ချပြောဆိုမှုမရှိသေးပေ။

ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သေဆုံးသူ ၁၈ ဦးရှိကြောင်းနှင့် လူ ၃၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ အချို့မှာ ဒဏ်ရာပြင်းထန်သည့်အတွက် စိုးရိမ်ရကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်ဟု ဆိုသည်။

ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်တို့တိုက်မိပြီး မီးလောင်မှုဖြစ်ပွားခဲ့ချိန်တွင် ဘတ်စ်ကားပေါ်၌ လူ ၄၈ ဦး လိုက်ပါလာခဲ့ကြောင်းသိရပြီး အများစုမှာ အသက်ကြီးပိုင်းများဖြစ်ကာ ဆက်ဆွန်နီပြည်နယ် အရှေ့ပိုင်းမှဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# တီပီပီစာချုပ်ကိစ္စကို ဂျပန်၌တွေ့ဆုံဆွေးနွေးမည်

**တိုကျို ဇူလိုင် ၃**

ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုစာချုပ် (TPP)နှင့်ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်များ၏ဆွေးနွေးပွဲတစ်ရပ်ကို ဂျပန်နိုင်ငံ၌ ယခုလကုန်ပိုင်းလောက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့်မေလက ဗီယက်နမ်တွင်ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲ၌ သဘောတူညီမှုတစ်ခုရရှိခဲ့ပြီးနောက်တွင်တီပီပီစာချုပ်နှင့် ပတ်သက်၍ နှစ်ရက်ကြာဆွေးနွေးပွဲပြုလုပ်ရန်စီစဉ်ခဲ့ပြီး ဆွေးနွေးပွဲသို့ တီပီပီစာချုပ်အဖွဲ့ဝင်နိုင်ငံ ၁၁ခုတို့မှဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးအနီးရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ **(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး နှစ်ရှည်ပင်များ၊ သီးပင်စားပင်များ၊ အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်မောင်းလိုင်စင်စစ်ဆေးရာ၌ အမှန်တကယ်တတ်ကျွမ်းမောင်းနှင် တတ်မြောက်ရန်လို

**နေပြည်တော် ဇူလိုင် ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇွန် ၃၀ ရက် ညနေ ၃ နာရီခန့်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်ချက်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဌာနမှဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းတစ်ခုချင်းအတွက် ကောက်ခံငွေများ၊ လက်ရှိလုပ်ငန်းဆိုင်ရာ အသိပေးကြေညာချက်များ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းပညာပေးကာတွန်းများ၊ ယာဉ်ပိုင်ရှင်များသို့ အသိပေးကြေညာချက်နှင့် အကြံပြုစာပုံးထားရှိမှု အခြေအနေ၊ ယာဉ်မောင်းသင်တန်းခန်းမ၊ မော်တော်ဆိုင်ကယ်ယာဉ်မောင်းလက်တွေ့စစ်ဆေးရေးကွင်းနှင့် ယာဉ်စစ်ဆေးရေးဌာနများတွင် တပ်ဆင်ထားသော စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို သတ်မှတ်ထားသည့်စနစ်အတိုင်း ဆောင်ရွက်ရန်နှင့် အဂတိတရားလိုက်စားခြင်းများ မပြုရန်လိုကြောင်း၊ ယာဉ်မောင်းလိုင်စင်များစစ်ဆေးရာတွင် အမှန်တကယ် တတ်ကျွမ်းမောင်းနှင်တတ်မြောက်စေရန်၊ အခြားနိုင်ငံများတွင်လည်း ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် တစ်ကြိမ်တည်း မအောင်မြင်ဘဲ ကျရှုံးခြင်းများရှိကြောင်း၊ မော်တော်ယာဉ်များ စစ်ဆေးရာတွင် စက်ကိရိယာများဖြင့် စစ်ဆေးခြင်းဖြစ်၍ ကျရှုံးပါက ပြန်လည်ပြုပြင်စေပြီးမှ ဆောင်ရွက်ပေးရန်လိုကြောင်း၊ Road Safety သည် အဓိကကျကြောင်း မှာကြားခဲ့သည်။

**ရဲရဲ (ပျဉ်းမနား)**



# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မော်လမြိုင်သို့ သွားရောက်လေ့လာ

**မော်လမြိုင် ဇူလိုင် ၃**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် မော်လမြိုင်မြို့သို့ရောက်ရှိလာပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ဒေသအခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မဟာမင်းကြီးနှင့်အဖွဲ့သည် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုက္ခသည်များကိစ္စ၊ ဒေသတွင်း လုံခြုံရေးကိစ္စ၊ UNHCR နှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မဟာမင်းကြီးနှင့်အဖွဲ့သည် မော်လမြိုင် အလယ်သံကျော်လမ်း၊ မြို့မကညင်တန်း၌ UNHCR ၏ အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက်နေသော အာရှ-ဂျပန် ပူးပေါင်း အဖွဲ့ (Bridge Asia Japan-BAJ) ၏ အပ်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

အဆိုပါ BAJ ရုံးကို ၁၉၉၂ ခုနှစ်မှစတင်ကာ ဒေသတွင်းအလုပ်အကိုင်ရရှိရေးနှင့်အတူတကွ ယှဉ်တွဲနေထိုင်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် အပ်ချုပ်သင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ အမျိုးသမီး ၁၄၀၀ ကျော်အား စက်ချုပ်သင်တန်းများ သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မဟာမင်းကြီးနှင့်အဖွဲ့သည် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျိုက်ကန်းပြင်)၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မော်လမြိုင်ဒေသနေပြည်သူများအားလုံး အခြေအနေမြင့်မားတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးစသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ဝါးပိတ်ကျေးရွာဟောင်းနေရာသို့ သွားရောက်ကာ ကျေးရွာပြန်လည်နေရာချထားမှု အခြေအနေကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ - သက္က**



# ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ကျောက်တော် ဇူလိုင် ၃**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ကျောက်တော်မြို့နယ် သရက်တပင် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေး အဖွဲ့သည် အထွေထွေအားနည်းခြင်းရောဂါ ၂၈ ဦး၊ သွေးတိုးရောဂါ ၂၃ ဦး၊ အရိုးအကြောအဆစ်ဆိုင်ရာရောဂါ ၁၅ ဦး၊ အစာအိမ်ရောဂါ ၁၂ ဦး၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါ ၁၆ ဦး၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါ ၁၀ ဦး၊ သွားနှင့် ခံတွင်းရောဂါ ၁၁ ဦး၊ သွေးအားနည်းရောဂါ ခြောက်ဦး၊ ဆီးချိုသွေးချိုရောဂါ လေးဦး၊ ပန်းနာရင်ကျပ်ရောဂါ နှစ်ဦး၊ နှလုံးရောဂါတစ်ဦး စုစုပေါင်း ၁၂၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေး အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကျေးရွာအတွင်း ခြင်အန္တရာယ် ကင်းဝေးစေရန်အတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဆောင်ရွက်လုပ်ကိုင်နေသော ကေဘယ်လ်ကား ပြေးဆွဲခြင်းလုပ်ငန်းကို ကျိုက်ထီးရိုးနယ်မြေရသေ့တောင်စခန်း Main station မှ ကျိုက်ထီးရိုးစေတီတော်ဘိုးဘိုးကြီးနတ်နန်းအထိ ပြေးဆွဲသွားမှာဖြစ်ပြီး ကျိုက်ထီးရိုးဘုရားဖူးပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် စီးနိုင်ရန်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လူစီးတွဲတစ်တွဲလျှင် ရှစ်ယောက် စီးနိုင်ပြီး လူစီးတွဲ ၄၃ တွဲပြေးဆွဲ၍ ၁၀ မိနစ်ကြန့်ကြာမည်ဖြစ်ကြောင်းနှင့် တစ်တွဲကိုတော့ အရန်အဖြစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ခရီးသည်ပြည်သူများအတွက် အသက်အာမခံကိုလည်း ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ထားပြီး ကေဘယ်လ်ကားပြေးဆွဲရန်အတွက် လုံခြုံရေးအပါအဝင် ဝန်ထမ်း ၁၀၀ ကျော်ကိုလည်း ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း ၂၀၁၇ အစီအစဉ် မြန်မာနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Kasetsart University တို့ ပူးပေါင်းဆောင်ရွက်သည့် "အရှေ့တောင်အာရှတိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇" အစီအစဉ်(ASEAN Veterinary Volunteer Project-2017) အရ နိုင်ငံ ၁၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူများသည် ဇူလိုင် ၁ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံတွင် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အစီအစဉ်အရ မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ ဖင်လန်နိုင်ငံတို့ရှိ တိရစ္ဆာန်ဆေးကုတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့သည် မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံမြို့နယ်ရှိ လယ်သစ်၊ သစ်ရုံ၊ ဇီးပင်ကန်၊ ထိန်ပန်းနှင့် လေးတန်းကျေးရွာတို့တွင် လူထုပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကျွဲ၊ နွားရောဂါကာကွယ်ဆေးနှင့် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ တိရစ္ဆာန်များအား ခွဲစိတ်ကုသခြင်း၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုစေတနာ့ဝန်ထမ်းစီမံကိန်း -၂၀၁၇ အစီအစဉ်အရ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် နိုင်ငံ ၁၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

# ကမ္ဘောဇဘဏ်လီမိတက်က Finance Asia မှ ချီးမြှင့်သော Best Bank in Myanmar ဆု ဒုတိယအကြိမ် နှစ်နှစ်ဆက်ရရှိ

**ရန်ကုန် ဇူလိုင် ၃**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် "Finance Asia" အဖွဲ့အစည်းမှ ရွေးချယ်ချီးမြှင့်သည့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည် အကောင်းဆုံးဘဏ် "Finance Asia: Country Awards for Achievement 2017" ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် ည ၇ နာရီက ဟောင်ကောင်မြို့ Four Season Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော အကောင်းဆုံးဘဏ်ဆုဖြစ်သည့် Country Awards for Achievement 2017: "Best Bank in Myanmar" ဆုကို ကမ္ဘောဇဘဏ်လီမိတက်က ဒုတိယအကြိမ် နှစ်နှစ်ဆက် ရရှိခဲ့ပြီး ယင်းဆုကို ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဖြူဖြူစိန်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။




ကမ္ဘောဇဘဏ်လီမိတက်ကို Best Bank in Myanmar ဆု ပေးအပ်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ Finance Asia မှ ဖော်ပြရာတွင် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ၌ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဘဏ်အပ်ငွေ၊ ဈေးကွက်ဝေစုအများဆုံးရရှိထားခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအများဆုံး ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အလျင်မြန်ဆုံး တိုးတက်စေရန် အထောက်အကူပြုနိုင်ခြင်း၊ ဘဏ်ခွဲအရေအတွက်အများဆုံး ဖွင့်လှစ်နိုင်ပြီး ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှု၊ ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ခြင်းနှင့် ဘဏ်လုပ်ငန်း အောင်မြင်မှုရလဒ်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာခြင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဘဏ်လုပ်ငန်းများကို ပြည်ပဘဏ်များနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခြင်း၊ ပြည်ပတွင် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် နှစ်စဉ်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်နိုင်ပြီး လူမှုအကျိုးပြုလုပ်ငန်းများတွင် အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း စသည်တို့ကြောင့် ယခုလို ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၃ မှ ၂၀၁၆ ခုနှစ်များအတွင်းတွင် နိုင်ငံတကာမှချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးစွမ်းဆောင်ရည်ဆုများစွာကိုရရှိထားပြီး ၂၀၁၇ ခုနှစ်အတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions (BID) မှ ပေးအပ်ချီးမြှင့်သည့် International Quality and Excellence Awards: Diamond Category ဆုကို တတိယအကြိမ် သုံးနှစ်ဆက်ရရှိခဲ့ပြီး အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Asia Money မှ ပေးအပ်ချီးမြှင့်သည့် Best Domestic Bank နှင့် Best Corporate Investment Bank ဆုများကိုလည်း ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Finance Asia အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် ဩဇာကြီးမားသော လန်ဒန်အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှဒေသတစ်ဝန်းလုံးတွင်ရှိသော ဘဏ်လုပ်ငန်း အပါအဝင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များ၊ တိုးတက်မှုများကို နှစ်စဉ်အကဲဖြတ်စောင့်ကြည့်ကာ ဒေသတွင်းရှိ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် အကောင်းဆုံးဆုများ ရွေးချယ်ပေးအပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

# ခန္တီးမြို့၌ ချင်းတွင်းမြစ်ရေ ထပ်မံမြင့်တက်၍ ရပ်ကွက်များအတွင်း ရေဝင်

**ခန္တီး ဇူလိုင် ၃**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ ဇွန် ၂၀ ရက် ညနေ ၆ နာရီခွဲမှစ၍ ဆက်လက်မြင့်တက်လျက်ရှိရာ ဇူလိုင် ၃ ရက် မွန်းတည့် ၁၂ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက် အရ ၁၂၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ရောက်ရန် အနည်းငယ်သာလိုသော်လည်း ယခုနှစ်တွင် ချင်းတွင်းမြစ်ရိုးတာပေါင်တည်ဆောက်ထားမှုကြောင့် ချင်းတွင်းမြစ်ရေ ဝင်ရောက်ခြင်းမရှိဘဲ တောင်ကျရေနှင့် အင်းရေပေါင်းစပ်ကာ ခန္တီးမြို့တွင်း မြေနိမ့်ပိုင်းရပ်ကွက်များသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ တောင်ကျရေနှင့် အင်းရေများဝင်ရောက်လျက်ရှိသော မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများသည် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံတွေ့ ဇီးဖြူကုန်း ရပ်ကွက်ရုံးရှေ့နေသူ တစ်ဦးက နေရသည်မှာ နှစ်ပတ်ကျော်ပြီဖြစ်ကြောင်း ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖော်လောယန်တံတား ချောင်းရေတိုက်စား၍ ပျက်စီး၊ ပြုပြင်ပေးရန် ဒေသခံပြည်သူများလိုလား

**ဖားကန့် ဇူလိုင် ၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှဒူဇုတ်ကျေးရွာအနီး တနိုင်း - မြစ်ကြီးနား လီဒိုလမ်းမပေါ်ရှိ ဖော်လောယန်တံတား ချောင်းရေတိုက်စား၍ မြေပြိုကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ သွားလာမှုအခက်အခဲရှိကြောင်း သိရသည်။

"ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီကျော်လောက်က ဖော်လောယန်ချောင်းမှာ ချောင်းရေတွေ တစ်ဟုန်ထိုးစီးဆင်းလာတယ်။ ရေစီးသန်တော့ တံတားခြေရင်းရှိ မြေကြီးများပြိုခဲ့ပြီး တံတားပျက်စီးခဲ့တယ် ။ အထက်ပိုင်း မိုးများစွာရွာလို့ မိုးရေတွေ စီးဆင်းခဲ့တာပါ။ မြေပြိုတဲ့အတွက် လူနဲ့ တိရစ္ဆာန် ထိခိုက်မှု မရှိပါဘူး။ တံတားမြေပြိုကျတဲ့အတွက် မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာလို့မရတော့ဘူး။ လူ၊ ကုန်ပစ္စည်းတွေကို စက်လှေ၊ ဝါးဖောင်တွေနဲ့ ဖော်လောယန်ချောင်းကို ဖြတ်ကူးပြီးသယ်ယူကြတယ် ။ မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာနိုင်အောင် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုပါတယ်" ဟု ရှဒူဇုတ်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ တံတားပျက်စီးခဲ့ခြင်းကြောင့် တနိုင်း-မြစ်ကြီးနား ခရီးစဉ်တွင် ဒေသခံပြည်သူများ၊ မော်တော်ယာဉ်များသွားလာမှု အခက်အခဲရှိသဖြင့် အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ဆီမီးခုံ (နန်းရီ)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီး

**လက်ပံတန်း ဇူလိုင် ၃** - ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ရေငန်ကျေးရွာအုပ်စု တောင်ပေါ်စုကျေးရွာ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံး အမိုးလန် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူ၊ တိရစ္ဆာန်များ သေဆုံးမှု မရှိဘဲ နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခဲ့ရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ ရွာသားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု ဖူတာလီကျေးရွာမှ ရွာသားတစ်ဦး ဇွန် ၂၉ ရက်က နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ဖူတာလီကျေးရွာနေ မာမောက်ဖာရုံသည် ဇွန် ၂၉ ရက် မွန်းတည့်ချိန်က ဇင်ပိုင်ညာကျေးရွာသို့ ဈေးဝယ်ရန် ဆိုင်ကယ်ဖြင့် ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ၎င်း၏မိသားစုဝင်များက ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဖြူနယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မိချောင်းခေါင်းဆွဲကျေးရွာ၌ အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သူတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီခန့်က မိချောင်းခေါင်းဆွဲကျေးရွာအတွင်း သတင်းအရသွားရောက်ရှာဖွေရာ ဖွေယော့အစ္စလာမ်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုရေး၊ ဘာသာရေးအဖွဲ့များ စုပေါင်းသွေးလှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၃**

မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဇူလိုင် ၃ ရက် နံနက် ၉ နာရီက သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လူမှုရေး၊ ဘာသာရေးအဖွဲ့များစုပေါင်းပြီး သွေးလှူဒါန်းခဲ့သည်။

"ကျွန်တော်တို့ အခုသွေးလှူဒါန်းတာက လူမှုရေး၊ ဘာသာရေး မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့နဲ့ အခြားအဖွဲ့အစည်းတွေစုပေါင်းပြီး လုပ်တာပါ။ ဒါနဲ့ဆို တတိယအကြိမ်ရှိပါပြီ။ ပထမအကြိမ်တုန်းက သွေး ၁၀၂ ပုလင်း၊ ဒုတိယအကြိမ် ၉၈ ပုလင်းကို လှူဒါန်းပေးခဲ့ပါတယ်" ဟု ဦးဆောင်သူ ဦးအောင်ထွန်းလင်းကပြောသည်။

လာရောက်သွေးလှူဒါန်းကြသော သွေးလှူရှင်များကို ဆေးရုံကြီးမှ တာဝန်ရှိသူ ဦးအောင်ထွန်းလင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးစကား ပြောကြား၍ အာဟာရဖြည့်စွက်အစာများ ပြန်လည်ပေးအပ်ခဲ့ပြီး သွေးလှူရှင်များက သွေးပုလင်း ၁၀၀ ခန့်ကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

# သစ်ပင်ကျိုးကျ၍ အမြန်လူစီးရထား လမ်းပိတ်

**မော်လမြိုင် ဇူလိုင် ၃**

မော်လမြိုင်ဘူတာမှ ထားဝယ်ဘူတာသို့ စက်ခေါင်းမောင်း ဦးမင်းလွင်နှင့် ရထားထိန်း ဦးမြင့်သိန်းတို့ လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၁၇၅) အဆန် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် အမြန်လူစီးရထားသည် ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲတွင် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ လမိုင်းဘူတာနှင့် တောင်ဘုံဘူတာအကြား ရထားလမ်းမိုင်တိုင် ၂၄၈/၁၃ မှ ၁၅ အကြားတွင် လေပြင်းတိုက်ခတ်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပိတောက်ပင်ကြီးမှ တစ်ပေခွဲခန့်ပတ်လည်ရှိသော သစ်ကိုင်း ရထားလမ်းပေါ် ကျိုးကျသဖြင့် အမြန်လူစီးရထားမှာ မိနစ် ၄၀ ခန့် ကြာ လမ်းပိတ်မိနေခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၂ စီး၊ သွင်းကုန် ၅၀၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၈၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Kluger တစ်စီး၊ Toyota Probox နှစ်စီးနှင့် Toyota Wish တစ်စီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့တွင် PU အသင်းဂိုးပြတ်နိုင်

**ရန်ကုန် ဇူလိုင် ၃**

၂၀၁၇ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုပထမနေ့ ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာကလပ် PU အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

PU အသင်းသည် ဘရူနိုင်းကလပ် Shah United အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာကလပ် PU အသင်းသည် အုပ်စု(က)တွင် လက်ရှိ ချန်ပီယံ ထိုင်းဆိပ်ကမ်း(ထိုင်း)၊ ပါမာတာ(အင်ဒိုနီးရှား)၊ Shah United (ဘရူနိုင်း) တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(ခ)တွင် ဩစတြေးလျ၊ဗီယက်နမ်၊ လာအိုနှင့် မလေးရှားကလပ် အသင်းတို့ ပါဝင်နေသည်။ PU အသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇူလိုင် ၄ ရက် (ယနေ့)တွင် လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

PU အသင်းသည် ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်သည်။ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို သုံးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ယခင်နှစ်ကြိမ်တွင် MIC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ နှစ်ကြိမ်စလုံး တတိယဆုရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ စတင်

**ရန်ကုန် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ လူသစ်တန်း ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဇော်ဝင်းပိုင် (ခ)အောင်ပိုင် (ကရင်ပြည်နယ်)နှင့် တင်ထွန်းအောင် (ကချင်ပြည်နယ်)တို့ သုံးချီပြည့် သတ်လုံး သတ်ကွက် စုံလင်စွာယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အလဲထိုးနိုင်ခြင်းမရှိသဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ တင်ထွန်းအောင်(ကချင်ပြည်နယ်)ကို အောင်ပိုင်(ကရင် ပြည်နယ်) က အမှတ်ဖြင့် အနိုင်ရသွားသည်။

ယနေ့စတင်ကျင်းပသော (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် သတ်မှတ်ကီလိုတန်းအလိုက် ယှဉ်ပြိုင်ထိုးသတ်ကြရာ လူသစ်တန်း ၄၈ ကီလိုတန်း၊ လူသစ်တန်း ၅၁ ကီလိုတန်း၊ လူသစ်တန်း ၅၄ ကီလိုတန်းပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ထိုးသတ်ကြသည်။

၆၀ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ထွန်းထွန်းဝင်း(ကချင်)နှင့် ခိုင်ကျော်ဇင်(ရခိုင်) တို့ပွဲတွင် ပထမအချီမှာပင် ထွန်းထွန်းဝင်းက ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ အောင်မျိုးသင်း (တနင်္သာရီ)နှင့်နေလင်းထွန်း(မကွေး)တို့ပွဲတွင် အောင်မျိုးသင်းက ဒုတိယအချီ တွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းဟိန်းစိုး (ရန်ကုန်)နှင့် ဇ(ရှမ်း)တို့ပွဲ၌ ဒုတိယ အချီတွင် မင်းဟိန်းစိုးက လည်းကောင်း အနိုင်ရရှိခဲ့ပြီး နောက်ဆုံးပွဲစဉ်ဖြစ်သည့် လူသစ်တန်း ၇၅ ကီလို တန်းပြိုင်ပွဲတွင် ကျော်မျိုးထွန်း(စစ်ကိုင်း)နှင့် စိုင်းလူမွန်(ကချင်) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ၌ ပထမအချီမှာပင် ကျော်မျိုးထွန်းက အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲများကို ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဒုတိယနေ့ ပွဲစဉ်များကို ဇူလိုင် ၄ ရက်မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အက်စ်တွန်ဗီလာအသင်းသည် ချယ်လ်ဆီးနှင့် အင်္ဂလန်ခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီကို စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်အရ သိရသည်။ ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၇၁၇ ပွဲ ပါဝင်ကစားထားသော နောက်ခံကစားသမား ဂျွန်တယ်ရီ(၃၆ နှစ်)သည် ချယ်လ်ဆီးအသင်းနှင့် ၎င်း၏ စာချုပ်သည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးခဲ့ပြီးနောက် ချန်ပီယံရှစ်ကလပ် ဗီလာ အသင်းနှင့် တစ်နှစ်စာချုပ်ချုပ်ဆိုလိုက်ကြောင်းလည်း သိရသည်။
- လိုင်ယွန်နှင့် ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီ (၂၆ နှစ်)သည် လာမည့် ရက်များအတွင်း အာဆင်နယ်သို့ ယူရို သန်း ၅၀ ဖြင့် ပြောင်းရွှေ့မှု အပြီးသတ် သွားနိုင်ကြောင်း လိုင်ယွန်အသင်းဥက္ကဋ္ဌ အူးလက်စ်၏ အဆိုအရ သိရသည်။
- ဝက်စ်ဘရွန်းအသင်းသည် ဆောက်သမ်တန်တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဝန်းကျင်ဖြင့် အပြီးသတ်စာချုပ်ချုပ်ဆိုလိုက် ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။
- မိုနာကိုနည်းပြ လီယိုနာဒို ဂျဒင်က အပြောင်းအရွှေ့ကာလတွင် ကစားသမား အများစု အသင်းမှ ထွက်ခွာသွားနိုင်ကြောင်း ဝန်ခံခဲ့ပြီးနောက် (၁၈ နှစ်) အရွယ် ပြင်သစ် လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီကို ဆက်လက်ထိန်းသိမ်းသွားရန် ဆန္ဒရှိကြောင်း သတင်းများအရ သိရသည်။
- စပါးအသင်းသည် စပို့တင်းလစ္စဘွန်းနှင့် ပေါ်တူဂီကွင်းလယ်ကစားသမား အဒရီ ယန်ဆေးလ်ဗား (၂၈ နှစ်) ကို ပေါင် ၂၇ သန်းဝန်းကျင်ဖြင့် ဒုတိယအကြိမ်မြောက် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဘရာဇီးနောက်တန်းကစား သမား ဒန်နီလို (၂၅ နှစ်)ကို ချဉ်းကပ်လျက်ရှိကြောင်း သိရသည်။
- အင်တာမီလန်အသင်းသည် ပီအက်စ်ဂျီ တောင်ပံကစားသမား အိန်ဂျယ်ဒီမာ ရီယာ(၂၉ နှစ်)ကို ပေါင် ၄၃ သန်းဖြင့် စာချုပ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် လက်စတာစီးတီးအသင်းမှ အယ်လ်ဂျီးယား တောင်ပံ ကစားသမား မာရက်ဇ် (၂၆ နှစ်) ကို ခေါ်ယူစာချုပ်ရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ပထမနှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM)(၆)နှစ်သင်တန်းနှင့် မွေးမြူရေး ပညာဘွဲ့(BA Sc)(၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ များ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM)(၆)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ်(၄၂၀)မှတ်နှင့် အထက်ရရှိသူ အမျိုးသားဦးရေ(၅၀)နှင့် အမျိုးသမီး ဦးရေ (၅၀) စုစုပေါင်း(၁၀၀) လက်ခံမည်။

(ခ) မွေးမြူရေးပညာဘွဲ့(BA Sc)(၄)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၇၀)နှင့်အထက်ရရှိသူ အမျိုးသားဦးရေ(၇၅)နှင့် အမျိုးသမီးဦးရေ (၇၅) ဦး စုစုပေါင်း(၁၅၀)လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် အသက်(၁၈)နှစ်ထက် မကြီးစေရ။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့် (A4 Size)စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ပထမနှစ် ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)၊
(ခ) တက္ကသိုလ်ဝင် အမှတ်စာရင်း(မူရင်း)၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး/သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ထောက်ခံချက်(မူရင်း)၊
(င) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊
(စ) လိုင်စင်ဓာတ်ပုံ(၄)ပုံ

၆။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)သို့ လိပ်မူ၍ ၃၁-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာ များအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ် များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၆၅၉ ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၆၅၂၆ ဒုတိယပါမောက္ခချုပ် (သင်ကြား)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(တိရစ္ဆာန်ဆေးပညာဘွဲ့/မွေးမြူရေးပညာဘွဲ့)**
**(၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်)**

ဓာတ်ပုံ
တစ်ပုံကပ်
သုံးပုံပူးတွဲ

| | ကျောင်းသား/ ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) | | | |

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာ | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ..........................................
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်..........................................

၉။ တက်ရောက်လိုသည့်သင်တန်း
တိရစ္ဆာန်ဆေးပညာဘွဲ့(၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(၄)နှစ်သင်တန်းစသည်တို့တွင် တက်ရောက်လိုသည့် သင်တန်းကို ဦးစားပေးအလိုက် တိကျမှန်ကန်စွာ ဖြည့်စွက်ရေးသားရန်။
(က) ပထမဦးစားပေး...................................
(ခ) ဒုတိယဦးစားပေး...................................

၁၀။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ၊ ........................... ...........................
**လျှောက်ထားသူလက်မှတ်**

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ၊ ........................... ...........................
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အရာထမ်းအိမ်ရာ(၅)လုံး၊ အမှုထမ်းအိမ်ရာ(၅)လုံး၊ လူပျို/ အပျိုဆောင်(၄)လုံး စုစုပေါင်းဝန်ထမ်း အိမ်ရာအဆောက်အဦ(၁၄)လုံး ဆောက် လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၇-၇-၂၀၁၇ရက်

၄။ **တင်ဒါပုံစံတင်သွင်းမည့်နောက်ဆုံးရက်** - ၃-၈-၂၀၁၇ရက်
မွန်းလွဲ ၂း၃၀နာရီ

(ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများ ပါဝင် ရမည်။)

၅။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အဦများဆောက်လုပ်ရာတွင် လုပ်ငန်းများ စီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလို ပါက ဖုန်းနံပါတ်-၀၆၇-၅၅၀၀၁၃သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နေပြည်တော်ကောင်စီရုံး**
**ဖုန်း-၀၆၇-၅၅၀၀၁၃**

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ(တောင်ကြီးမြို့)

ပဏာမအသံစစ်ရွေးချယ်ပွဲအတွက် လျှောက်လွှာ တင်ထားသူများနှင့် ဝင်ခွင့်လျှောက်လွှာထုတ်ယူထား ပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်တွင် လျှောက်လွှာတင်ရန် နောက်ကျနေသူများသည် ထုတ်ယူ သည့် လျှောက်လွှာနှင့်အတူ(၅-၇-၂၀၁၇)ရက် နံနက် ၈း၃၀နာရီတွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမသို့ လာရောက် ယှဉ်ပြိုင်နိုင်ပါပြီ။

လျှောက်လွှာအသစ်များ ထပ်မံထုတ်ယူယှဉ်ပြိုင် ခွင့်ပြုမည်မဟုတ်ပါ။ Form ထုတ်ယူသည့် အစဉ် အလိုက်၊ ပြိုင်ပွဲနေ့တွင်ရောက်ရှိသည့် အစဉ်အလိုက် အသံစစ်ဆေးပေးသွားမည်ဖြစ်ပြီး ရွေးချယ်မှုရလဒ်ကို နေ့ချင်းကြေညာပေးမည်ဖြစ်ပါသည်။

**မြို့လယ်တိုက်ခန်း**
ရောင်း/ဝယ်/ငှားလိုက
ဒေါ်တင်တင်နု
Ph: 01 229407, 09 5102305

**အမည်မှန်နှင့် ဖခင်အမည်မှန်**
ပခုက္ကူမြို့နယ်၊ အထက(ခွဲ)အနောက် စဘော၊ နဝမတန်းမှ မောင်စိုးထက် အောင်၏အမည်မှန်မှာ မောင်ရှိုင်းထက် အောင် ၈/ပခက(နိုင်)၃၃၉၅၇၄ ဖြစ် ပါကြောင်းနှင့် မောင်ရှိုင်းထက်အောင် ၏ ဖခင်အမည်မှန်မှာ ဦးတင်မြို့ ၈/ ပခက(နိုင်)၂၈၄၄၉၀ဖြစ်ပါကြောင်း။
**မောင်ရှိုင်းထက်အောင်**
**ဦးတင်မြို့**

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇူလိုင်(၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441

**တိုက်ခန်းရောင်းရန်**
ပြင်ဆင်ပြီး၊ ပထပ်၊ သမာဓိ(၂) လမ်း၊ သဃ်န်းကျွန်း ၂၁၅သိန်း(ညှိနိူင်း)
**ဖုန်း - ၀၉-၂၅၀၀၆၅၀၃၂**
**၀၉-၇၇၈၈၅၆၂၃၉**

**ဖခင်အမည်မှန်**
ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ အမက(၆)၊စတုတ္ထတန်း(က)မှ မောင်ဟိန်း ဝဏ္ဏအောင်၏ ဖခင်အမည်မှန်မှာ ဦးမြတ် ကျော်သူ ၉/ပမန(နိုင်)၁၅၈၆၁၁ ဖြစ်ပါ ကြောင်း။
**ဦးမြတ်ကျော်သူ**

**ဖခင်အမည်မှန်**
ဖားကန့်မြို့၊ ၄က်ပျောတော အလက၊ သတ္တမတန်းမှ မယုယုထွေး၊ မိုးညှင်းဒီ ဂရီကောလိပ်၊ ပထမနှစ် သမိုင်းမှ မစိုးစိုးမိုး၊ မြစ်ကြီးနား တက္ကသိုလ်မှ မမေစိုးနှင်းတို့၏ ဖခင် အမည်မှန်မှာ ဦးဝင်းနိုင် ၁/မကတ (နိုင်)၁၄၂၃၇၁ ဖြစ်ပါကြောင်း။
**ဦးဝင်းနိုင်**



# မိတ္ထီလာကန်နှင့် မိတ္ထီလာကန် ရေကူဆည်များရေပြည့်နေပြီ

**တင်လှိုင်(မိတ္ထီလာ)**

မိတ္ထီလာကန်ကြီးသည် သမိုင်းဝင် ကန်တော်ကြီး ဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်တို့က တူးဖော်ဆည်ဖို့ခဲ့သည်။ ယခုအခါ မိတ္ထီလာကန်တော်ကြီး မတိမ်ကောရေး၊ သဲနုန်းပို့ချမှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ မိတ္ထီလာ ကန်တော်ကြီး ရေအလုံအလောက် ရရှိစေရန်အတွက် ရေကူဆည်များတည်ဆောက်ပေးပြီး ရေများဖြည့်ဆည်းပေးနေသည်။

မိတ္ထီလာကန်တော်ကြီးသည် မြို့လူထုသောက်သုံးရေနှင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ ပေးဝေနေသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးသည် မြို့လူထုနှင့် တောင်သူလယ်သမားများ၏ အဓိက အားထားမှီခိုနေသော ကန်တော်ကြီး ဖြစ်သည်။ မိတ္ထီလာမြို့တွင် မိုးဦးကာလဖြစ်သည့် ဧပြီလမှ စတင်ပြီး မေလ၊ ဇွန်လများအထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့ပြီး မြို့၏ကျက်သရေဆောင် မိတ္ထီလာကန်တော်ကြီးအတွင်း ရေများအဆက်မပြတ် ဝင်ရောက်ခဲ့သဖြင့် ရေများပြည့်နေပြီဖြစ်သည်။ မြင်ရသူအပေါင်း စိတ်နှလုံး အေးချမ်းသာယာကြည်နူးနေကြသည်။

မိတ္ထီလာကန်မှာ ယခုအခါ ရေပြည့်မှတ်နီးပါး ရေသိုလှောင်ထားရှိပြီး အသုံးပြုနိုင်သော ပမာဏမှာကေပေ ၈၀၀၀ ခန့် ရှိသည်။ မိတ္ထီလာအနောက်ဘက် ၁၀ မိုင်ခန့် ဝေးကွာသည့် မိတ္ထီလာကန်၏ ရေယူကန်ဖြစ်သည့် မုန်တိုင်ရေလှောင်တမံတွင် ဆည်ရေပြည့်မှတ်သို့ ရောက်ရှိနေပြီး လက်ရှိပမာဏမှာကေပေ ၁၈၅၀၀ သိုလှောင်ထားသည်။ မုန်တိုင်ရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရေပေးဝေပြီး ပိုလျှံသောရေကို မိတ္ထီလာကန်သို့ ထုတ်လွှတ်ရေများဖြည့်ပေးသွားမည် ဖြစ်သည်။ မုန်တိုင်ရေလှောင်တမံ၏ အထက်တွင်လည်း မိတ္ထီလာကန်ကို ရေကူဖြည့်ပေးနေသည့် ရှမ်းမငယ်ရေလှောင်တမံမှာလည်း လက်ရှိအသုံးပြုနိုင်သော ရေပမာဏကေပေ ၁၃၂၀၀ ရှိသည်။ ရှမ်းမငယ်ရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရေ ပေးဝေပြီး ပိုလျှံရေကို မုန်တိုင်ရေလှောင်တမံမှတစ်ဆင့် မိတ္ထီလာကန်သို့ ရေကူဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မိတ္ထီလာကန်၏ တောင်ဘက်ပိုင်းတွင်ရှိသော ချောင်းကောက်၊ လွန်ငင်၊ လက်ခုတ်ပင်နှင့် ညောင်ကုန်းရေလှောင်တမံများကလည်း ဆည်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး လက်ရှိအသုံးပြုနေသော ရေပမာဏစုစုပေါင်း ကေပေ ၉၆၀၀ အနက် မိုးစပါးစိုက်ပျိုးရေပေးဝေ၍ ပိုလျှံသောရေများကို ဆက်သွယ်မြောင်းများမှတစ်ဆင့် မိတ္ထီလာကန်တွင်းသို့ ရေများဖြည့်ပေးသွားမည် ဖြစ်သည်။ မိတ္ထီလာမြို့နယ်တွင် မိုးစပါးဧက ၂၀၀၀၀ ကျော်စိုက်မည်ဖြစ်ပြီး မိုးစပါးအတွက် ဆည်များတွင် ရေအလုံအလောက် သိုလှောင်ပေး ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုမိုးရာသီတွင် မိုးကောင်းသဖြင့် မိတ္ထီလာကန်နှင့် မိတ္ထီလာကန်ရေကူဆည်များတွင် ရေပြည့်အမှတ် ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာကန်တွင် မြို့လူထုသောက်သုံးရေနှင့် မိုးစပါးအတွက် စိုက်ပျိုးရေအလုံအလောက် ပေးဝေနိုင်မည်ဖြစ်ပြီး ရေပြည့်နေသဖြင့် သာယာလှပနေသော ကန်ကြီးအဖြစ် တွေ့မြင်နေရပြီဖြစ်သည်။

## မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်

**ကွမ်းခြံကုန်း ဇူလိုင် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ဇွန်လ နောက်ဆုံးပတ်က မှုခင်းပညာပေး ပြခန်းယာဉ် ရောက်ရှိလာပြီး ကျောင်းသား ကျောင်းသူ ၂၅၀ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

လာရောက်လေ့လာကြည့်ရှုသည့် ကျောင်းသား ကျောင်းသူများအား ကွမ်းခြံကုန်းမြို့မရဲစခန်း စခန်းမှူး ဒုရဲအုပ်မျိုးလွင်ဦးစီးသော အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲအုပ် သက်နိုင်ဝင်း၊ မူးယစ်ရဲအုပ် နေခြည်လင်း၊ လူကုန်ကူးမှုတားဆီးရေးရဲအုပ် သိန်းဒွေးနှင့်အဖွဲ့ဝင်များ ဦးစီးသော အဖွဲ့သည် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ရဲလုပ်ငန်းစနစ်ကို သိရှိစေရန် လူကုန်ကူးမှုအန္တရာယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ မှုခင်းကြိုတင် ကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# သက်တမ်းရင့်သစ်ပင်ကြီးများကို ခုတ်လှဲမည်ဆိုလျှင် မကွေးဒေသခံများ သဘောတူခြင်းမရှိ

**မကွေး ဇူလိုင် ၃**

မကွေးမြို့မြင်းကင်းလမ်းနှင့် တောင်တွင်းလမ်းထောင့်မှစတင်၍ တောင်တွင်းလမ်းတစ်လျှောက် သစ်ပင်ကြီးများကို ကြက်ခြေခတ် အဖြူရောင်များဖြင့် သတ်မှတ်ထားရာ ခုတ်လှဲရန်သတ်မှတ်ထားခြင်းဖြစ်နိုင်သည်ဟု မကွေးမြို့နေ ဒေသခံများ ယူဆနေကြပြီး အဆိုပါလမ်းဘေးဝဲယာတစ်လျှောက်မှ သစ်ပင်ကြီးများတွင် အချို့ကုက္ကိုပင်၊ တမာပင်၊ ညောင်ပင်ကြီးများသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသော အပင်ကြီးများဖြစ်ကြသဖြင့် ခုတ်လှဲရန်သတ်မှတ်ထားခြင်းဖြစ်သည်ဆိုပါက ခုတ်လှဲခြင်းမပြုရန် ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

အခြား မကွေးမြို့ခံတစ်ဦးကလည်း "ဒီလမ်းက ကုက္ကိုပင်၊ တမာပင်၊ ညောင်ပင်စတဲ့ အပင်တွေကြောင့် အေးနေတာပါ။ အရိပ်တော်တော်ကောင်းတယ်။ ပြောရမယ်ဆိုရင် တစ်လမ်းလုံးနီးပါးပေါ့။ မကွေးမြို့အဝင်လမ်းမကြီးပေါ်က မိမိတို့ထက် အသက်နှစ်ပေါင်းများစွာကြီးတဲ့ နှစ်တစ်ရာကျော် သစ်ပင်ကြီးတွေကို နောက်ထပ်မခုတ်ကြဖို့ တားမြစ်ချင်ပါတယ်။ သက်တမ်းရင့်အပင်များ ခုတ်လှဲခြင်းကို ကန့်ကွက်ပါတယ်"ဟု ဆိုသည်။

သစ်ပင်များတွင် ကြက်ခြေခတ် အမှတ်အသား လုပ်ထားခြင်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(စီမံ) ဦးကျော်လင်းဦးက "ကျွန်တော်တို့ မသိသေးဘူးဗျ။ ဘာအကြောင်းကြားစာမှ မရောက်သေးဘူး။ BOT စနစ်နဲ့ လမ်းခင်းဖို့တော့ မက်(စ်) မြန်မာက ရတယ်။ AC လမ်း နှစ်မိုင်ခင်းဖို့တော့ရှိတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်မှာဖြစ်တယ်။ ကျွန်တော်တို့ဌာနက လုပ်မှာဖြစ်တယ်။ သစ်ပင်ကိစ္စဆိုရင် သစ်တောဦးစီးဌာနမေးမှ သိမှာပါ"ဟု ပြောသည်။

Max Myanmar ကုမ္ပဏီမှ မကွေးခရိုင်တာဝန်ခံ၏ ပြောကြားချက်အရ ၎င်းတို့ ကုမ္ပဏီအနေဖြင့် BOT စနစ်ဖြင့်ပြည်ထောင်စု လမ်းမကြီးခင်းရန် ပြည်ထောင်စုအဆင့်မှ ညွှန်ကြားထားကြောင်း၊ မကွေးမြို့အဝင်မှ မြို့တွင်းအထိ လမ်းအကျယ် ၄၄ ပေဖြင့် လမ်းအရှည် နှစ်မိုင်ခင်းရမည် ဖြစ်ကြောင်း၊ တောင်တွင်းလမ်း၏ မူလအကျယ်မှာ ၃၆ ပေသာရှိသဖြင့် လမ်းအကျယ်ချဲ့ပါက သစ်ပင်များနှင့် မလွတ်ကြောင်း၊ လမ်းနှင့် မလွတ်သည့် သစ်ပင် ၈၇ ပင်ကို သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးသည့်အခါ သိသာမြင်သာနိုင်ရန်အတွက် ကြက်ခြေခတ်အမှတ်အသား အဖြူရောင်ဖြင့် မှတ်သားထားခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ဇွန် ၉ ရက်က စာတင်ထားပြီးဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ခံ ဦးမြင့်သိန်းခိုင်က "သစ်ပင်တွေကို ဘယ်ဌာနက အမှတ်အသားပြုတယ်။ ဘယ်နေ့က ကြက်ခြေခတ်တယ်။ ဘာလုပ်မယ်ဆိုတာ ကျွန်တော်တို့ဌာန မသိသေးဘူး။ ဘာအကြောင်းစာမှလည်း ယနေ့အထိ မလာသေးဘူး။ ပြည်ထောင်စုလမ်းမ ဟိုင်းဝေးလမ်းမဆိုတာ အကျယ် ပေ ၁၅၀ ရှိတယ်။ အလယ်ကနေ ဟိုဘက် ၇၅ ပေ၊ ဒီဘက် ၇၅ ပေ ရှိတယ်။ လမ်းရဲ့ပလက်ဖောင်းအတွင်းရောက်နေတဲ့ သစ်ပင်တွေရှိတယ်။ သစ်ပင်တွေခုတ်မယ်ဆိုရင် ကျွန်တော်တို့နှလုံးသားကို ဓားနဲ့ဆွဲသလို ခံစားရတာပါ။ ဒီလမ်းလုပ်ဖို့က BOT စနစ်နဲ့ လမ်းခင်းဖို့ မက်(စ်) မြန်မာကုမ္ပဏီက ရထားတယ်လို့ သိထားရပါတယ်။ သစ်ပင်၊ သစ်တော၊ တောရိုင်းဖြစ်ဖြစ် ဥပဒေပုဒ်မ ၁၂(က)အရ သက်ဆိုင်ရာဝန်ကြီး ဌာနကို တင်ပြရမယ်။ သစ်တောဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ၎င်းတို့ဌာနအနေဖြင့် သစ်ပင်များခုတ်ရန် သဘောတူခြင်းမရှိပုံကို ရှင်းလင်းပြောကြားသည်။

တောင်တွင်းလမ်းဘေး ဝဲ၊ ယာရှိ အင်္ဂလိပ်ခေတ်မှ စိုက်ပျိုးခဲ့သည့် သက်တမ်းရင့်သစ်ပင်များထဲမှ မလိုအပ်သည့်အပင်များကို ခုတ်လှဲမည်ဆိုလျှင် ကန့်ကွက်သွားမည် ဖြစ်ကြောင်း၊ လမ်းအကျယ်ချဲ့သည့်အခါ အဆိုပါအပင်များ၏ ဘေးတစ်ဖက်တစ်ချက် မကွေးတက္ကသိုလ် ပရိဝုဏ်တံတိုင်းနှင့် လမ်းမြောက်ဘက် ပလက်ဖောင်းဘေးနံရံအထိ လမ်းချဲ့မည်ဆိုလျှင် အပင်များကို မခုတ်လှဲဘဲနှင့် လမ်းချဲ့၍ရနိုင်ကြောင်း ဒေသခံများက ဆိုသည်။

**ဇွဲထက်ရှင်**



ကမာရွတ်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန်လနောက်ဆုံးပတ်က ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ဦးထွန်းလင်းခြံလမ်း၌ ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန်က ဟောပြောစဉ်

(၃၄၉)

**ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

## ယာယီတိုက်ပွဲရှောင်စခန်းမှ ပြည်သူများအား ယာဉ်မောင်းသင်တန်း ဖွင့်လှစ်သင်ကြားပေး

**မြစ်ကြီးနား ဇူလိုင် ၃**

မြစ်ကြီးနားမြို့ ယာယီတိုက်ပွဲရှောင်စခန်းတွင် နေထိုင်ကြသော ပြည်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ဖွင့်လှစ်ပေးခဲ့သော ယာဉ်မောင်းနှင့် ယာဉ်စစ်ဆေးထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ ဂါလီလဲ ယာယီတိုက်ပွဲရှောင်စခန်း၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးက မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်း ၁၃ ခုတွင် ရောက်ရှိနေသော ပြည်သူများအတွက် တီရှပ်အထည် ၁၅၀ ကို လှူဒါန်းခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၉ ဦးတို့အား ဝမ်ပေါင်းယာဉ်မောင်းသင်တန်းကျောင်းမှ ဆရာများက မေ ၂၇ ရက်မှ ဇွန် ၃၀ ရက်အထိ သင်တန်းကာလ တစ်လကျော် သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် ယာဉ်မောင်းနည်း၊ ယာဉ်ထိန်းသိမ်းနည်း၊ ယာဉ်စစ်ဆေးနည်း၊ ပြုပြင်နည်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ရာသီဥတုပြောင်းလဲခြင်း၏ ခြိမ်းခြောက်မှုဖြစ်စဉ်နှင့် လူ့အခွင့်အရေး

**ဒေါက်တာခိုင်ခိုင်ဝင်း**



ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးများ

ရာသီဥတုပြောင်းလဲလာခြင်းသည် ယနေ့မျိုးဆက်များနှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် စိန်ခေါ်ခြိမ်းခြောက်မှုအန္တရာယ်ဖြစ်သလို လူသားများ လူ့အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ဖို့ရာ ခြိမ်းခြောက်မှုတစ်ခုလည်း ဖြစ်နေသည်။ ယနေ့ကမ္ဘာကြီးတွင် လူ့အခွင့်အရေးကို အလေးပေးပြောဆိုလာနေကြသလို ရာသီဥတုပြောင်းလဲလာခြင်းကြောင့် လူ့အခွင့်အရေးများ ထိခိုက်လာနိုင်မှုကိုလည်း အသိအမှတ်ပြုပြောဆိုလာပြီဖြစ်ကြောင်း မော်လ်ဒိုက်ဗ်နိုင်ငံ Malé မြို့မှ Malé Declaration ကြေညာချက်ကို ကြည့်ခြင်း အားဖြင့်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် Resolution A/HRC/7/23 ကို ကြည့်ခြင်းအား ဖြင့်လည်းကောင်း သိရှိနိုင်မည် ဖြစ်သည်။

ထို့ပြင် ရာသီဥတုပြောင်းလဲခြင်း၏ ခြိမ်းခြောက်မှုအန္တရာယ်ကို အသိအမှတ်ပြုသည့်အနေနှင့် ကမ္ဘာကြီးနှင့် လူသားများ ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ၂၀၃၀ ပြည့်နှစ်အမီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ခေါင်းဆောင်များက တညီတညွတ်တည်းချမှတ်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခု (17 Sustainable Development Goals) တွင် ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို အမြန်ဆုံး တိုက်ဖျက်သွားရန်ခေါင်းစဉ်ဖြင့် ပန်းတိုင်တစ်ခု ထည့်သွင်းထားခြင်းကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်သည်။ ပန်းတိုင် ၁၇ ခုတွင် ၁၃ ခု မြောက် ပန်းတိုင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲလာခြင်းကြောင့် မည်သည့် လူ့အခွင့်အရေးများ ဆုံးရှုံးနိုင်ပါသလဲ။ ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်တည်လာနိုင်ပြီး လူသားများ၏ အသက်ရှင်သန်ရပ်တည်ခွင့်ကို ခြိမ်းခြောက်လာနိုင်ပါသည်။ အဓိက အခြေခံလူ့အခွင့်အရေးဖြစ်သည့် အသက်ရှင်သန်ခွင့် (right to life)ကို ခြိမ်းခြောက်လာခြင်းဖြစ်သည်။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကြောင့် လူသားများ၏ အသက်ရှင်သန်ရပ်တည်ခွင့် (right to life)ဆုံးရှုံးခြင်း၊ နေအိမ်စည်းစိမ်များ စွန့်လွှတ်လိုက်ရသည့်အတွက် လုံလောက်သော လူနေမှုအဆင့်အတန်း၊ အိုးအိမ်ပိုင်ဆိုင်ခွင့်(right to adequate living standard, right to prosperity)တို့ ဆုံးရှုံးခြင်း၊ ပင်ကိုမူလ ရေရှားပါးသည့်အရပ်ဒေသများတွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် မြေအောက်ရေများ ပိုမိုနည်းပါးလာပြီး ရေသုံးစွဲမှု ပိုမိုခက်ခဲလာသည့်အတွက် ရေရရှိခွင့် ( right to water) ထိခိုက်လာနိုင်ခြင်း၊ သန့်ရှင်းကောင်းမွန်သော မိလ္လာစနစ် ( right to sanitation) ဆုံးရှုံးရခြင်း၊ သန့်ရှင်းသော ရေရရှိခွင့်ဆုံးရှုံးမှုကြောင့် ရေ ကြောင့်ဖြစ်သော ရောဂါများခံစားရခြင်း၊ သဘာဝဘေးအန္တရာယ်၏နောက်ဆက်တွဲ ထိခိုက်ဒဏ်ရာများ ရရှိလာနိုင်ခြင်းနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ကူးစက်ရောဂါများ ခံစားရချိန်တွင် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ခံယူပိုင်ခွင့် ( right to health) ဆုံးရှုံးနိုင်ခြင်းနှင့် အဆိုးရွားဆုံးမှာ ထိခိုက်လွယ်သောအုပ်စုများ အထူးသဖြင့် အမျိုးသမီး၊ ကလေး သူငယ်၊ မသန်စွမ်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု ( right to development)ကို အဓိက အဟန့်အတားဖြစ်စေနိုင်ခြင်းပင်ဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ဆိုထားသည်မှာ ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေးကဏ္ဍအတွက် အဓိကတာဝန်ရှိသူမှာ သက်ဆိုင်ရာနိုင်ငံအစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ၎င်းတို့၏ ရာသီဥတုပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့် သဘောတူညီချက်များ၊ မူဝါဒများနှင့် ဆောင်ရွက်ပုံနည်းလမ်းများဖြစ်သည်ဟု ဆိုထားသည်။ နိုင်ငံတော်အစိုးရသည် ၎င်းနိုင်ငံအတွင်းရှိ ပြည်သူများ၏ လူ့အခွင့်အရေးများအား လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန် အဓိကတာဝန်ရှိပါသည်။ သို့အတွက် နိုင်ငံတွင်း မှ ပြည်သူပြည်သားများ၏ လူ့အခွင့်အရေးများကို ထိခိုက်လာနိုင်စေသည့် ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်တည်လာနိုင်သော အရာအားလုံးကို နိုင်ငံတော်က ကြိုတင်ကာကွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်သည့်နည်းလမ်းများ ကျင့်သုံးဆောင်ရွက်ခြင်း၊ သစ်တောများမပြုန်းတီးစေရေးဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းနေထိုင်ကြသူ ပြည်သူ ပြည်သားများ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတများ ရရှိနေရန်နှင့် သဘာဝဘေးခံစားရပြီးချိန်တွင်လည်း မည်ကဲ့သို့ နေထိုင်ရမည်ဆိုသည်ကို ကျင့်သားရ ပြင်ဆင်ကြရမည့် အသိပညာများရရှိဖို့ လိုအပ်သည်။ သို့အတွက် ပြည်သူများအတွင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်သည်။

၂၀၁၇ ခုနှစ် ဇွန် ၅ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားခဲ့သည့် အမှာစကားတွင် ကမ္ဘာကြီးအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ပေါ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံး ခံနေရသည့် နိုင်ငံဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်တုံ့ပြန်နိုင်ရန် ကာလရှည် အမျိုးသားစီမံချက် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ် သည်ကို အသိအမှတ်ပြုထားသည့်အပြင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားမူဝါဒတစ်ရပ်ကို ထုတ်ပြန်နိုင်ရန်အတွက် ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်နေကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်ကို ကြားသိလိုက်ရသည့်အတွက် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ကာကွယ်ပေးနိုင်မည့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို ပြည်သူတစ်ဦးအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ဝမ်းမြောက်မိသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်တုံ့ပြန်နိုင်ရန် ကာလရှည် အမျိုးသားစီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူလူထုကိုဦးစားပေးပြီး ပြည်သူလူထုဗဟိုပြု၊ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှုလမ်းစဉ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှုလမ်းစဉ်များဆိုရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ခွဲခြားမှုမရှိရေး၊ တရားမျှတမှုရှိရေးနှင့် အထူးသဖြင့် သဘာဝဘေးဒဏ်ခံ ပြည်သူများအတွက် ပြန်လည် ကုစားပေးနိုင်မှု၊ ပွင့်လင်းမြင်သာမှုတို့ ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်တုံ့ပြန်နိုင်ရန် အစီအစဉ်ရေးဆွဲမည် သို့မဟုတ် မူဝါဒများ ချမှတ်မည်ဆိုလျှင် နိုင်ငံအတွင်းရှိပြည်သူများ လူ့အခွင့်အရေးများကို အပြည့်အဝခံစားရရှိနိုင်ရေးဆိုသည့် အချက်ကို ရည်ရွယ်ချက်ထားရှိဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ကဏ္ဍသည်လည်း အရေးပါသည့်နေရာတွင် ရှိနေပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အထူးဂရုပြုရမည်ဖြစ်သလို လူသားများ၏ လူ့အခွင့်အရေးများကို မထိခိုက်ရန်လည်း ကာကွယ်ရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ ကြိုးပမ်းမှုအစီအစဉ်များအတွက် နိုင်ငံတော်အစိုးရ၏ အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်ပါ။ ပြည်သူပြည်သားအားလုံးကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်သည်။ မိမိတို့အခွင့်အရေးများ မထိခိုက် မဆုံးရှုံးစေရေး၊ အပြည့်အဝခံစားနိုင်ရေးတို့အတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ကို အမြဲမပြတ် သတိပြုထားရန် လိုအပ်ပါသည်။ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပါကလည်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာများ၊ ဘဏ္ဍာငွေအထောက်အပံ့များ လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာရခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၏ ၉၀ ရာခိုင်နှုန်းမှာ လူသားများ၏ ပယောဂကြောင့် ဖြစ်သည့်အတွက် လူသားများက ပြန်လည်ပြုပြင် ကာကွယ်တည်ဆောက်ကြလျှင်ဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကို ကာကွယ်နိုင်မည်ဖြစ်သလို လူသားများလည်း လူ့အခွင့်အရေးများ မဆုံးရှုံးတော့ဘဲ ပျော်ရွှင်စွာဖြင့် အခွင့်အရေးများ ခံစားနိုင်မည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုသည် နိုင်ငံတစ်နိုင်ငံတည်းနှင့်သက်ဆိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ်မဟုတ်ဘဲ နိုင်ငံတိုင်း၊ ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည့် ခြိမ်းခြောက်မှုဖြစ်စဉ် ဖြစ်လာနေပြီဖြစ်သည်။ သို့အတွက် ယခု မျိုးဆက်များနှင့် နောက်လာမည့် အနာဂတ်မျိုးဆက်သစ်များအနေဖြင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရခြင်းများ လျော့နည်း ပပျောက်နိုင်ရေးအတွက် ရာသီဥတုပြောင်းလဲလာမှု၊ ခြိမ်းခြောက်မှုဖြစ်စဉ်ကို တုံ့ပြန်ကာကွယ် တိုက်ဖျက်နိုင်ရေး ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ဆိုထားသည်မှာ ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေးကဏ္ဍအတွက် အဓိကတာဝန်ရှိသူမှာ သက်ဆိုင်ရာနိုင်ငံအစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ၎င်းတို့၏ ရာသီဥတုပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့် သဘောတူညီချက်များ၊ မူဝါဒများနှင့် ဆောင်ရွက်ပုံနည်းလမ်းများဖြစ်သည်ဟု ဆိုထားသည်။ နိုင်ငံတော်အစိုးရသည် ၎င်းနိုင်ငံအတွင်းရှိ ပြည်သူများ၏ လူ့အခွင့်အရေးများအား လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန် အဓိကတာဝန်ရှိ**

## တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး



**မကွေး ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးအယ်လ်တိန်းဘောမ်တို့က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေး အရာရှိများ၊ တရားသူကြီးများ၊ USAID-PRLP မှ Pilot Court Coordinator ဦးမြင့်မောင်မောင်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်မှ ၂ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## အခွန်အကောက်ဥပဒေ ရှင်းလင်းပွဲကျင်းပ

**ကန်ကြီးထောင့် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ အခွန်အကောက်ဥပဒေများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေရှင်းလင်းပွဲကို ဇွန်လနောက်ဆုံးပတ်က ဧရာသီရိသုခခန်းမ၌ ကျင်းပရာ အခွန်ဦးစီးဌာနမှူး ဒေါ်ခင်ပပစိုးက အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များနှင့် လက်ရှိကောက်ခံလျက်ရှိသည့် အခွန်နှုန်းထားများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင် ကော်မတီဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

## မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**သရက် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီးသရက်မြို့၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည် အစည်းအဝေးကျင်းပခြင်းကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)က အမှာစကား ပြောကြားပေးပြီး သရက်တပ်နယ်မှူး ဗိုလ်မှူးကြီး ငွေမြင့်က ပစ(၁၂)မှ စစ်မှုထမ်းဟောင်းသားသမီးများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်၊ ခဲတံများ၊ ချွန်စက်များအား ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌအရာခံဗိုလ်(ငြိမ်း) မြအောင်က အသင်းကြီး၏ ဆောင်ရွက်ချက်များအား တင်ပြဆွေးနွေးပြီး ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)က ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မြန်မာ့မြေပေါ်မှ မဟာမိတ်စစ်သင်္ချိုင်းများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာ့သမိုင်းတွင်ဖြစ်ပွားခဲ့သည့် ကမ္ဘာစစ်ကြီးနှစ်ပွဲအနက် ပထမကမ္ဘာစစ်ကြီး(ခရစ်နှစ်၁၉၁၄-၁၉၁၈)အတွင်း လူ ၁၇ သန်းသေဆုံး၍ သန်း ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး (ခရစ်နှစ် ၁၉၃၉-၁၉၄၅) အတွင်း လူဦးရေ သန်း ၆၀ ကျော် သေကျေ၊ ဒဏ်ရာရရှိခဲ့ကြသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့ စစ်မြေပြင်အသီးသီးတွင် စစ်သည်များသာမက အရပ်သားပြည်သူများ လည်း သေကျေခဲ့ကြရပေသည်။ စစ်ပွဲကြီးများအပြီးတွင် အနိဋ္ဌာရုံများစွာ ကျန်ရှိခဲ့ရာ စစ်သင်္ချိုင်းများကို စစ်၏ပြယုဂ်များအဖြစ် မြင်တွေ့နိုင်ကြသည်။

ကမ္ဘာစစ်ကြီးနှစ်ခုပြီးဆုံးပြီးနောက် စစ်အတွင်းက ပေါင်းစည်းခဲ့သည့် မဟာမိတ်နိုင်ငံများသည် စစ်ပွဲများတွင်ကျဆုံးခဲ့သည့် မိမိတို့စစ်သည်များ၏ အထိမ်းအမှတ်ဂူများထားရှိရန် နိုင်ငံအသီးသီး၌ မဟာမိတ်စစ်သင်္ချိုင်းများကို တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ကျဆုံးစစ်သည်များ၏ ကျန်ရစ်သူမိသားစုများသည် စစ်သင်္ချိုင်းများရှိ အထိမ်းအမှတ် အုတ်ဂူများ၌ မိမိတို့ကိုးကွယ်ရာ ဘာသာထုံးတမ်းများအတိုင်း သွားရောက်ဂါဝရပြုနိုင်ခဲ့ကြပြီး နှစ်ကာလကြာရှည်လာချိန်တွင် သမိုင်းဝင်စစ်သင်္ချိုင်းများအဖြစ် ထင်ရှားလာခဲ့သည်။

**မြန်မာနိုင်ငံနှင့် စစ်သင်္ချိုင်းများ**

ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှတို့သည် ရန်ကုန်မြို့၌ စစ်သင်္ချိုင်းနှစ်ခုနှင့် သံဖြူဇရပ်မြို့၌ စစ်သင်္ချိုင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် မြန်မာနိုင်ငံ၏ပထမဆုံး မဟာမိတ် စစ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို ၁၉၄၅ ခုနှစ်တွင်ဖွင့်လှစ်၍ အထိမ်းအမှတ်အုတ်ဂူ ၁၃၈၁ ခု ထားရှိခဲ့သည်။

စစ်သင်္ချိုင်းသုံးခုအနက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ၁၉၅၁ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည့် ထောက်ကြန့်စစ်သင်္ချိုင်းသည် အကြီးဆုံးဖြစ်ပြီး ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ပွဲများအတွင်း မြန်မာနိုင်ငံ စစ်မြေပြင်အသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦး၏ အထိမ်းအမှတ် အုတ်ဂူငယ်များကို ထားရှိသည်။ ထို့အတူ မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် အုတ်ဂူငယ် ၃၇၇၁ ခုရှိသည့် မဟာမိတ်စစ်သင်္ချိုင်းတစ်ခုကို ၁၉၄၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။



ထောက်ကြန့်စစ်သင်္ချိုင်း

**ရန်ကုန်စစ်သင်္ချိုင်း**

မြန်မာနိုင်ငံ၏ ပထမဆုံး မဟာမိတ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို စမ်းချောင်းမြို့နယ် ယခု ဟံသာဝတီ အဝိုင်းအနီးတွင် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ဗြိတိသျှတို့သည် ဂျပန်များလက်အောက်မှ ရန်ကုန်မြို့ကို ၁၉၄၅ ခုနှစ် မေလတွင် ပြန်လည်ရယူခဲ့ပြီးနောက် ရန်ကုန်စစ်သင်္ချိုင်းနေရာကို သင်္ချိုင်းအဖြစ် စတင်အသုံးပြုခဲ့သည်။ ရန်ကုန်ထောင်အတွင်း ကွယ်လွန်ခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများအပါအဝင် ရန်ကုန်မြို့နှင့်အနီးဝန်းကျင်ဒေသများတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည် အလောင်းများကို ရန်ကုန်စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ရန်ကုန်မြို့တွင်သေဆုံးခဲ့ပြီး ရန်ကုန်တပ်မြေသင်္ချိုင်းတွင် မြှုပ်နှံထားသည့် မဟာမိတ်စစ်သည် ၃၅ ဦးနှင့် ပုဇွန်တောင်တွင် မြှုပ်နှံထားသူတစ်ဦးကို ၁၉၄၈ ခုနှစ်တွင် ရန်ကုန်သင်္ချိုင်းသို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။

ရန်ကုန်စစ်သင်္ချိုင်းတွင် အထိမ်းအမှတ်ဂူ ၁၃၈၁ ခုကို ထားရှိသည့်အနက် ၈၆ ခုမှာ အမည်မှတ်တမ်းမရှိချေ။ စစ်သင်္ချိုင်းအဝတွင် ၁၉၃၉ ခုနှစ် မှ ၁၉၄၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သူများကို ရည်ညွှန်းလျက် "ဤနေရာ၌ ဂုဏ်ပြုအပ်သည့် ရေတပ်၊ ကုန်းတပ်နှင့် လေတပ်သားများနိယာမ ခေါင်းချဘို့ရန် ဤသုသာန်တည်ရှိသော မြေနေရာသည်ကား မြန်မာလူမျိုးတို့၏ကောင်းမှုတည်း"ဟု မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ကမ္ပည်းရေးထိုးထားသည်။

**သံဖြူဇရပ်စစ်သင်္ချိုင်း**

သံဖြူဇရပ်စစ်သင်္ချိုင်းသည် သံဖြူဇရပ်-မောင်းမကန် ကားလမ်းဘေးတွင် တည်ရှိပြီး ၂၅ ဧကကျော် ကျယ်ဝန်းသည်။ ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်သည့် သေမင်းတမန်ရထားလမ်း ဖောက်လုပ်ရာတွင် သေဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၃၁၄၉ ဦးနှင့် ဒတ်ချ်စစ်သည် ၆၂၁ ဦးတို့၏ အထိမ်းအမှတ်အုတ်ဂူများကို သံဖြူဇရပ်စစ်သင်္ချိုင်းတွင် ထားရှိသည်။ သံဖြူဇရပ် စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံဆာဟူးဘာရန့်တို့က ဖွင့်လှစ်ပေးခဲ့သည်။ သံဖြူဇရပ်မြို့ရှိ မဟာမိတ်စစ်သင်္ချိုင်းသည် မွန်ပြည်နယ်သို့လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားများ သွားရောက်လေ့ရှိသည့် ခရီးသွားနယ်မြေတစ်ခုအဖြစ် ထင်ရှားသည်။

သံဖြူဇရပ်မြို့သည် ရန်ကုန်-ထားဝယ် မီးရထားလမ်း၊ ရန်ကုန်-ကော့သောင်း မော်တော်ကားလမ်းနှင့် မော်လမြိုင်-ကျိုက္ခမီ မော်တော်ကားလမ်းတို့ဆုံသည့်နေရာတွင် တည်ရှိပြီး မော်လမြိုင်မြို့မှ တောင်ဘက်သို့ မိုင် ၄၀ ကွာဝေး၍ ရေးမြို့မှ မြောက်ဘက်သို့ ၅၇ မိုင် ကွာဝေးသည်။

ဂျပန်နိုင်ငံသည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်၍ မိုင် ၂၅၀ ကျော်ရှည်သည့် မီးရထားလမ်းကို ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၄ လ စီမံကိန်း ဆောင်ရွက်ခဲ့ရာ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ မီးရထားလမ်းသည် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှစတင်၍ ထိုင်းနိုင်ငံ ဘန်ပေါင်းတွင် အဆုံးသတ်ခဲ့ရာ မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင် ၇၀ ကျော် ရှည်လျားသည်။

ရထားလမ်းဖောက်လုပ်ခဲ့စဉ် မြန်မာပြည်သူများနှင့် စစ်သုံ့ပန်းများစွာ အသက်ဆုံးရှုံးခဲ့သဖြင့် သေမင်းတမန် ရထားလမ်းဟု အမည်တွင်ခဲ့သည်။ သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူနယ်စပ် တောင်ကြားကို ဖြတ်သန်းလျက် ထိုင်းနိုင်ငံ ဘန်ပေါင်းရှိ ဘန်ကောက်-စင်္ကာပူ မီးရထားလမ်းနှင့် ချိတ်ဆက်သည့် သေမင်းတမန်မီးရထားလမ်းကို ထိုင်းနိုင်ငံဘက်ခြမ်းတွင်တစ်စု၊ မြန်မာနိုင်ငံဘက်ခြမ်းတွင် တစ်စုခွဲကာ စစ်သုံ့ပန်းများနှင့် ပြည်သူများက ဖောက်လုပ်ခဲ့ကြရသည်။

ရထားလမ်းဖောက်လုပ်စဉ် အစာအာဟာရ မပြည့်စုံမှု၊ ရာသီဥတု ဆိုးရွားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိမှု၊ ဖက်ဆစ်များ၏ညှဉ်းပန်းမှု စသည့် အကြောင်းများစွာကြောင့် မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး သေဆုံးသူများကို ရထားလမ်းတစ်လျှောက် မြှုပ်နှံခဲ့သည်ဟု စစ်သင်္ချိုင်းများ မှတ်တမ်းတွင် ရေးသားထားသည်။ မြန်မာနိုင်ငံ ဒေသအသီးသီးမှ ကျန်းမာသန်စွမ်းသော အမျိုးသားများကို မရရသည့်နည်းဖြင့် စုဆောင်းခဲ့သဖြင့် ချွေးတပ်ဆွဲသည်ဟု ထင်ရှားခဲ့ပြီး မီးရထားလမ်းဖောက်လုပ်ရေး ဆောင်ရွက်ခဲ့ရာတွင် လုပ်သားပေါင်း ၈၀၀၀၀ မှ ၁၀၀၀၀၀ အကြား သေဆုံးခဲ့သည်။

သေမင်းတမန်မီးရထားလမ်း ဖောက်လုပ်ရာတွင် အလုပ်လုပ်ခဲ့ရသည့် မဟာမိတ်စစ်သုံ့ပန်း ၆၁၀၀၀ အနက် ၁၂၃၉၉ ဦး သေဆုံးခဲ့သည်။ မီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာတိုင်းရင်းသားများအပါအဝင် အာရှတိုင်းရင်းသား ၂၇၀၀၀၀ အနက် ၉၀၀၀၀ ကျော် သေဆုံးခဲ့ကြရကြောင်း ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းတွင် ဖော်ပြထားသည်။ ရထားလမ်း မိုင် ၂၆၀ ခန့်ရှိရာ တစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမား ၃၄၆ ဦး သေဆုံးခဲ့ရကြောင်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း ပြုစုခဲ့သူ စာရေးဆရာ လင်းယုန်သစ်လွင်က ရေးသားခဲ့သည်။

သံဖြူဇရပ်စစ်သင်္ချိုင်းသည် လုပအေးချမ်းသည့်အသွင်ကို



သံဖြူဇရပ်စစ်သင်္ချိုင်း

ဆောင်နေသော်လည်း စစ်၏အနိဋ္ဌာရုံတစ်ရပ်အဖြစ် နိုင်ငံများအကြား ရန်မီးတောက်လောင်ခဲ့မှု ရလာဒ်ဆိုး တစ်ခုကို သက်သေပြလျက်ရှိနေပေသည်။

**ထောက်ကြန့်စစ်သင်္ချိုင်း**

ထောက်ကြန့်စစ်သင်္ချိုင်းသည် ရန်ကုန်-ပြည် ကားလမ်းမ၏ အရှေ့ဘက်ခြမ်း မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိပြီး ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၅ ကီလိုမီတာ (၁၆ မိုင်) ကွာဝေးပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ကျေးရွာအနီးတွင် တည်ရှိသဖြင့် ထောက်ကြန့်စစ်သင်္ချိုင်းဟု ထင်ရှားခဲ့သည်။ ထောက်ကြန့်မြို့သည် ယခင်က ရွာကြီးတစ်ရွာသာဖြစ်သော်လည်း ရန်ကုန်-ပဲခူး ကားလမ်းနှင့် ရန်ကုန်-ပြည် ကားလမ်းဆုံဖြစ်သဖြင့် စည်ကားသောနေရာတစ်ခုဖြစ်သည်။

စစ်သင်္ချိုင်းအဝတွင်စိုက်ထူထားသည့် အစိမ်းရောင်ဆိုင်းဘုတ်ပေါ်၌ "ဤသင်္ချိုင်းတည်ရှိရာမြေသည်ကား ပထမနှင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော ကုန်းတပ်၊ ရေတပ်၊ လေတပ်သားတို့၏ ထာဝရလဲလျောင်းရာနှင့် ကျန်ရစ်သူတို့ လာရောက်ဂါဝရပြုရာ ဆိပ်ငြိမ်ပရဝဏ်ဖြစ်သည်"ဟု မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသည်။

ထောက်ကြန့်စစ်သင်္ချိုင်းတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ စစ်မြေပြင်အသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦးတို့၏ အထိမ်းအမှတ် အုတ်ဂူငယ်လေးများကို ပြုလုပ်ထားသည်။ အုတ်ဂူ ၅၂ ခုသည် ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သူများ၏ ဂူများဖြစ်ပြီး အုတ်ဂူ ၈၆၇ ခုသည် အမည်မသိစစ်သည်များ၏ ဂူများဖြစ်သည်။ ယင်းဂူများတွင် အိန္ဒိယလူမျိုးစစ်သည် ၁၈၁၉ ဦးတို့၏ အမှတ်တရဂူများ ပါဝင်ပြီး ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ကျဆုံးခဲ့သည့် မြန်မာအင်ဂျင်နီယာတပ်(Burma Sappers & Miners)မှ အသက် ၃၁ နှစ်အရွယ် ဗိုလ်ကြီး စိန်ထွန်း၏ အမှတ်တရအုတ်ဂူကိုလည်း မြင်တွေ့နိုင်ပေသည်။

သေဆုံးသူအများစုသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသဖြင့် အထိမ်းအမှတ်ဂူငယ်များပေါ်တွင် ခရစ်ယာန်ဘာသာအထိမ်းအမှတ် လက်ဝါးကပ်တိုင်ပုံများကို ပြုလုပ်ထားသည်။ ထို့အတူ စစ်သင်္ချိုင်းများ၏အလယ်တွင် လက်ဝါးကပ်တိုင်ကြီးများကို ထောင်ထားသည်။ ဗုဒ္ဓဘာသာဝင်များ၏ အထိမ်းအမှတ်ဂူများတွင် အမည်နှင့်ယှဉ်တွဲလျက် စေတီပုံများကို မြင်ကြရပေသည်။ အစ္စလာမ်ဘာသာကိုးကွယ်သူများ၏ အုတ်ဂူများကို အာရဗီဘာသာဖြင့် မှတ်တမ်းရေးထိုးထားကာ နေရာသီးသန့် ပြုလုပ်ပေးထားသည်။

စစ်သည်အများစုသည် မြန်မာနိုင်ငံ စစ်မြေပြင်လေးခုဖြစ်သည့် မိတ္ထီလာ၊ စစ်တွေ၊ မန္တလေးနှင့် ဆားမော်တို့တွင် ကျဆုံးခဲ့ကြသူများဖြစ်ကာ စစ်သည်များ၏ရုပ်ကြွင်းများအား အဆိုပါဒေသ သုသာန်များတွင် ရေရှည်ထိန်းသိမ်းရန် ခက်ခဲမှုရှိသဖြင့် ရန်ကုန်မြို့သို့သယ်ယူကာ ထောက်ကြန့်စစ်သင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်။ မြစ်ကြီးနားတိုက်ပွဲတွင် ကျဆုံးခဲ့ပြီး မြစ်ကြီးနားချင်ဒစ် သုသာန်တွင် မြှုပ်နှံထားသော စစ်သည်ရုပ်ကြွင်းများကို ထောက်ကြန့်စစ်သင်္ချိုင်းသို့ နောက်ဆုံး သယ်ယူခဲ့သည်။

ပထမကမ္ဘာစစ်အတွင်းကျဆုံးခဲ့သည့် မဟာမိတ်စစ်သည်များအနက် ဟင်္သာတမှ ရုပ်အလောင်းတစ်ခု၊ မိတ္ထီလာ စစ်တပ်နယ်မြေမှ ရုပ်အလောင်းရှစ်ခု၊ သရက်မှ လေးခု၊ တန်မခန်မှ လေးခု၊ မန္တလေးစစ်တပ်မှ ၁၂ ခု နှင့် မေမြို့တပ်နယ်မှ ၂၂ ခု စုစုပေါင်း ရုပ်အလောင်း ၅၁ ခုကို ၁၉၅၀ ပြည့်နှစ်တွင် ထောက်ကြန့်စစ်သင်္ချိုင်းသို့ သယ်ယူခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ကျဆုံးစစ်သည် ၁၉ ဦးတို့၏ ရုပ်ကြွင်းများကို အောင်ပန်း၊ ပုသိမ်၊ ကွမ်းခြံကုန်း၊ လွိုင်ကော်၊ မိုင်းတုံ၊ ပြည်၊ ပျဉ်းမနားနှင့် ရွှေဘိုသင်္ချိုင်းများတွင် မြှုပ်နှံခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ တောတွင်းနှင့် မြို့ရွာများ၏ လမ်းဘေးသင်္ချိုင်းများတွင် မြှုပ်နှံထားသည့် စစ်သည်အချို့၏ ရုပ်အလောင်းများကိုလည်း ထောက်ကြန့်စစ်သင်္ချိုင်းသို့ သယ်ယူခဲ့သည်။

ထောက်ကြန့် ဗြိတိသျှနေသဟာယ စစ်သင်္ချိုင်းရှိ အမှတ်တရ ဂူငယ်များတွင် အင်္ဂလိပ်အစိုးရကချီးမြှင့်သော ဗစ်တိုးရီးယား တံဆိပ်(Victoria Cross)ရရှိသူ ခုနစ်ဦးပါဝင်ရာ နှစ်ဦးမှာ အိန္ဒိယစစ်သည်များဖြစ်ကြသည်။ အမှတ်တရကျောက်စာတိုင်ပေါ်တွင် ရန်ကုန်စစ်မြေပြင်တွင် ကျဆုံးခဲ့သူများ၏ အမည်များကို မွေးသက္ကရာဇ်များ၊ ကျဆုံးရက်များနှင့်အတူ မှတ်တမ်းတင်ထားသည်။ သူတို့သည် လွတ်လပ်သောပြည်သူအားလုံးအတွက် ကျဆုံးခဲ့ကြသည်(They died for all free men)ဟု အဓိပ္ပာယ်ရသော စာတန်းကို မြန်မာ၊ အင်္ဂလိပ်၊ ဟင်ဒီ၊ အူရဒူဘာသာများဖြင့် ကျောက်စာတိုင်ပေါ်တွင် ရေးသားထားသည်။

စစ်သင်္ချိုင်းအလယ်ရှိ အထိမ်းအမှတ် ကျောက်စာတိုင်ကြီးများပေါ်တွင် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ စစ်မြေပြင်များ၌ ကျဆုံးခဲ့သော စစ်သည် ၂၇၀၀၀ ၏ အမည်များကို ရေးသားထားသည်။ ထောက်ကြန့် မဟာမိတ်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အာရှစစ်ဘက်ဆိုင်ရာ အမှတ်တရနေရာများတွင် လာရောက်ကြည့်ရှုသူအများဆုံးနေရာတစ်ခု ဖြစ်လာခဲ့ကာ နိုင်ငံတကာတွင် Taukkyan War Cemetery ဟု ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံရှိ မဟာမိတ်စစ်သင်္ချိုင်းများကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ် နံနက် ၇ နာရီ မှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရာ လာရောက်ကြည့်ရှု အပန်းဖြေကြသူများကို နေ့စဉ်မြင်တွေ့ကြရပေသည်။ ယင်းစစ်သင်္ချိုင်းများကို ဓနသဟာယ စစ်သင်္ချိုင်း ကော်မရှင်က ထိန်းသိမ်းစောင့်ရှောက်ပြီး သင်္ချိုင်းအသုံးစရိတ်များကို ဗြိတိသျှနေသဟာယအဖွဲ့ဝင် နိုင်ငံများက မိမိတို့နိုင်ငံသားများ၏ အုတ်ဂူအရေအတွက်အတိုင်း အချိုးကျ ရန်ပုံငွေထည့်ဝင်ကြရသည်။ စစ်သင်္ချိုင်းများ အထွေထွေစရိတ်အားလုံးကို ဗြိတိသျှ နေသဟာယရန်ပုံငွေမှ ကျခံပြီး စစ်သင်္ချိုင်းသို့ လာရောက်ကြည့်ရှုကြသော ပြည်သူများအား ဝင်ကြေးမယူဘဲ ဖွင့်လှစ်ပြသထားသည်။

စစ်သင်္ချိုင်းများသို့ နိုင်ငံပေါင်းစုံမှ ကျဆုံးစစ်သည်များ၏ မိသားစုများက လာရောက်ဂါရဝပြုလေ့ရှိကြပြီး အောက်မေ့ဖွယ်အခမ်းအနားများ လာရောက်ပြုလုပ်ကြသကဲ့သို့ ပြည်တွင်းမှ ခရီးသွားများသည်လည်း စစ်သင်္ချိုင်းများသို့ သွားကာ အနားယူ အပန်းဖြေလေ့လာလေ့ရှိကြသည်။

စစ်သင်္ချိုင်းသို့ လာရောက်လေ့လာကြသူများသည် စစ်ပွဲများအတွင်း ကျဆုံးခဲ့သူများ၏ အထိမ်းအမှတ်ဂူများကို ကြည့်ရှုလျက် စစ်ပွဲ၏ အနိဋ္ဌာရုံများကို သတိမူမိသကဲ့သို့ စစ်ပွဲများမရှိသော ငြိမ်းချမ်းသည့် လူမှုဘဝများကို တောင့်တမိကြမည်သာဖြစ်ပေသည်။ စစ်သင်္ချိုင်းများကို လုပစွာမွမ်းမံလျက် အပန်းဖြေဥယျာဉ်များသဖွယ် ပြုလုပ်ထားသော်လည်း စစ်သင်္ချိုင်းများသည် လူသားအချင်းချင်းဖြစ်ပွားခဲ့သည့် ရန်မီးတောက်လောင်ခြင်း၏ သမိုင်းရလာဒ်များကို သက်သေပြလျက် ရှိနေပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)**

**(၂) ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း (လင်းယုန်သစ်လွင်)**

**(၃) World Cemeteries in Myanmar (CWGC)**

# သဘာဝအတိုင်း ကြယ်လိပ်မွေးမြူမှု အောင်မြင်လျက်ရှိ

**နွားထိုးကြီး ဇူလိုင် ၃**

မျိုးတုံးတော့မည့်အန္တရာယ်ရှိပြီး ကမ္ဘာ့ရှားပါးတိရစ္ဆာန်စာရင်းဝင်အဖြစ် သတ်မှတ်ထားခြင်းခံရသော ကြယ်လိပ်များကို နွားထိုးကြီးမြို့နယ်အတွင်းရှိ မင်းစုံတောင်ဘေးမဲ့တော၌ သဘာဝအတိုင်း မွေးမြူထားရာ လက်ရှိအချိန်တွင် မွေးမြူမှုများ အောင်မြင်လျက်ရှိကြောင်း မင်းစုံတောင်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

မင်းစုံတောင်ဘေးမဲ့တော၌ ကြယ်လိပ်များကို သဘာဝအတိုင်းလွှတ်ထား၍ မွေးမြူရာတွင် (၄)ကြိမ်မြောက်အထိ ကြယ်လိပ်ကောင်ရေ တစ်ထောင်ကျော် လွှတ်၍ မွေးမြူခဲ့ရာ ယခုနှစ် မေလနှင့် ဇွန်လအတွင်း သားပေါက်နေပြီး ကြယ်လိပ်ကောင်ရေ တိုးပွားလျက်ရှိကြောင်း မင်းစုံတောင်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။ မင်းစုံတောင်ဘေးမဲ့တောတွင် ကြယ်လိပ်များကို ဆက်သွယ်ရေးစက်များတပ်ဆင်၍ တောထဲလွှတ်ခဲ့ပြီး သဘာဝအတိုင်း မွေးမြူသုတေသနပြုခဲ့ရာ ဒေသခံများကို ပညာပေးစည်းရုံးနိုင်မှုကြောင့် ယခုကဲ့သို့ ကြယ်လိပ်များ တိုးပွားလာခြင်းဖြစ်ကြောင်း သိရသည်။



ထို့အပြင် ကမ္ဘာ့သားငှက်တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အကူအညီဖြင့် မင်းစုံတောင်တွင် ခေတ်မီခြံခတ်နည်းဖြင့် ကြယ်လိပ်မွေးမြူမှုမှာလည်း အောင်မြင်လျက်ရှိကာ ကြယ်လိပ်ကောင်ရေများ တိုးပွားနေပြီး ယခုအခါ ကြယ်လိပ် ၇၅၀ ကို မွေးမြူထားကြောင်း သိရသည်။

ကြယ်လိပ်မှာ မျိုးတုံးတော့မည့် ကမ္ဘာ့ရှားပါးတိရစ္ဆာန်စာရင်းဝင် တိရစ္ဆာန်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် မင်းစုံတောင်ဘေးမဲ့တောနှင့် ရွှေစက်တော်၌သာ သဘာဝအတိုင်း ပေါက်ပွားလျက်ရှိကာ ယခုအခါ သဘာဝအတိုင်းမွေးမြူမှုနှင့် ခြံခတ်နည်းဖြင့် မွေးမြူမှုမှာလည်း အောင်မြင်လျက်ရှိသဖြင့် ကြယ်လိပ်များမျိုးတုံးမှုမှ ကာကွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# အထက်တန်းကျောင်း(ကျောင်းခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်

**မြို့သစ် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု မြေပြင်သာကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်း(ကျောင်းခွဲ)အဖြစ် ဇူလိုင် ၁ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့သည်။

မြေပြင်သာကျေးရွာ အထက်တန်းကျောင်း(ခွဲ)ကို ၁၉၅၉ ခုနှစ်က မူလတန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် မူလတန်းလွန်ကျောင်း၊ ၂၀၁၄ ခုနှစ်တွင် အလယ်တန်းကျောင်း(ခွဲ)နှင့် ၂၀၁၆ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**



**မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁ ရက်က ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းရွှေမြင့်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်** (မြို့နယ် ပြန်/ဆက်)

# မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲနှင့် ဆုပေးပွဲ တာချီလိတ်မြို့၌ ကျင်းပ

**တာချီလိတ် ဇူလိုင် ၃**

တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ဇွန် ၃၀ ရက်က မကာဟိုခမ်း ရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး (သဘင်)အဖွဲ့မှ ဦးမင်းမင်းထွန်း ခေါင်းဆောင်သော အနုပညာရှင်များက တေးသီချင်းများဖြင့် အဖွင့် ဖျော်ဖြေတင်ဆက်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲ၏ အကဲဖြတ်အမှတ်ပေး စည်းမျဉ်းများကို ဒိုင်ချုပ်ဖြစ်သူ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားပြု အမျိုးသမီးငယ် ၂၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တာချီလိတ် ပညာရေးဖောင်ဒေးရှင်းကိုယ်စားပြု မဇေရီထွန်းက ပထမဆု၊ တာချီလိတ် အခြေခံပညာအထက်တန်းကျောင်း ကိုယ်စားပြု မသဲစုမွန်က ဒုတိယဆုနှင့် ဆန်ဆိုင်း(ခ) ရပ်ကွက်ကိုယ်စားပြု မအေးမြတ်မြတ်မွန်တို့က တတိယဆုရရှိခဲ့ကာ ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုလက်ဆောင်များအား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**



# (၁၄)ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က (၁၄)ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ဇူလိုင် ၁ ရက် နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးနယ်မြေ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကနှင့် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေး ငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြို့နယ် သစ်တောဦးစီးဌာနတို့က သတ်မှတ်နေရာများတွင် ကံ့ကော်၊ စိန်ပန်းအပါအဝင် စိုက်ပျိုးပင်ပေါင်း ၁၅၀ ကျော် စိုက်ပျိုးခဲ့ကြသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# အောက်ဆီဂျင်ရယူမည့်လူနာများ အဆင်ပြေစေရေး ပြည်သူ့ဆေးရုံ၌ အဆောက်အအုံတည်ဆောက်

**ကသာ ဇူလိုင် ၃**

ကသာမြို့ရောကမ်းသာ လူမှုကူညီရေးအသင်းအနေဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၄ နာရီ အခမဲ့ အောက်ဆီဂျင် လှူဒါန်းပေးလျက်ရှိရာတွင် လူနာများ ပိုမိုအဆင်ပြေစေရေးအတွက် အောက်ဆီဂျင်အိုးများထားရှိနိုင်ရန် အဆောက်အအုံတစ်ခုကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မည်သူမဆို အောက်ဆီဂျင်လိုအပ်မှုရှိနေသူတိုင်းအား ခရိုင်ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ အောက်ဆီဂျင်များ အခမဲ့ ပံ့ပိုးကူညီပေးလျက်ရှိရာ လူနာများအနေဖြင့် မြို့တွင်းသွားလာ၍ အချိန်ကြန့်ကြာမှု မရှိစေရန်အတွက် အလျား ၂၆ ပေခွဲ၊ အနံ ၁၇ ပေရှိ သွပ်မိုးနံကပ်အဆောက်အအုံကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆောက်အအုံ ပြီးစီးပါက အောက်ဆီဂျင်အိုး အလုံးရေ ၅၀ ကျော်ကို ထားရှိနိုင်မည်ဖြစ်၍ လူနာများအတွက် ပို၍အဆင်ပြေမည်ဖြစ်ကြောင်း အဆောက်အအုံဆောက်လုပ်ရေး စီစဉ်ကြီးကြပ်ဆောင်ရွက်နေသူ ရောကမ်းသာအသင်းအဖွဲ့ဥက္ကဋ္ဌ ကိုကျော်မျိုးဦးက ပြောသည်။

အဆိုပါ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကသာမြို့နယ်အတွင်းရှိ စေတနာရှင် အလှူရှင်များက အလှူငွေများ လာရောက်ထောက်ပံ့ကူညီပေးလျက်ရှိရာ ကသာမြို့မှ သတင်းမီဒီယာများနှင့် စေတနာရှင် အလှူရှင်များက ဇူလိုင် ၁ ရက်တွင် အလှူငွေများ ပေးအပ်ခဲ့သည်။ လက်ရှိအချိန်တွင် လှူဒါန်းငွေများဖြင့် အဆောက်အအုံ ရာခိုင်နှုန်းအနည်းငယ် ဆောက်လုပ်ပြီးစီးနေသော်လည်း ထောက်ပံ့ကူညီမည့် အလှူရှင်များ ဆက်လက်လိုအပ်နေသဖြင့် လှူဒါန်းကူညီလိုပါက ရောကမ်းသာ လူမှုကူညီရေးအသင်း ဖုန်း-၀၉-၄၀၀၄၃၃၈၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



# အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**နတ်မောက် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ဇူလိုင် ၁ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကျောင်းဆိုင်းဘုတ်ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နတ်မောက်မြို့ ဒီပင်္ကရာပရိယတ္တိစာသင်တိုက် နာယကဆရာတော်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဆိုင်ရာများကို မှာကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အဆိုပါ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ယခုနှစ်တွင် ဆရာဆရာမ ၁၈ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၃၆၃ ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# လီဗာပူးနှင့် ကိုင်တာတို့သည် . . .

ဒီနှစ်အပြောင်းအရွှေ့ကာလမှာ ကစားသမားသစ်တွေ အပြိုင်အဆိုင်ခေါ်ယူနေတဲ့ ထိပ်တန်းအသင်းတွေမှာ လီဗာပူးတို့ကလည်း စံချိန်တင်ဈေးပေးမှုနဲ့အတူ လှုပ်လှုပ်ရှားရှားရှိနေပါတယ်။ လီဗာပူးနည်းပြ ဂျာဂျင်ကလော့ကတော့ ဘွန်ဒက်စ်လီဂါကလပ် လိုက်ဇစ်ပ်ရဲ့ကွင်းလယ်ကစားသမား နာဘိုင်ကိုင်တာကို ခေါ်ယူဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။



လီဗာပူးအသင်းဟာ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ ကိုင်တာကို ခေါ်ယူဖို့အတွက် လိုက်ဇစ်ပ်အသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်တာမို့ အခြေအနေက တိုးတက်မှုရှိတယ်လို့ ဆိုနေပါတယ်။ လိုက်ဇစ်ပ်အသင်းဟာ ကိုင်တာအတွက် ယူရို သန်း ၇၀ ရရင် ရောင်းမယ်လို့ သတင်းတွေထွက်ပေါ်နေခဲ့တာမို့ လီဗာပူးကလည်း အဲဒီငွေကြေး ပမာဏပေးပြီး ခေါ်ယူနိုင်ရေး ကြိုးစားနေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား နာဘိုင်ကိုင်တာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဘွန်ဒက်စ်လီဂါကလပ် လိုက်ဇစ်ပ်အတွက် ခြေစွမ်းပြနိုင်ခဲ့ပြီး သွင်းဂိုး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ကစားဖော်တွေ ဂိုးသွင်းနိုင်အောင် ခုနစ်ကြိမ်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ယခုအပြောင်းအရွှေ့မှာ လိုအပ်နေတဲ့ ကွင်းလယ်ကစားကွက်နေရာအတွက် နံပါတ်တစ် ဦးစားပေးအဖြစ် ကိုင်တာကို ရအောင်ခေါ်ယူဖို့ ကြိုးစားနေခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကိုင်တာကို ခေါ်ယူနိုင်ဖို့အတွက် ရီးရဲမက်ဒရစ်၊ မန်စီးတီးနဲ့ ဘာစီလိုနာအသင်းတွေထက် ခြေမြန်လက်မြန်နဲ့ ခေါ်ယူဖို့ ကြိုးစားနေခြင်းဖြစ်တာမို့ အခုဆိုရင် စာချုပ်ချုပ်ဆိုနိုင်တဲ့အဆင့်ကို ရောက်ရှိတော့မှာလို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

နာမည်အပြည့်အစုံအဖြစ် နာဘိုင်လီယီ ကိုင်တာဟာ ဂိုင်နီယာ နိုင်ငံသားတစ်ဦးဖြစ်ပြီး ကွင်းလယ်ကစားသမားအပြင် တိုက်စစ်ကိုလည်း လိုက်ပါကစားနိုင်သူဖြစ်ပါတယ်။ ငယ်စဉ်ကစားသမားဘဝ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဟိုရိုယာအသင်းမှာ ကစားခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ အက်စ်ထရက်စ်အသင်းမှာ ပြောင်းရွှေ့ကစားခဲ့ရာမှာ ၂၃ ပွဲကစားပြီး လေးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၆ အထိ ရက်ဘဲလ်ဆဲလ်ဘတ်အသင်းမှာ ပြောင်းရွှေ့ကစားခဲ့ရာမှာ ၅၉ ပွဲမှာ ၂၇ ဂိုးအထိ သွင်းယူနိုင်ခဲ့လို့ လိုက်ဇစ်ပ်အသင်းက ခေါ်ယူခဲ့ပြီး ၃၁ ပွဲ ကစားခဲ့ရာမှာ ရှစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ မိခင် ဂိုင်နီယာအသင်းမှာတော့ အခုအချိန်အထိ ၂၅ ပွဲကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ဘွန်ဒက်စ်လီဂါမှာ လိုက်ဇစ်ပ်အသင်း ရာသီကုန်ချိန်မှာ ဒုတိယနေရာ ရပ်တည်နိုင်ခဲ့တာဟာ ကိုင်တာရဲ့စွမ်းဆောင်မှုတွေအများကြီး ပါဝင်ခဲ့တာမို့ လိုက်ဇစ်ပ်အသင်းကလည်း မရောင်းချလိုပေမယ့် လီဗာပူးကရအောင် ဝယ်ယူဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ လိုက်ဇစ်ပ်က ကိုင်တာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဈေးခေါ်ခဲ့တာမို့ လီဗာပူးက ယူရို သန်း ၇၀ အထိ ဈေးပေးခဲ့တာမို့ ရောင်းချဖို့ ဆွေးနွေးတဲ့အဆင့် ရောက်ရှိနေတာဖြစ်ပြီး လက်မှတ်ရေးထိုးဖို့အထိ ရောက်ရှိနေပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဒီနှစ်အပြောင်းအရွှေ့ကာလမှာ ရိုးမားအသင်းမှ အီဂျစ်ကစားသမားမိုဟာမက်ဆာလက်ကို ပြောင်းရွှေ့ကြေး ယူရို ၃၆ ဒသမ ၉ သန်းနဲ့ ခေါ်ယူခဲ့ပြီးဖြစ်သလို အခု ကိုင်တာကို လီဗာပူးအသင်းပြောင်းရွှေ့ကြေးရဲ့ စံချိန်တင် ခေါ်ယူမှုနဲ့ စာချုပ်ချုပ်ဆိုဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဟားလ်စီးတီးအသင်းက ဝဲနောက်ခံလူ ရှိဘတ်ဆင်ကိုလည်း ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းနဲ့ ခေါ်ယူနိုင်ရေး ပြင်ဆင်နေပါတယ်။

ဒါကြောင့် လာမယ့်ဘောလုံးရာသီအတွက် အခုခေါ်ယူထားတဲ့ ဘောလုံးသမားအသစ်တွေနဲ့အတူ ကြိုးကြာနီတို့ တောင်ပံရိုက်သံပြင်းပြင်းနဲ့ အမြင့်ဆုံး ပျံသန်းနိုင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

---



## ဘုန်းမောက်အသင်း အောင်မြင်မှုရရှိရန် ဒီဖိုး ကူညီပေးမည်

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ တန်းဆင်းခဲ့ရတဲ့ ဆန်းဒါးလန်းရဲ့တိုက်စစ်မှူး ဒီဖိုးက ဘုန်းမောက်အသင်းကို အောင်မြင်မှုရရှိအောင် ကူညီစွမ်းဆောင်ပေးနိုင်တော့မယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။ တိုက်စစ်မှူး ဒီဖိုးက ဘောလုံးထိန်းသိမ်းမှုနဲ့ ဖြန့်ဝေပေးနိုင်မှုတွေမှာ အားကောင်းတဲ့အပြင် ပြိုင်ဘက်နောက်တန်းကို ကောင်းကောင်းကျော်ဖြတ်နိုင်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဆန်းဒါးလန်းအတွက် စုစုပေါင်း ၁၅ ဂိုးသွင်းယူပေးထားနိုင်ခဲ့သူ ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကို ပြောင်းရွှေ့လာခဲ့ရာမှာ ဒီဖိုးဟာ ဆန်းဒါးလန်းအသင်းနဲ့ အလုပ်ဖျက်သိမ်းခဲ့ပြီး အလွတ်ပြောင်းရွှေ့ခနဲ့ ဘုန်းမောက်အသင်းကိုရောက်ရှိလာသူဖြစ်ပါတယ်။ ဒီဖိုးဟာ ဘုန်းမောက်မှာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီမှာ ဝက်စ်ဟမ်းအသင်းကနေပြီး အငှားလာရောက်ကစားခဲ့ဖူးသူဖြစ်တာမို့ မစိမ်းပါဘူး။

တိုက်စစ်မှူး ဒီဖိုးဟာ အဲဒီ ၂၀၁၀-၂၀၁၁ ကာလအတွင်းမှာ ဘုန်းမောက်အတွက် ပွဲပေါင်း ၁၀ ပွဲကစားခဲ့ရာမှာ ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တာမို့ အခုလို ဘုန်းမောက်အသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒီဖိုးကတော့ မိမိဟာ ဂိုးသွင်းခြေစွမ်းထက်မြက်နေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။

## ပရီမီယာလိဂ်တန်းတက် ဟက်ဒါဖီးလ်က မန်စီးတီးမှ အာရွန်မွိုင်ကိုခေါ်ယူ

လာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ် ချန်ပီယံဖြစ်နိုင်ရေး ပြင်ဆင်မှုတွေ ဆက်တိုက်ပြုလုပ်နေတဲ့ မန်စီးတီးအသင်းအနေနဲ့ အသင်းရဲ့ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ အာရွန်မွိုင်ကို ဟက်ဒါဖီးလ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ရှစ်သန်းနဲ့ ရောင်းချလိုက်ပြီဖြစ်ပါတယ်။ ဟက်ဒါဖီးလ်အသင်းဟာ လာမယ့်နှစ်မှာ ပရီမီယာလိဂ်ကို တက်ရောက်ကစားမယ့် အသင်းဖြစ်တာမို့ တန်းပြန်လည်မဆင်းရရေးအတွက် ကစားသမားအသစ်တွေ အားဖြည့်နေတာမို့ အခုဆိုရင်အာရွန်မွိုင်ဟာ ဟက်ဒါဖီးလ်အသင်းကို ဒုတိယမြောက် ရောက်ရှိလာတဲ့ ကစားသမားဖြစ်ပါတယ်။

တကယ်တော့ ဩစတြေးလျ ဘောလုံးသမား အာရွန်မွိုင်ဟာ မန်စီးတီးမှာ ပုံမှန်နေရာမရတာမို့ ပြီးခဲ့တဲ့ဘောလုံးရာသီက ဟက်ဒါဖီးလ်အသင်းထံ အငှားချထားခဲ့ခြင်းဖြစ်ပါတယ်။ အခုတော့ အာရွန်မွိုင်ဟာ ဟက်ဒါဖီးလ်အသင်းမှာ ခြေစွမ်းပြကစားနိုင်တဲ့အပြင် ပရီမီယာလိဂ်သို့ တန်းပြန်တက်ရေး ရက်ဒင်းနဲ့ play-offs ဗိုလ်လုပွဲ ကစားခဲ့ရာမှာ အနိုင်ရရှိခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ဂိုးကို အာရွန်မွိုင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဟက်ဒါဖီးလ်နည်းပြ ဝါနာကတော့ အာရွန်မွိုင်ဟာ ဟက်ဒါဖီးလ်အသင်း အောင်မြင်ရရှိစေရန် အထောက်အကူပြုပေးနိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ယုံကြည်နေတာမို့ အခုဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ ရအောင်ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။





## ဟာဇက်ကို ရီးရဲမက်ဒရစ်သို့ ခေါ်ယူလို

ချယ်လ်ဆီးတောင်ပံကစားသမား ဟာဇက်ကိုခေါ်ယူနိုင်ရေးအတွက် နည်းလမ်းရှာဖွေလျက်ရှိပြီး မိမိတို့လက်မလျှော့သေးကြောင်း ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းက ထုတ်ဖော်ပြောကြားနေပါတယ်။ အခုနွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလအတွင်း ဘောလုံးသမားအသစ် ခေါ်ယူနိုင်ရေးအတွက် ပေါင် သန်း ၂၅၀ အထိ သုံးစွဲခွင့်ရရှိထားတဲ့ ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းဟာ အသင်းကနေပြီး ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဒီအက်ဇ်နဲ့ မိုရာဟာတို့ကို ရောင်းထုတ်ထားပြီဖြစ်ပါတယ်။

နည်းပြဇီဒန်းဟာ ချယ်လ်ဆီးအသင်းရဲ့တောင်ပံကစားသမား ဟာဇက်ကို ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိရာ ချယ်လ်ဆီးက ရောင်းချမည်မဟုတ်ကြောင်း ငြင်းပယ်ထားတာမို့ အခက်ကြုံနေပြီး နည်းလမ်းရှာဖွေလျက်ရှိပါတယ်။ ဟာဇက်ကတော့ ရီးရဲမက်ဒရစ်အသင်းကို သွားရောက်ကစားဖို့ ဆန္ဒရှိနေပါတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံအဖြစ် ကာကွယ်နိုင်ရေးကြိုးစားမှာဖြစ်လို့ ဟာဇက်ကို ခြေစွမ်းကောင်းမွန်တဲ့ ကစားသမားကို ရောင်းချဖို့ဆိုတာ မဖြစ်နိုင်ကြောင်း တုံ့ပြန်ထားပေမယ့် ရီးရဲမက်ဒရစ်တို့ကလည်း ချန်ပီယံဖလားကာကွယ်နိုင်ရေးအတွက် ခြေစွမ်းထက်မြက်တဲ့ဟာဇက်လို ကစားသမားမျိုးကို ခေါ်ယူနိုင်ရေး ကြိုးစားနေခြင်းဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# အားနည်းချက်များရှိသည့် ကုမ္ပဏီနှစ်ခုကို အထပ်မြင့်ဆောက်လုပ်ခွင့်ပြုတော့မည်မဟုတ်

**ဝက်လက် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံနှစ်လုံးကို ဆောက်လုပ်လျက်ရှိသော ကုမ္ပဏီနှစ်ခုသည် အထပ်မြင့်တည်ဆောက်ရာတွင် အားနည်းချက်များရှိသည့်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မည့် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများတွင် အဆိုပါကုမ္ပဏီနှစ်ခုကို လုပ်ကိုင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောသည်။

ဝက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းက ဇွန် ၃၀ ရက် တိုင်းဒေသကြီးလွှတ်တော်တွင် အင်ဂျင်နီယာကြီးကြပ်မှုအားနည်းသော ကုမ္ပဏီများအား အရေးယူရန်ကိစ္စနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆိုပါကုမ္ပဏီများအား တင်ဒါလုပ်ငန်းများ ချထားလုပ်ကိုင်စေရန် အစီအစဉ်ရှိ မရှိ မေးမြန်းမှုကို ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနဲ့ ဝက်လက်မြို့နယ်မှာ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အဆောက်အအုံနှစ်လုံး ဆောက်လုပ်ဖို့ တင်ဒါခေါ်တဲ့အခါ မန္တလာဒိုင်းမွန်းစတားကုမ္ပဏီနဲ့ Sense Capital ကုမ္ပဏီ လီမိတက်တို့က တင်ဒါအောင်မြင်ပြီး တာဝန်ခံ ဆောက်နေတာဖြစ်ပါတယ်။ ကုမ္ပဏီများရဲ့တည်ဆောက်ရေးလုပ်ငန်း ပြီးစီးတာတွေကို မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှာ တစ်လ နှစ်ကြိမ် အစည်းအဝေးခေါ်ယူပြီး ကြီးကြပ်ဆောင်ရွက်ခဲ့ပေမယ့် အဲဒီကုမ္ပဏီနှစ်ခုရဲ့တာဝန်ရဲ့ MD ၊ PE တွေ၊ အင်ဂျင်နီယာတွေက ကြီးကြပ်တာ အားနည်းတာကြောင့် အချိန်မီမပြီးခဲ့ပါဘူး။ အချိန်မီမပြီးတဲ့အတွက် လုပ်ငန်းသဘောတူစာချုပ်အရ ပြီးစီးအပ်နှံရမယ့်ရက်အလိုက် တစ်ရက်ကျော်လွန်တိုင်း လုပ်ငန်းတန်ဖိုးရဲ့ ၀ ဒသမ ၀၂ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်အရေးယူသွားမှာ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီတွေဟာ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရာမှာ အားနည်းချက်တွေရှိတဲ့အတွက် မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်မယ့် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အဲဒီကုမ္ပဏီတွေ တင်ဒါအောင်ခဲ့ရင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခွင့်ပြုတော့မှာ မဟုတ်ပါဘူး"ဟု ဝန်ကြီးက ပြောသည်။

အဆိုပါအဆောက်အအုံနှစ်လုံး ဆောက်လုပ်ရန်ရရှိသော မြေနေရာမှာ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ စွန့်လွှတ်ထားသည့် မြေတစ်ကွေတွင်ဖြစ်ပြီး အဆိုပါနေရာတွင် ကျူးကျော်နေထိုင်သူများရှိနေသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကာ ကုမ္ပဏီများအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်မှ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အရှည် ၂၁ မိုင်ရှိ ကျေးရွာချင်းဆက်မြေသားလမ်း ကွန်ကရစ်ခင်းပေး

**ကလေးဝ ဇူလိုင် ၃**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြား ယုဇလယ်-ဆည်ကြီး လမ်းကျောတစ်လျှောက်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ စီစဉ်လမ်းညွှန်မှုဖြင့် ကျေးရွာချင်းဆက်မြေသားလမ်းအရှည် ၂၁ မိုင်ကို စက်ယန္တရားကြီးများ အသုံးပြုကာ ဖောက်လုပ်ခဲ့ပြီးနောက် အဆိုပါလမ်း၏ မိုင်တိုင်အမှတ် (၀/၀)မိုင်မှ (၃/၀) အထိ လမ်းအရှည်သုံးမိုင်တွင် အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းကိုပါ ခင်းပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းသည် သင်္ဂန်၊ မြို့မ၊ ကွဲ့တပ်၊ နောင်ဖနန်၊ အင်ဒိုင်း၊ မောင်းခါး၊ ဆည်ကြီး၊ အင်ဒုတ်နှင့် မိုးကောင်းကျေးရွာအုပ်စုများကိုဖြတ်၍ ဖောက်လုပ်ထားခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာပေါင်း ၃၂ ရွာရှိ အိမ်ထောင်စု ၁၈၇၅ စုမှ လူဦးရေ တစ်သောင်းနီးပါးအား လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အလွန်အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက် ၂၁ မိုင်လမ်းမကြီး ဖောက်လုပ်ပြီးနောက် လမ်းပိုင်းသုံးမိုင်တွင် ကွန်ကရစ်ခင်းခြင်းနှင့် သစ်မာ မြေထိန်းနံရံ ဆောက်လုပ်ခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၆၁ သန်း အကုန်အကျခံ၍ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လမ်းဖောက်လုပ်ပြီးစီးသဖြင့် ဒေသခံများအနေဖြင့် ယခင်က ချင်းတွင်းမြစ်ကြောင်း ရေလမ်းခရီးကိုသာ အားထားနေခဲ့ကြရာမှ ယခုအခါ ကုန်းလမ်းခရီးဖြင့် ကလေးဝ-ရေဦးလမ်းသို့ ဆက်သွယ်ကာ ထိုမှတစ်ဆင့် တန့်ဆည်၊ မုံရွာ၊ ရွှေဘို၊ မန္တလေး စသည့်မြို့များသို့ အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စုများပြောင်းရွှေ့နေထိုင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကသာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဒုံးအော့ကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျသဖြင့် မြစ်ကမ်းအနီးရှိ အိမ်ရာများသည် မြစ်ကမ်းနှင့်ဝေးရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရကာ ပြောင်းရွှေ့ရမည့်သူများမှာ အခြားနေရာများတွင် အိမ်ရာတည်ဆောက်ရန် မြေနေရာများ အခက်အခဲရှိနေသဖြင့် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဦးဆောင်သည့် ဌာနဆိုင်ရာများကို ဇူလိုင် ၁ ရက်က ပြောင်းရွှေ့နေထိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒုံးအော့ကျေးရွာရှိ ပြောင်းရွှေ့ရမည့်အိမ်ရာများတွင် နေထိုင်သူများအနေဖြင့် အဆင်ပြေစွာ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊



ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ရမည့် အိမ်ထောင်စု နှစ်စုအား ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးနှင့် ထောက်ပံ့ငွေ ကျပ်နှစ်သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကာ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစိုးမင်းညွန့်က မြေနေရာရရှိရေးကိစ္စနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒုံးအော့ကျေးရွာသည် ယခင်က အိမ်ခြေ ၂၃၀ ရှိသည့်ရွာ ဖြစ်ခဲ့ပြီး လွန်ခဲ့သော ၁၅ နှစ်ခန့်မှစ၍ ရေတိုက်စားမှု သဘာဝဘေးကြောင့် အိမ်ခြေ ၁၇၀ ခန့်နှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ကျန်းမာရေး ဆေးခန်းများပါ နေရာပြောင်းရွှေ့ခဲ့ကြရပြီး နေရာသစ်ကို ဒုံးအော့ကျေးရွာသစ်ကုန်းဟူ၍ အမည်တပ်ကာ ရွာသစ်နှင့် ရွာမဟူ၍ နှစ်ရွာဖြစ်လာခဲ့သည်။

မူလရွာမ၌ ကျန်ရှိခဲ့သော အိမ်ခြေ ၆၀ ခန့်မှာလည်း နှစ်စဉ် ရေတိုက်စားမှုကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ အိမ်ရာမြေကွက်များ ခဏခဏ ဝယ်ယူနေရသည့်အတွက် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရသလို ဒုံးအော့ကျေးရွာသစ်တွင် နေထိုင်သူများမှာလည်း မိုးတွင်းအခါ၌ ရေကြီးသဖြင့် ကုန်းပေါ် ရေလွတ်ရာ ကားလမ်းဘေးသို့ ပြောင်းရွှေ့နေထိုင်ကြရကြောင်း၊ ဒုံးအော့ရွာဟောင်းတွင် လက်ရှိကျန်နေသော အိမ်ခြေ ၆၀ မှ ပြည်သူများအနေဖြင့် နေရာပြောင်းရွှေ့ရပါက ကုန်းမြင့် ရေလွတ်ရာဖြစ်သော ရွှေကူ-ကသာ ကားလမ်းဘေး၊ သစ်တောပိုင်မြေနေရာသို့ ပြောင်းရွှေ့နေထိုင်လိုကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### အားကစားပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်

၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ကျင်းပခဲ့သော တီးတိန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများမှ ဆုရရှိသည့်အသင်းများအား ဆုပေးပွဲကို တီးတိန်မြို့ကမ်းဟောက်အားကစားကွင်း၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။ ဆုပေးပွဲတွင် ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော စကောလမ်းအသင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသောအသင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန် /ဆက်)**

### ခြင်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဇွဲထော်ကျေးရွာ၌ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်မှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်း ဦးဆောင်သောအဖွဲ့နှင့် ဘုရားကြီး ကျေးလက်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပူးပေါင်းအဖွဲ့အနေဖြင့် ကျေးရွာအတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်း၊ ရေအိုး၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ကျောင်းဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေး

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့အထက်တန်းကျောင်းဝင်းအတွင်းနှင့် ကျောင်းရှေ့ရှိ မြက်ပင်ချုံနွယ်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းစသည့် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို တာပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဇော်မိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေမီးသတ်စခန်းတာဝန်ခံ ဒုတိယဦးစီး ဦးကိုကိုမောင်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် ဇူလိုင် ၂ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ချင်းပြည်နယ်တွင် လိုင်စင်မဲ့သေနတ်ကိုင်ဆောင်ခြင်းမပြုရန် ပြည်နယ်အစိုးရက သတိပေးနှိုးဆော်ထား

**ဟားခါး ဇွန် ၃**

ချင်းပြည်နယ်တွင် ချင်းရိုးရာဓလေ့ထုံးစံအရ (ချင်းအက်ဥပဒေအရ) သေနတ်သည် ရိုးရာအမွေအနှစ်စာရင်းတွင်ပါဝင်ပြီး သေနတ်ကို အမြတ်တနိုးထား ကိုင်ဆောင်မှုများရှိကြရာ တရားဝင်မဟုတ်သည့် လိုင်စင်မဲ့သေနတ် (လုပ်သေနတ်)ကိုင်ဆောင်သူကို တွေ့ရှိပါက ထောင်ဒဏ်ခုနစ်နှစ်အထိ ကျခံနိုင်သည့်အတွက် လိုင်စင်မဲ့သေနတ်ကိုင်ဆောင်သူများအနေဖြင့် သက်ဆိုင်ရာဌာနသို့ အပ်နှံကြရန်နှင့် ဇူလိုင်လမှ အစပြု၍ အပြစ်ပေး အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရရုံးမှ သိရသည်။

"ချင်းပြည်နယ်မှာ လိုင်စင်ရှိတဲ့သေနတ်တော့ ကိုင်ဆောင်ခွင့်ရှိပါတယ်။ ကျေးလက်ဒေသတွေမှာတော့ လိုင်စင်မဲ့သေနတ်၊ လုပ်သေနတ်တွေ အကိုင်များတယ်။ အဓိကတော့ အမဲလိုက်ဖို့၊ အသုဘတွေမှာ သေဆုံးသူကို ဝမ်းနည်းကြောင်းပြသတဲ့အနေနဲ့ ပစ်ဖောက်အသုံးပြုကြတာများပါတယ်။ အခုနောက်ပိုင်းမှာတော့ လိုင်စင်ထုတ်မပေးတော့ဘူး။ တောရိုင်းတိရစ္ဆာန်တွေ ချင်းပြည်နယ်မှာ မျိုးတုံးပျောက်ကွယ်လုနီးပါးအခြေအနေမှာရှိတော့ တောကောင်သားကောင်တွေကို ထိန်းသိမ်းကာကွယ်ဖို့လိုအပ်လာပါပြီ။ ဒါကြောင့် သေနတ်ရှိတယ်ဆိုရင် မကိုင်ကြတော့ဘဲ နီးစပ်ရာရဲစခန်းကို အပ်နှံကြပါ။ ဒါမှမဟုတ်ရင် ဖျက်ဆီးလွှင့်ပစ်ကြပါလို့ အများပြည်သူသိရှိစေဖို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်"ဟု ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်တွင် ရိုးရာအမွေအနှစ်အဖြစ် ကိုင်ဆောင်ထားသည့် လိုင်စင်ရှိ သေနတ်များကို ဆက်လက်ကိုင်ဆောင်ခွင့် ပြုမည်ဖြစ်ပြီး လိုင်စင်မဲ့သေနတ်များအား ရှာဖွေဖမ်းဆီးအရေးယူမှုများ ပြုလုပ်လာပါက အာမခံပေးမည်မဟုတ်ဘဲ ထောင်ဒဏ်ကျခံသည်အထိ အပြစ်ပေးအရေးယူမည်ဖြစ်ရာ လိုင်စင်မဲ့သေနတ်ကိုင်ဆောင်သည့် ချင်းပြည်နယ်နေ ပြည်သူများအနေဖြင့် ဆက်လက်ကိုင်ဆောင်ခြင်း မပြုကြရန် ကျေးရွာတိုင်း၌ သတိပေးနှိုးဆော်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ချင်းပြည်နယ်တွင် သေနတ်များကိုင်ဆောင်မှုမှာ အမဲလိုက်ရန်အတွက် အဓိကဖြစ်ရာ အမဲလိုက်ရာမှ ဘဝတစ်သက်တာ ပစ်ခတ်ရရှိသည့် သားရဲတိရစ္ဆာန်များကို ရွာထိပ်တွင် ဂုဏ်တစ်ခုအဖြစ်မှတ်ယူကြကာ ကျောက်စာတိုင်များဖြင့် မှတ်တမ်းတင်ထွင်းထုထားကြပြီး အမဲလိုက်ရာတွင် အသုံးပြုလေ့ရှိကြသော လုပ်သေနတ်များမှာ ကာတို၊ နှစ်လုံးပြူးနှင့် တစ်လုံးပြူးသေနတ်များ ကိုင်ဆောင်ကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျိုက်ထိုမြို့နယ်အတွင်းမှ ကျောက်မိုင်းများကို ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဇူလိုင် ၃**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နယ်မြေအတွင်း ကမ်းနီကျေးရွာအုပ်စုတွင် လုပ်ကိုင် ထုတ်လုပ်လျက်ရှိသော ကျောက်မိုင်းများကို သထုံခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးအောင်ဆွေမြင့်၊ ကျိုက်ထိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်လှိုင်ဝင်းနှင့် စိစစ်ရေး ကော်မတီဝင်များအဖွဲ့က ကမ်းနီကျေးရွာ ကမ်းနီအပြင်ကွင်းရှိ လုပ်ငန်းရှင်လေးဦး၏ ကျောက်မိုင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး စည်းကမ်းချက်နှင့်အညီ ထုတ်လုပ်ကြရန်၊ အခွန်ဆောင်ကြရန်နှင့် မဆောင်သည့် ကျောက်မိုင်းများအား ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်ထက်ကျော်လွန်၍ မလုပ်ကိုင်ကြရန်နှင့် ကျေးရွာရှိ ဒေသခံ ပြည်သူများနှင့် သင့်တင့်စွာနေထိုင်ကြရန် လုပ်ငန်းရှင်များအား မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# လယ်ယာများသို့ ပင်လယ်ရေဝင်ခြင်းမှ ကာကွယ်ရန် ဒီရေတောများ စိုက်ပျိုးမည်

**ရေး ဇူလိုင် ၃**

မွန်ပြည်နယ် ရေးမြို့နယ် အဘော် ကျေးရွာအုပ်စု စုံမကျွန်းရှိ လယ်ယာမြေ ဧကပေါင်း ၇၀၀ ကျော်အနက် ထက်ဝက်နီးပါးမှာ ပင်လယ်ရေနစ်ဝင်ရောက်နစ်မြုပ်မှုကို ကြုံတွေ့နေရလျက်ရှိရာ အဆိုပါ လယ်မြေများသို့ ပင်လယ်ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် ဒီရေတောပင်များကို မြို့နယ်သစ်တော ဦးစီးဌာနနှင့်ဒေသခံ ပြည်သူများ အစုအဖွဲ့တို့ ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စုံမကျွန်းရှိ ကွက်လပ်ဖြစ်နေသည့် မြေ ၁၃ ဧကထဲတွင် ဒီရေတောပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့် အပင်များအနေဖြင့် တမ့ဲ၊ တမ့ဲကြီး၊ ကန့်ပလာ၊ လမု စသည့် ဒေသမျိုးရင်းအပင်များနှင့် ဧရာဝတီတိုင်းဒေသကြီးဘက်မှ ဒီရေတောပင်များဖြစ်သော ဖြူးရွှေဝါပင်များ စုစုပေါင်း အပင်မျိုးစုံ ၁၀၀၀၀ ခန့်ကို သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူအစုအဖွဲ့တို့ ပူးပေါင်းကာ ဇူလိုင်လ တတိယပတ်အတွင်း စိုက်ပျိုးသွားရန်ရှိကြောင်း မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစိုးဝင်းက ပြောသည်။

ယခင်က လယ်မြေများသို့ ပင်လယ်ရေနန် ဝင်ရောက်၍ လယ်မလုပ်နိုင်သည့်မြေများ များလာလျက်ရှိရာ ယခုလို ဒီရေတောသစ်ပင်များ စိုက်ပျိုး၍ ထိန်းသိမ်းပြုစုပေးခြင်းဖြင့် လယ်မြေများသို့ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်သလို ပတ်ဝန်းကျင်ဂေဟစနစ်များနှင့် ရေသတ္တဝါများအတွက် မှီခိုအားထားရာ နေရာတစ်ခုလည်း ဖြစ်လာနိုင်မည်ဟု သစ်တောဦးစီးအရာရှိက ဆက်ပြောသည်။

ရေးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းကလည်း အံဒင်ကျေးရွာ၌ သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူအစုအဖွဲ့ပူးပေါင်းကာ ဒီရေတောသစ်ပင်ပေါင်း ၆၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒီရေတောအပင်များ စိုက်ပျိုးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပွားလာမည့် သဘာဝဘေးများကို လျော့ပါးစေသလို ရေသတ္တဝါများ မှီခိုအားထားကျက်စားရာ သဘာဝဂေဟစနစ်တစ်ခုကိုလည်း တည်ထောင်နိုင်မည်ဖြစ်ကာ ပတ်ဝန်းကျင် လေထုရေထု ညစ်ညမ်းမှုများကိုလည်း လျော့ပါးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



ရေးမြို့နယ် အံဒင်ကျေးရွာ၌ ပြီးခဲ့သည့်နှစ်က ဒီရေတောများ စတင်စိုက်ပျိုးစဉ်

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ညောင်ရွှေ**

ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာအုပ်စု ကျားတွန်ကျေးရွာ၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့ပြီး ပြည်နယ် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီး ချုပ်၏ဇနီး ဒေါ်နန်းရွှေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ ကျော်က ရေသင်းဝင်၊ ရှမ်းသပြေ၊ ခါတော်မှီ၊ မဲဇလီ၊ စိန်ပန်းပြာ စသည့် အပင်ပေါင်း ၂၀၀၀ ကျော်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဟားခါး**

ချင်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ချင်းပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ချင်းပြည်နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁ ရက်က ဟားခါးမြို့ ရန်းတောင် (ယခင်တော်လှန်ရေးကန်)အနီး၌ ကျင်းပခဲ့ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်း လျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ဒုတိယဥက္ကဋ္ဌဦးအောင်သန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ယူကလစ်ပင် ၅၀၀၊ မိုင်းဘောပင် ၃၀၀၊ ရေသင်းဝင် ၁၀၀၊ ချယ်ရီ ၂၀၀ နှင့် ခါတော်မှီပင် ၅၀ စုစုပေါင်း ပျိုးပင် ၁၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အမ်းမြို့၌ အိုလံပစ်နေ့အထိမ်းအမှတ် အပြေးပြိုင်

**အမ်း ဇူလိုင် ၃**

အမ်းမြို့၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲကို ဇူလိုင် ၂ ရက် နံနက်က ကျင်းပရာ မီနီမာရသွန် အပြေးပြိုင်ပွဲတွင် ကျောင်းပေါင်းစုံမှ ကျောင်းသား ၂၀၀ ခန့် ပါဝင်ကာ အမျိုးသား/အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုငါးဆုရရှိသော ကျောင်းသား/ကျောင်းသူများအား မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# နေပြည်တော်တွင် ဆိုင်ကယ်များ သီးသန့်လမ်းမှစီးနင်းကြရန် သတ်မှတ်

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဂျန်းရှင်းစင်တာရှေ့လမ်းဆုံမှ လေဆိပ် တီလမ်းဆုံအထိ ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင်လည်းကောင်း၊ ရွှေလယ်တောရှေ့မှ ဥပ္ပါတသန္တိစေတီ ဘုရားရှေ့အထိ ရာဇဌာနီလမ်းတစ်လျှောက်တွင်လည်းကောင်း ဆိုင်ကယ်လမ်းများသတ်မှတ်လိုက်ကာ ဆိုင်ကယ်အသုံးပြုသူများအနေဖြင့် ဆိုင်ကယ်သီးသန့်လမ်းများမှ မောင်းနှင်ကြရန် အသိပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပညာပေးကာလအဖြစ် အဆိုပါလမ်းပိုင်းများ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အသိပညာပေးခြင်းနှင့် ယာဉ်လမ်းလွှဲပေးခြင်းများဖြင့် လမ်းအသုံးပြုသူယာဉ်မောင်းများ သိရှိလိုက်နာစေရန် ဆောင်ရွက်လျက်ရှိကြောင်း ယာဉ်စည်းကမ်းကြီးကြပ်မှုအဖွဲ့မှ သိရသည်။

နေပြည်တော်၌ ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် ဥတ္တရ အင်ကြင်းပန်းအဝိုင်းမှ လေဆိပ် တီလမ်းဆုံအထိ၊ ရာဇဌာနီလမ်းတစ်လျှောက်တွင် လွှတ်တော်ရှေ့မှ ကောင်စီရုံး လမ်းခွဲအထိနှင့် ဇေယျဌာနီလမ်းတစ်လျှောက်တွင် အင်ကြင်းပန်းအဝိုင်းမှ သပြေကုန်းအဝိုင်းအထိ လမ်းပိုင်းများတွင် သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များနှင့် အုတ်၊ သဲ၊ ကျောက်၊ မြေသယ်ယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မှုခင်းသတင်းတိုများ

## ပိုင်ရှင်မဲ့ကျွန်းသစ်ခွဲသား လေးတန်ကျော် သိမ်းဆည်းရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စာဝတီးကျေးရွာ၏ တောင်ဘက်တောအတွင်း၌ စုပုံထားသော တရားမဝင် ကျွန်းသစ်ခွဲသား ဆိုက်စုံ အချောင်း ၂၀၀ (အလေးချိန် ၄ ဒသမ ၂၉၁၂ တန်)ကို ဇွန် ၃၀ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဗန်းမော်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းနိုင်နှင့် ဝန်ထမ်းများ၊ မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများက အဆိုပါတောအတွင်း တရားမဝင်သစ်များသတင်းအရ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ပိုင်ရှင်မဲ့ ကျွန်းခွဲသားများကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကာ စာဝတီးဘိနယ် သစ်တောရုံးသို့ သယ်ယူထားပြီး သစ်တောနည်းဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေကူမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူနှစ်ဦးကိုဖမ်းမိ

ကချင်ပြည်နယ် ရွှေကူမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူနှစ်ဦးအား ဇွန် ၃၀ ရက်က ဖမ်းမိခဲ့ ကြောင်း သိရသည်။ ရွှေကူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟိန်းဝေဇင်လတ်နှင့်အဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ ရွှေကူမြို့ အမှတ်(၄)ရပ်ကွက်နေ ဇော်နိုင်ဝင်း(ခ)ပွေးချီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဇော်နိုင်ဝင်း(ခ)ပွေးချီး(၄၁ နှစ်)နှင့် ဝေဖြိုးလှိုင်(၂၃ နှစ်)တို့အား တွေ့ရှိရပြီး ၄င်းတို့ထံမှ အချိုရည်ပုလင်းအတွင်းထည့်လျက် ဘိန်းဖြူမှုန့် ၁ ဒသမ ၇၇ ဂရမ်ခန့်ကို တွေ့ရှိရသဖြင့် ၄င်းတို့နှစ်ဦးအား ရွှေကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ်တွင် တရားမဝင်တမလန်းသစ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပေကုန်းကျေးရွာအနီး တောအတွင်းမှ တရားမဝင် တမလန်းသစ်များ ဇွန် ၃၀ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးသောင်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့်သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်တမလန်းသစ် ၂၈ လုံး(အလေးချိန် ၄ ဒသမ ၄၃၂ တန်) ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့၍ သစ်လုံးများကိုသိမ်းဆည်းကာ သစ်ပိုင်ရှင်အား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

## မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကုန်းမဟက်ကျေးရွာ၌ မူးယစ်ဆေးဝါးရောင်းချနေသူတစ်ဦးအား ဇူလိုင် ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁)ဗန်းမော်မှ ရဲအုပ်စိုးဝင်းနှင့်အဖွဲ့က ကုန်းမဟက်ကျေးရွာနေ ကျော်အေး၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ ဘိန်းဖြူမှုန့်(အလေးချိန် ၀ ဒသမ ၂ ဂရမ်)ပါ ပင်နီဆီလင်တစ်ပုလင်းနှင့် ဘိန်းဖြူမှုန့်များပါသော အဖြူရောင်ကော်ဘူး ၁၆ ဘူး(အလေးချိန် ၆ ဒသမ ၂၄ ဂရမ်)တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် အိမ်ရှင်ဦးကျော်အေး(၅၃ နှစ်)အား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးထားကြောင်း သိရသည်။ **ဆီမီခုံ-နန်းရီ**

# မင်းလယ်တောမြောင်း ရေတံလျှောက် ပျက်စီးသွားသဖြင့် ကိုယ့်အားကိုယ်ကိုး ပြန်လည်ဆောက်လုပ်မည်

**ကျောက်ထု ဇူလိုင် ၃**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ပြီးခဲ့သည့်ရက်များအတွင်း မိုးရွာသွန်းမှုများပြားခဲ့သဖြင့် နသိုးကျေးရွာရှိ မင်းလယ်တောမြောင်းမှ အရှည်ပေ ၁၆၀ ရှိ သစ်သားဖြင့် ပြုလုပ်ထားသည့် ရေတံလျှောက်မှာ ပျက်စီးသွားခဲ့ရာ တောင်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ပြန်လည်ဆောက်လုပ်ကြရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်သားရေတံလျှောက်မှာ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ရေသွယ်ယူရာတွင် အားထားနေရသည့် ရေတံလျှောက်ဖြစ်ကြောင်း၊ အဆိုပါ ရေတံလျှောက်ဖြင့် မင်းလယ်တောမြောင်းမှ ရေသွယ်ယူ၍ စိုက်ပျိုးနိုင်သည့်လယ်မြေ ဧက ၁၈၀ ရှိကြောင်းနှင့် ရေတံလျှောက် ပြန်လည်ဆောက်လုပ်ပြီးစီးပါက အဆိုပါ လယ်မြေများမှာ စပါးပြီးစပါး စိုက်ပျိုးနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



ပြန်လည်ဆောက်လုပ်မည့် ရေတံလျှောက်မှာ အရှည် ပေ ၁၆၀၊ အကျယ် ၃ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ပြီး ဒေသခံတောင်သူများက ငွေကျပ် ၁၂၆ သိန်း အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောက်လုပ်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ရေတံလျှောက်ပျက်စီးသွားမှုကို ကျောက်ထုမြို့နယ် ဆည်မြောင်း ဦးစီးဌာနမှူး ဦးစိုးမင်းနှင့်အဖွဲ့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ်ကလည်း နှစ်ရှည်လများခိုင်ခံ့သည်အထိ ဆောက်လုပ်နိုင်ရန် နည်းပညာအပါအဝင် ခွင့်ပြုငွေများ ရရှိနိုင်ရေး တင်ပြခဲ့ကြောင်း နသိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းက ပြောသည်။

**(၁၀၁)**

# ဘာသာစုံဂုဏ်ထူးရ ကျောင်းသားကျောင်းသူခြောက်ဦး စင်ကာပူသို့ တစ်ပတ်ကြာ လေ့လာရေးခရီးသွားမည်

**သန်လျင် ဇူလိုင် ၃**

၂၀၁၇ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သန်လျင်မြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဘာသာစုံဂုဏ်ထူးရရှိခဲ့သော ကျောင်းသား ကျောင်းသူခြောက်ဦးတို့သည် ကြီးကြပ်သူများနှင့်အတူ စင်ကာပူနိုင်ငံသို့ တစ်ပတ်ကြာ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သန်လျင်အထက (၂)အနေဖြင့် တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသားကျောင်းသူများအား စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး စေလွှတ်ခဲ့ခြင်းမှာ ယခုနှစ်ပါဆိုလျှင် သုံးနှစ်ရှိပြီဖြစ်ကြောင်း ကျောင်းအကျိုးဆောင်အဖွဲ့အတွင်းရေးမှူး ဦးဌေးမိုးက ပြောသည်။ လေ့လာရေးခရီးစဉ်အတွက် စင်ကာပူရောက် ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဦးဇော်ဝင်း(ဖြိုးမောက်ကုမ္ပဏီ)နှင့် အခြားကျောင်းသား ကျောင်းသူဟောင်းများက ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

ယခုနှစ်တွင် သန်လျင် အထက(၂)မှ ဘာသာစုံဂုဏ်ထူးရှင် ခြောက်ဦးအထိ ပေါ်ထွက်ခဲ့၍ သန်လျင်မြို့ ပညာရေးသမိုင်းတွင် ထူးခြားသောနှစ်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# သံတွဲခရိုင် ဂွမြို့၌ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီ

**ဂွ ဇူလိုင် ၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဂွမြို့ပေါ်၌ ဇွန် ၃၀ ရက်က ဓာတ်အားအပြည့်အဝလွှတ်ထားပြီးဖြစ်ကြောင်း မြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးစီးမှူးရုံးမှ သိရသည်။

ဂွမြို့နယ်ရှိ ကျေးရွာ ၁၉ ရွာသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်က အနီးကပ်ကြပ်မတ်ပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်ဇင်မင်းနှင့် ဝန်ထမ်းများက ဇူလိုင်လ အတွင်း၌ ကျေးရွာ ၁၉ ရွာတွင် ၂၄ နာရီ ဓာတ်အားပြည့်ဝစွာ ရရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက်သုံးခုတွင် ထရန်စဖော်မာ ၁၃ လုံး ၁၄၀၀ ကေဗွီအေနှင့် ကျေးရွာ ၁၉ ရွာအတွက် ထရန်စဖော်မာ ၂၂၅၀ ကေဗွီအေ တပ်ဆင်ထားရှိပြီး ဓာတ်အားလုံလောက်စွာရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါဂွမြို့နယ်သို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရောက်ရှိလာနိုင်ရန် ဧရာဝတီတိုင်းဒေသကြီး အသုတ်မြို့ ၂၃၀/၆၆ ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားရယူ၍ ဂွမြို့၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးခြင်းဖြစ်သည်။

ဂွမြို့ပေါ်တွင် ယခင်က ဒီဇယ်ဓာတ်အားပေးစက်များနှင့်သာ ဓာတ်အားပေးနိုင်ခဲ့ရာ မှ ယခုအခါ ၂၄ နာရီလျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိခြင်းကြောင့် မြို့ပေါ်ရှိပြည်သူများနှင့် ကျေးရွာပြည်သူများကလည်း ဝမ်းသာစွာရှိနေကြသည်။ လျှပ်စစ်နှင့်ဆက်စပ်သော စက်မှုလက်မှုအသေးစား၊ အလတ်စားလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် လျှပ်စစ်မီတာ မတပ်ဆင်ရသေးသော ပြည်သူများက လျှပ်စစ်မီတာအိုးများ ရရှိတပ်ဆင်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေပြီး ဇူလိုင်လပထမပတ်မှ စတင်၍ လိုအပ်သော လျှပ်စစ်မီတာအိုးများကို ပြည်သူများထံသို့ ဖြန့်ဖြူးပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

**အောင်လှဖြူ**

# အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ပွဲ ကျင်းပ

**ပန်းတောင်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လဲကျေးရွာအုပ်စု ခုံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။



အခမ်းအနား၌ ပန်းတောင်းမြို့နယ် ပညာရေးမှူး ဒေါ်လှလှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဦးသတိုးဟိန်း၊ ဒေသခံကိုယ်စားလှယ် ဒေါ်ကြူကြူဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်က ကျောင်းဆောင်သစ် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူးသို့လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ပေ သံကူအုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၆၅ သိန်းဖြစ်ကြောင်း သိရသည်။

(ဝ၆၁)

# မြေပြိုဘေးကြုံတွေ့ခဲ့ရသော မိသားစုဝင်များအား ကယ်ဆယ်ရေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့

**သံတောင်ကြီး ဇူလိုင် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အမှတ်(၂)ရပ်ကွက်ရှိ လူနေအိမ်အား မြေပြိုမှုနှင့်အတူ ကျောက်တုံးကြီးတစ်တုံး ပြိုကျမှုကြောင့် ထိခိုက်ပျက်စီးသွားသဖြင့် မိသားစုဝင်များအား ကူညီထောက်ပံ့ခြင်းကို ဇူလိုင် ၁ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



သံတောင်ကြီးမြို့နယ် မိုးရွာသွန်းမှုများခြင်းကြောင့် ဇွန် ၂၀ ရက်က အမှတ်(၂)ရပ်ကွက် အထက ကျောင်းရှေ့ မျက်နှာချင်းဆိုင်ရှိ လမ်းဘေးဈေးဆိုင် အနောက်ဘက်ခြမ်းတွင် မြေပြိုရာမှ မြေနှင့်အတူ လုံးပတ် ၂၅ ပေခန့်ရှိ ကျောက်တုံးကြီးသည် အောက်ဖက် တွင် နေထိုင်သော ဦးစောထယ်၏ နေအိမ်ပေါ်သို့ လိမ့်ကျသွားခဲ့သဖြင့် နေအိမ်အောက်ထပ်မျက်နှာစာ ကွန်ကရစ်နံရံတစ်ခြမ်းနှင့် RC တိုင်တစ်တိုင်အား ပိကျပျက်စီးသွားခဲ့သည်။

အဆိုပါ နေအိမ်အောက်ထပ် ပျက်စီးသွားသော မိသားစုများအား ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ အိမ်ပြန်လည် ပြုပြင်နိုင်ရန်အတွက် ထောက်ပံ့ငွေနှင့် မိသားစုဝင်လူဦးရေ ၆ ဦးအတွက် တစ်ပတ်စာဆန်ရိက္ခာများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကိုကိုက ပေးအပ်ရာ ဦးစောထယ်နှင့် ဇနီးတို့မှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ဝါဆိုသင်္ကန်း ကပ်လှူမည်

**ပြည် ဇူလိုင် ၃**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၇၉ ခုနှစ် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ မဟာထေရ်မြတ် အမှူးပြုသော စာချ+စာသင်သံဃာတော်အပါး ၅၀၀ ကျော်အား ဇောတိကာရုံပါဠိတက္ကသိုလ် ပရိယတ္တိသာသနာနုဂ္ဂဟအသင်းက ကြီးမှူးပြီး ဝါဆိုသင်္ကန်းစုပေါင်း ကပ်လှူပွဲကို ဇူလိုင် ၉ ရက် ညနေ ၄ နာရီ၌ ကျင်းပသွားမည်ဖြစ်သည်။

လှူဒါန်းဆက်ကပ်လိုသူများသည် ဖုန်း ၀၉-၄၂၀၇၀၃၃၇၄၊ ၀၉-၅၃၁၂၆၃၀ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှုပိုင်ဖြစ်ကြောင်း

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ ရတနာလမ်း၊ အမှတ် ၁၀၄/၁၀၊ လေးလွှာတွင်တည်ရှိသော AJR INTERNATIONAL COMPANY LIMITED.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား**

**မှတ်ပုံတင်စာချုပ်အမှတ်-၄၃၅၄/၂၀၁၇**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄၃၅၄/၂၀၁၇ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head ,Internet,E-mail,Website ငွေပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံးနှင့် ကုမ္ပဏီ၏လုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ အစိတ်အပိုင်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကုမ္ပဏီ၏ခွင့်ပြုချက်မရဘဲ ဆင်တူယိုးမှား တုပပြုလုပ်ခြင်း၊ Copy ပွားယူခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင်ပြုလုပ်ခြင်း၊ အသုံးပြုခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးရန်နိုင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၀၀၆၂)**
**အမှတ် ၇/ခ၊ ဖေယျာသုခလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၈၁၇၇၄၈၇၊ ၀၉-၇၉၅၁၂၈၉၉၄**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှုပိုင်ဖြစ်ကြောင်း

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ ရတနာလမ်း၊ အမှတ် ၁၀၄/၁၀၊ လေးလွှာတွင်တည်ရှိသော AJR INTERNATIONAL COMPANY LIMITED.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

**မှတ်ပုံတင်စာချုပ်အမှတ်-၄၃၅၃/၂၀၁၇**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄၃၅၃/၂၀၁၇ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် "သစ်သီးဝိုင်အမျိုးမျိုး၊ သစ်သီးအချိုရည် အမျိုးမျိုး၊ ကော်ဖီမစ်၊ Green Tea (လက်ဖက်ရည်ကြမ်း)၊ Coffee Poweder (ကော်ဖီမှုန့်)၊ Coffee Mix အမျိုးမျိုးနှင့် စားသောက်ကုန်အမျိုးမျိုး" တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ အစိတ်အပိုင်း အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား တုပပြုလုပ်၍ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏အကျိုးစီးပွားများနစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေများအရ ထိရောက်စွာ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးရန်နိုင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၀၀၆၂)**
**အမှတ် ၇/ခ၊ ဖေယျာသုခလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၈၁၇၇၄၈၇၊ ၀၉-၇၉၅၁၂၈၉၉၄**

**ရွှေလမ်းခရီး**
**အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း**
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

**မွေးသက္ကရာဇ်အမှန်**

ပင်းဘောမြို့၊ အထက(ပင်းဘော) တက္ကသိုလ်ဝင်တန်းအောင်မှ မောင်သန့်ဟိန်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၂၀၀၀ ဖြစ်ပါသည်။

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ပူတာအိုမြို့၊ အထက(ပူတာအို) နဝမတန်းမှ မောင်ထွယ်အောင်၏ အမည်မှန်မှာ မောင်အင်ဆိုင်းထွယ်အောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၆-၇-၂၀၀၂ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

တနိုင်းမြို့နေ မောင်ဘရန်ဆိုင်း ၁/မကန(နိုင်)၂၂၀၈၉၄နှင့် မောင်လင်းလင်းအောင်သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း ($A_1$)မှ မခင်မိုးဌေး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်မိုး ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**

မြစ်ကြီးနားမြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မောင်ငွါးဆီရဲ့၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၂၀၀၁ ဖြစ်ပါသည်။


telenor
pyone play
MRTV-4
တယ်လီနော 4G LTE နဲ့ဆို
အဝိုင်းမလည်တော့ဘူး
ဗီဒီယိုတွေ မနားတမ်းကြည့်ကြမယ်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့်ယွန်းပညာကောလိပ်
## ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်ပါမည်-

(က) သမဝါယမတက္ကသိုလ်(သန်လျင်/စစ်ကိုင်း)တို့မှ ပေးအပ်မည့်ဘွဲ့များမှာ-
- (၁) B.BSc (Regional Development)
- (၂) B.BSc (Accounting and Finance)
- (၃) B.BSc (Applied Statistics)
- (၄) B.BSc (Marketing Management )
- (၅) B.BSc (Social Enterprise Management )

(ခ) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)တို့မှ ပေးအပ်မည့်ဒီပလိုမာများမှာ-
- (၁) Diploma in Social Enterprise Management (Dip.S.E.M)
- (၂) Diploma in Business Management (Dip.B.M)
- (၃) Diploma in Banking, Finance and Insurance (Dip, B.F.I)
- (၄) Diploma in Regional Development (Dip.R.D)
- (၅) Diploma in Financial Management (Dip.F.M)
- (၆) Diploma in Business Accounting (Dip.B.Acct)
- (၇) Diploma in Marketing Management (Dip.M.M)
- (၈) Diploma in Applied Statistics (Dip.A.S)

(ဂ) ယွန်းပညာကောလိပ်(ပုဂံ)
Diploma in Lacquerware Technology (Dip. L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ (၄)နှစ်စီဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလမှာ (၂)နှစ်စီ ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့ တက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ်တွင် မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမူရင်း
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်မူရင်း
(ဂ) ကျန်းမာကြောင်း မြို့နယ်/ဒေသန္တရကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်ရုံး)၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်ရုံး)၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် သမဝါယမဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၃၁-၈-၂၀၁၇ ရက် ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၄၃၊ ၀၆၇-၄၁၀၂၇၃၊ ၀၅၆-၂၃၂၅၆၊ ၀၇၂-၂၃၀၁၄၊ ၀၂-၅၇၁၉၆၊ ၀၁-၆၂၆၀၇၄၊ ၀၆၁-၆၀၂၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
## ပင်းတယမြို့
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အစိုးရ၏ ပြည်နယ်ရန်ပုံငွေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း (၃)မိုင်၊ ကျောက်လမ်း (၅)မိုင်၊ ကတ္တရာလမ်း (၂)လမ်း (၆/၄)မိုင်၊ စွမ်းအင်လုပ်ငန်း (၁)ခု၊ သာသနာရေးလုပ်ငန်း(၁)ခုတို့ကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၇ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၇-၇-၂၀၁၇ ရက် (သောကြာနေ့) ၁၆း၃၀ နာရီ
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၇-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၆း၃၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်လိပ်စာမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ ပင်းတယမြို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၆၆၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/1701 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွှာသာကြီး)**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ရုံးသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးမော်တော်ယာဉ်များဝယ်ယူရန်နှင့် e-Government ဆက်စပ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း၊ ဆောင်ရွက်ခြင်း ပြုလုပ်လိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့်စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီ

၄။ **တင်ဒါပိတ်မည့်ရက်** - ၄-၈-၂၀၁၇ ရက် ညနေ ၁၆း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကယားပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မူကြမ်း)

၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ်နှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း လွိုင်ကော်တို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများသည် သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပြည်နယ်ရုံး** — **Lot အုပ်စု**
- (၁) သင်တန်းခန်းမ RC (၁)ထပ်၊ (၅၅×၃၀×၁၂)ပေ ရေမီးအပါအဝင် (၁)လုံး
- (၂) ကွန်ကရစ်လမ်းခင်းခြင်း(၂၁၅×၁၂×၀.၇၅)ပေ (၁)ခု } Lot(1)

(ခ) **ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၊ လွိုင်ကော်**
- (၁) တွင်ခုံ/ဖောက်ခုံသံဂဟေလျှပ်စစ်သင်တန်းအလုပ်ရုံ (၁)လုံး Lot(2) RC (၂)ထပ် (၇၀×၃၀×၂၂)ပေ ရေမီးအပါအဝင်

(ဂ) **ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ လွိုင်ကော်**
- (၁) အမျိုးသားဆောင် (၅၀×၃၀×၁၂)ပေ အုတ်ညှပ်(၁)ထပ် ရေမီးအပါအဝင် (၁)လုံး Lot(3)

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီမှသတ်မှတ်ထားသော ဒီဇိုင်းပုံပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ **တင်ဒါရောင်းချမည့်နေရာ** - ကယားပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သူရလမ်း၊ ဒေါတမရပ်ကွက်၊ လွိုင်ကော်မြို့ ရုံးချိန်အတွင်း လျှောက်လွှာဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၄-၇-၂၀၁၇ ရက်မှ စတင်ရောင်းချမည် ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၄-၈-၂၀၁၇ ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းကြရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၈၃-၂၄၀၀၉၇၊ ၀၈၃-၂၄၀၁၇၉၊ ၀၈၃-၂၁၆၅၇

---

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

Japanese ODA Loan No.MY –P 10(Power Distribution Improvement Project in Yangon - Phase 1)ဖြင့်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက်အောက်ဖော်ပြပါပစ္စည်းများအား Local Competitive Bidding စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | IFB 3-1 ODA-LCB | 35 kV and 15 kV Spaced Aerial Cable Systems and Accessories |
| ၂ | IFB 3-2 ODA-LCB | 33 kV, 11 kV and 6.6 kV Automatic Switching Capacitor Banks |

တင်ဒါပုံစံရောင်းချမည့်ရက် -(၅.၇.၂၀၁၇) မှ (၇.၇.၂၀၁၇)၊ (၁၀.၇.၂၀၁၇) မှ (၁၄.၇.၂၀၁၇)ရက်နေ့၊(၁၇.၇.၂၀၁၇)၊ (၁၈.၇.၂၀၁၇) နှင့် (၂၀.၇.၂၀၁၇)ရက်နေ့

တင်ဒါတင်သွင်းမည့်နေရက်နှင့်အချိန် - (၁၇.၈.၂၀၁၇)နေ့လည်(၁၂:၀၀)နာရီမတိုင်မီ
တင်ဒါဖွင့်မည့်နေရက်နှင့်အချိန် - (၁၇.၈.၂၀၁၇) နေ့လည် (၁၄:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကိုအောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉

---

# ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့် ဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်မှာ ၃-၇-၂၀၁၇ ရက်မှ ၂-၈-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်ရက်မှာ ၃-၈-၂၀၁၇ရက် ၁၃း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တင်ဒါတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လပတ်အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (Reagent and Consumable) များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့်ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၆-၇-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၇ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကိုသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၈၄၁၄၉ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇ သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

---

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀)နှင့်အောက် ဆေးရုံများအတွက် (FDA) အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါ သည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့်အချက်အလက်များ စာရင်းကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန(ပုသိမ်ပြည်သူ့ဆေးရုံကြီး) တွင်လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်နေ့ရက်** - ၃-၇-၂၀၁၇(တနင်္လာနေ့)
**တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၂-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) - ညနေ ၄နာရီ

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန**
**ဖုန်း-၀၄၂-၂၂၁၉၂**

---

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၂၀၅၀၃၄၅**

---

# ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတားသံပေါင်တပ်ဆင်ရန်အတွက် လိုအပ်သောသံပေါင်ခန့်မှန်းတန်ချိန် (၁၀၀၀)တန်နှင့် တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ဟုမ္မလင်း)တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတား သံပေါင်တပ်ဆင်ရန်အတွက် လိုအပ်သော သံပေါင်ခန့်မှန်းတန်ချိန် (၁၆၀၀)တန်အား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် J&M Steel Solutions Co.,Ltd မှ တည်ဆောက်ရေးလုပ်ငန်းခွင်အသီးသီးအရောက် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၇-၂၀၁၇ ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၇ ရက်၊ ၁၆း၀၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၅-၇-၂၀၁၇ ရက်

၅။ သယ်ယူပို့ဆောင်ရမည့်သံပေါင်ခန့်မှန်းတန်ချိန်သည် လုပ်ငန်းသဘာဝအရ (အပို/အလို)ရှိနိုင်ပါသည်။

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါကော်မတီ၊ တံတားဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၇၄၅၂**


HUAWEI ရဲ့တန်မှတန်တဲ့ CASH BACK အစီအစဉ်
( FROM JULY 1st - 31st )
HUAWEI
Huawei Dual Camera Phones
HUAWEI P9
CASH BACK
50,000 MMK
HUAWEI P10
CASH BACK
100,000 MMK
HUAWEI GR5 2017
Premium Version
CASH BACK
40,000 MMK
HUAWEI DAY
ဇူလိုင်လ(၁)ရက်နေ့မှ (၁၀)ရက်နေ့အတွင်းပြုလုပ်မယ့် Huawei Day Promotion မှာလည်း တခြားစမတ်ဖုန်းတွေ
အတွက် ထူးခြားတဲ့ လက်ဆောင်တွေ ကံစမ်းမဲအစီအစဉ်တွေ ရှိသေးတယ်နော်...
HuaweimobileMM
Service Hotline: 01-9000900
Product colour, shape, interface and functions for reference only. The actual product may vary.


2017 ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက်
မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !
IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ
ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "
IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်
Japan Style Education
System Creator Course ( 2 years )
START
Zero Level
IT & Japanese
2 years
IT Engineer
GOAL!!
2017 July 21 ရက်တွင် ဖွင့်လှစ်မည့်
System Creator Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။
01 - 372691, 09 - 976334160
METRO
IT & Japanese Language Centre
IT Course Seminar (ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ)
Date : 9th July 2017 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre
စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 01 - 372610, 09 - 262007900
Website - http://metro-myanmar.com/mic Mail - mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar

SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN MYANMAR

ဒေါက်တာကျော်စော + ဒေါ်မေမျိုးမြတ် B.Sc(Chem:)
ဦး ႏ စီး ႏ တ ည် ထောင် သ ည် . . .

# စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း ပြင်ဦးလွင်မြို့

စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း (ရုံးချုပ်)
အမှတ် (၁၄၄)၊ R/A.III၊ မြို့ပတ်လမ်း၊ အ.ထ.က (၄) အနီး၊ ပြင်ဦးလွင်မြို့။
E-mail:office@sarpaneain.com
website:www.sarpaneain.com
ဖုန်း - ၀၈၅ - ၂၂၃၉၀၊ ၂၃၃၂၈၊ ၂၁၁၅၁၊ ၂၂၆၃၂

## ၂၀၁၇ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ



မမ-၆၈၉ မငြိမ်းငြိမ်းချစ် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်စာရွာ၊ ပြင်ဦးလွင်မြို့။

မမ-၇၃၇ မသဉ္ဇာရွှန်းလဲ့စိုး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) မုံရွာမြို့။

မမ-၇၄၂ မကေသွယ်စိုး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပေါက်ခေါင်းမြို့။

မမ-၇၅၉ မောင်ကောင်းဇော် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်ဦးလွင်မြို့။

မမ-၈၃၃ မသင်းသဉ္ဇာထွန်း (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်ဦးလွင်မြို့။

မမ-၈၆၁ မထက်မြတ်နိုး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) နောင်ခမ်းကြီးရွာ၊ ပြင်ဦးလွင်မြို့။

မမ-၈၆၇ မသဲဆုနိုင် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) မန္တလေးမြို့။

မမ-၉၀၇ မရတနာဖြိုး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) အောင်ချမ်းသာရွာ၊ ပြင်ဦးလွင်မြို့။



မမ-၉၉၇ မလဲ့လဲ့လွင် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) တကွင်းကျေးရွာ၊ ဟိုပင်မြို့။

မမ-၁၀၀၁ မနန်းသီတာစံလျှမ်း (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်ဦးလွင်မြို့။


မမ-၁၀၅၁ မဖြိုးအိသဲ (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) သီပေါမြို့။

မမ-၁၀၆၁ မအိမ့်သက်မှူးသွင် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်ဦးလွင်မြို့။

မမ-၁၀၈၁ မောင်မိုးဇော်အောင် (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) မိုင်းယန်းမြို့။

မမ-၁၁၂၄ မနန်းတင်ဦး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ဘားအံမြို့။

မမ-၁၁၂၈ မဟန်နီဦး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ပြင်ဦးလွင်မြို့။




JCU SINGAPORE

SPEAKER PROFILE :
DR. K THIRUMARAN
Head of Academic Group, Business & IT
Senior Lecturer in Business,
Tourism & Hospitality Management

တက္ကသိုလ်ဝင်တန်း (သို့) iGCSE "O" Level အောင်မြင်ထားသူများ၊ ABE, NCC, HND ရရှိထားသူများအတွက်

စင်ကာပူတွင် တက်ရောက်နိုင်မည့် James Cook University (Singapore) ၏

## " HOSPITALITY & TOURISM MANAGEMENT ဘွဲ့အကြောင်းဆွေးနွေးပွဲ"

CROWN EDUCATION
YOUR DOOR TO THE FUTURE

**8 Jul(Sat), 2017**
2:00 pm - 4:00 pm
NOVOTEL Hotel (Eureka Room)

- တိုးတက်ပြောင်းလဲလာသည့် Tourism Trend များကို လေ့လာလိုသူများ
- Hospitality Industry တွင် စွန့်ဦးတီထွင်သူအဖြစ် ရပ်တည်လိုသူများ
- မတူကွဲပြားသည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ
- ကမ္ဘာ့အဆင့်မီ ဟိုတယ်ကြီးများနှင့် လေကြောင်းလိုင်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ
- မိမိကိုယ်ပိုင် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်သူများအတွက် JCU ၏ Tourism & Hospitality Management ဘွဲ့မှ တဆင့် ရရှိနိုင်သည့် အခွင့်အလမ်းများအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

Call Us : 01 527 838, 09 26000 40 50, 26000 60 50

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/2277 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

# BTEC Higher National Diploma

MCC.i | BTEC Approved Centre | MCC.p MCC POLYTECHNIC

ဘွဲ့ ဒီဂရီ သင်တန်းများ
B.Sc (Engineering)
B.Sc (Computing)
↑
Level (5) HND (Higher National Diploma)
↑
Level (4) HNC (Higher National Certificate)
↑ Pass
တက္ကသိုလ်ဝင်တန်း (Grade 11) → Level (3) Diploma (Engineering, IT)

Middlesex University London
Birmingham City University
BTEC Approved Centre
edexcel Approved Centre

BTEC ဆိုသည်မှာ အသက်မွေးဝမ်းကျောင်းပညာ(Vocational Qualification)ကို အကြီးမားဆုံး အကျယ်ပြန့်ဆုံး ဆောင်ရွက်ပေးနေသော အင်္ဂလန်နိုင်ငံ PEARSON ပညာရေးအဖွဲ့အစည်း၏ နိုင်ငံတကာအသိအမှတ်ပြုသော အင်္ဂလန်နိုင်ငံ၏ ပညာရေးအခြေခံသတ်မှတ်ချက်အတိုင်း ဒီပလိုမာများ ချီးမြှင့်ပေးသွားမည့် အစီစဉ်ဖြစ်ပါသည်။

### BTEC (Level-4&5) Diploma

- အင်ဂျင်နီယာဒီပလိုမာ
  (1) Mechanical Engineering
  (2) Electrical & Electronic Engineering
  (3) Construction & Built Environment (Civil Engineering)
- ကွန်ပျူတာဒီပလိုမာ
- ဟိုတယ်နှင့် ခရီးသွားလာရေးဒီပလိုမာ (Hotel an Tourism Studies)

### BTEC (Level - 3) Diploma

- တက္ကသိုလ်ဝင်တန်းမအောင်မြင်သေးသူများအတွက်

ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ဆု (Scholarship) ပေးမည်ဖြစ်၍ Online မှ လျှောက်ထားနိုင်ပါသည်။
www.facebook.com/mcc.institute

Call - 01-246634, 245762 Opening Date - July 10

MCC.p(Yangon Campus) MCC.p(Naypyitaw Campus) MCC.p (Monywa Campus)
MCC.p(Mandalay Campus) MCC.p (Yatanarpon Campus) MCC.p(Pathein Campus)

## အထူးဝမ်းနည်းကြေကွဲခြင်း
# သိက္ခာတော်ရဆရာကြီး ဒေါက်တာဆဘွဲ့ဂျမ်
**(ငြိမ်းဖောင်ဒေးရှင်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ၁၉၉၀ပြည့်နှစ် အလွန်ကာလက ငြိမ်းချမ်းရေး အကျိုးတော်ဆောင်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သော သိက္ခာတော်ရဆရာကြီး ဒေါက်တာဆဘွဲ့ဂျမ်သည် ၂၆-၆-၂၀၁၇ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ဆရာကြီး၏မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါကြောင်း၊ ဆရာကြီး၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ဘယ်သောအခါမှ မေ့ပျောက်လို့မရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးခင်ညွန့်(ဗိုလ်ချုပ်ကြီးဟောင်း)နှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစောလားသူး
**အသက်(၈၈)နှစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစောလားဖောဝါး (ညွှန်ကြားရေးမှူး)၏ ဖခင်ဖြစ်သူ ဦးစောလားသူး အသက်(၈၈)နှစ်သည် ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း/အမှုထမ်းများ**
**ငါးလုပ်ငန်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဝင်းလှိုင်
**အသက်(၈၄)နှစ်**

ဇန်းမော်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစိန်ထိုက်ဦး-ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင်ဖခင် ဦးဝင်းလှိုင်သည် ၁-၇-၂၀၁၇ရက် မွန်းလွဲ ၁း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်၊ မြို့အင်ဂျင်နီယာများအဖွဲ့**
**လမ်းဦးစီးဌာန**
**ဇန်းမော်ခရိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဝင်းလှိုင်
**အသက်(၈၄)နှစ်**

ဇန်းမော်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိန်ထိုက်ဦး-ဒေါ်ချိုချိုဝင်းတို့၏ကျေးဇူးရှင်ဖခင် ဦးဝင်းလှိုင်သည် ၁-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**ဇန်းမော်ခရိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ကြွက်နီ
**အသက်(၈၂)နှစ်**

ဦးအောင်မြင့် [ယာဉ်မောင်းစက်ပြင်(၄)၊ နေပြည်တော်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန]၏မိခင် ဒိုက်ဦးမြို့နယ်၊ ပွဲတမော့ကျေးရွာအုပ်စု၊ လင်းရောင်ခြည်ကျေးရွာနေ ဒေါ်ကြွက်နီသည် ၁-၇-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မာလေး
**အသက်(၆၄)နှစ်**

ဒေါ်နန်းတျာစိုး (အကြီးတန်းစာရေး၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင်ဖြစ်သူ ဘားအံမြို့၊ (၅) ရပ်ကွက်၊ ရွှင်းသာ ၃လမ်း၊ ရဲဘော်ဈေး၊ အလက(၆)အနောက်နေ ဒေါ်ခင်မာလေးသည် ၂-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်စန်းဝေ(ခ)ဒေါ်ကြည်ဝင်း
**အသက်(၅၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ လမ်းမကျယ်လမ်းနေ ဦးအေးကျော်၏ဇနီး၊ မောင်ကျော်ဝေလင်း-မချစ်ပုံ့ပုံ့ထွေး၊ မောင်ဖွဲ့ဝေယံတို့၏မိခင်၊ မဇေကပျို(ခ)မေကဆုန်ပန်းရောင်၏အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ ပေါ်ရီသာရ(အနောက်)သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မောင်ရဲဝင့်မော် အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၁၁၆၃နေ (ဦးခင်ညို-ဒေါ်လှကြည်)၊ (ဦးခင်မောင်ဝင်း-ဒေါ်ကြည်ကြည်ဝင်း)တို့၏မြေး၊ (ဦးညီညီမော်)-ဒေါ်ကြည်ကြည်အေးတို့၏သား၊ မောင်မိုးသန့်အောင်-မခင်အိအိဖူးတို့၏အစ်ကို၊ ဦးကိုကိုကျော်-ဒေါ်တင်တင်ငွေး၊ ဦးကျော်မင်းထူး(နေပြည်တော် FC ဘောလုံးအသင်း၊ နည်းပြချုပ်)၊ ဦးသန်းတိုးအောင်(ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မိမိငွေး၊ ဦးထွန်းထွန်းထက်(လ/ထညွှန်ကြားရေးမှူး၊ အကောက်ခွန်)-ဒေါ်ကလျာခ(လ/ထညွှန်ကြားရေးမှူး၊ အကောက်ခွန်)၊ ဦးသူရဆွေ-ဒေါ်ညွန့်ညွန့်အေး၊ (ဦးတင်မောင်ငွေး)-ဒေါ်နုနုအေး၊ ဦးမောင်မောင်-ဒေါ်လှလှအေးတို့၏တူသည် ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သန်းကြည်
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၃၄နေ (ဦးဘိုးထွေး-ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ ဦးဉာဏ်ဝင်း-ဒေါ်ဝင်းဝင်းလှတို့၏မိခင်၊ ဦးသီဟဉာဏ်၊ ဦးသူရဉာဏ်(J.S.M Shipping Co.,Ltd)၊ ဒေါ်ရှင်ထွေးဉာဏ်ဝင်း(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)တို့၏အဘွား (ဒေါ်ခင်အေးကြည်၊ အထက-၂၊ လသာ၊ ငြိမ်း)၊ ဒေါ်မြင့်ကြည်တို့၏အဒေါ်သည် ၂-၇-၂၀၁၇ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးမိ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၇၂နေ (ဦးလှဖေ-ဒေါ်စိမ်းနု)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်အုံးစိန်)တို့၏သမီးချွေးမ၊ ဦးတင်စိုး(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ခင်စိုး[အထက(၃)မြောက်ဒဂုံ]၊ ဒေါ်စန်းစန်းစိုး(ကုန်သွယ်ရေးဦးစီး၊ ငြိမ်း၊ အဘိဓမ္မာတက္ကသိုလ်၊ ကမ္ဘာအေး)၊ (ဦးမြတ်စိုး)-ဒေါ်ခင်မော်မော်စံ(ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးရန်အောင်စိုး၊ ဦးမျိုးမြင့်စိုး-ဒေါ်သီသီဝင်း(ရွှေပြည်စိုးပုံနှိပ်ဝန်ဆောင်မှု)တို့၏မိခင်၊ ဗိုလ်ကြီးရဲအောင်မင်း(ခ)လမင်းမြတ်စိုး၊ ကိုသီဟမြတ်စိုး၊ မောင်ခန့်နေစိုး၊ မောင်ဝေယံစိုး၊ မမြတ်မွန်စိုးတို့၏ဘွားဘွားသည် ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးတင်မောင် (သာကေတ)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာအရှေ့ ၁၈လမ်း၊ အမှတ် ၇၈၇/ခနေ (ဦးကိုလေး-ဒေါ်အေးရှင်)တို့၏သား၊ (ဦးမောင်ဆင်-ဒေါ်အုန်းပွင့်)တို့၏သားသမက်၊ ဒေါ်အေးမိစံ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကျင်မြိုင်၊ ဒေါ်အုံးတို့၏မောင်၊ ကိုကျော်စိုးလှိုင်(စုံစမ်းရေးမှူး၊ စ·စ·စ)-မစောနန်းအေး၊ ကိုဟန်မင်းထက်(JSM. Shipping Co.,Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မဖူးပြည့်စုံ၊ မအေးပြည့်စုံတို့၏အဘိုးသည် ၃-၇-၂၀၁၇ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်ကြည်
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၂၇၊ (မြေညီထပ်)နေ (ဦးအောင်မြင့်)၏ဇနီး၊ (ဦးစိန်ဝင်း-ဒေါ်အုန်းနွဲ့)၊ ဦးသန်းလွင်-ဒေါ်တင်တင်အေး၊ ဦးဝင်းလှိုင်၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးစိန်လင်း-ဒေါ်မြင့်မြင့်ရီ၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်အေး၊ ဦးဖြိုးကိုကို-ဒေါ်ယုယုအေးတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး
# ဦးမြင့်ဝင်း(ခ)ဦးဝင်း
**အသက်(၆၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးထွန်းရှင်-ဒေါ်ခွေး)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ရှမ်းစုကျေးရွာနေ (ဦးစိုးတင်-ဒေါ်တင်လှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၈၁နေ (ဦးစံမောင်)-ဒေါ်နီ၊ဦးခင်မြင့်တို့၏ညီ/မောင်၊ ဦးသန်းမြင့်-ဒေါ်ဝင်း၊ ဒေါ်ပိုပို၊ ဦးမောင်မောင်ဦး-ဒေါ်မာမာသန်း၊ (ဦးစိုး)-ဒေါ်မိုး၊ ဦးကျော်ကျော်-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ဝေဝေ၊ ဦးစန်းမြင့်-ဒေါ်ညွန့်တင်၊ ဦးမြင့်အောင်-ဒေါ်လှသန်း၊ (ဦးသန်းစိန်)-ဒေါ်ငွေငွေဦး၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းထွေးတို့၏အစ်ကို၊ မအေးစန္ဒာဝင်း၊ မောင်သန့်ကျော်ဟန်တို့၏ဖခင်၊ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# နော်အယ်လိဇဘက်မြတ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ ငွေစုဘဏ်ခွဲ(၄)၊ ရန်ကုန်**
**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ လက်သမားကရင်ကျေးရွာနေ (ဦးချစ်ပို-ဒေါ်မဒင်)တို့သမီး၊ ဦးစောဂျီယာ-ဒေါ်မိမိမော်(ရွှေပေါက်ကံမြို့သစ်)၊ ဒေါက်တာတင်မြင့်အောင်-ဒေါ်မာတီးတာ(ခ)တင်တင်မြတ်(ပခုက္ကူမြို့)၊ ဦးစောဂျော့(ကမ္ဘောဇဘဏ်လီမိတက်ရုံးချုပ်၊ ပြည်လမ်း)၊ ဦးစောတောမား၊ ဦးသန့်ဇင်-နော်စီစီထွန်း(၁၆/၁၀၀၃၊ ရွှေပေါက်ကံမြို့သစ်)တို့၏အစ်မ၊ မောင် Dominic Savio (ခ) စောလင်းဟန် (ကမ္ဘောဇဘဏ်လီမိတက်၊ ကတ်ဌာန၊ ရုံးချုပ်)၊ မ Treaser (ခ)သီတာသင်း၊ SKT-Shindo Co.,Ltd. တို့၏ချစ်လှစွာသောမိခင်၊ ဦးLucas (ခ)ခင်မောင်အေး[ဒုအရာခံဗိုလ်(ငြိမ်း)၊ အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခတင်-၅၀၀၊ ရန်ကုန်]၏ချစ်လှစွာသောဇနီးသည် ၃-၇-၂၀၁၇ရက် နံနက် ၀၀း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ငွေစုဘဏ်ခွဲ-၄ နှင့် စိန့်ဂျွန်းကန်တော်မင်ဘုရားရှိခိုးကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ နေအိမ်နှင့်မြောက်ဥက္ကလာပစိန့်ဂေးဘရဲလ်ဘုရားရှိခိုးကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၁၆/၁၀၀၃၊ ရွှေပေါက်ကံမြို့သစ်နေအိမ်၌ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
# ဒေါ်တင်ရွှေ
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွကုန်းငွေးကြွယ် (က)ရပ်ကွက်၊ သူငွေးလမ်း၊ အမှတ် ၂၃၊ ပထမထပ်(ယာ)နေ (ဦးပု-ဒေါ်ကျင်ဆိုင်)တို့၏သမီး၊ ဦးသိန်းလွင်-ဒေါ်ခင်ထွေးရီတို့၏မိခင်၊ ဦးမျိုးလွင်ဦး၊ ဒုဗိုလ်မှူးကြီးငွေးလွင်ဦး(ဌာနမှူး၊ စစ်တက္ကသိုလ်) - ဒေါ်အိအိသန်း၊ ဗိုလ်မှူးခင်မောင်ထွန်း (တပ်မတော်-လေ)-ဒေါ်မီမီမွန်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သန်းချစ်
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးစ-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးရှုန်စွန်-ဒေါ်စောတင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၂၁၅၊ အခန်း ၅နေ ဦးအုန်းခင်၏ဇနီး၊ မစန္ဒာဝင်း (တည်ဆောက်ရေး-၉၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၊ ကိုလွင်မွန်-မသိန်းညို၊ ကိုမျိုးသန့် - မနီလာဝင်း (ရေအရင်းအမြစ်)၊ကိုအောင်နိုင်ထွန်း(တည်ဆောက်ရေး-၉၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) - မနော်ဟဲဆေးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြသန်း(ခ)ဒေါ်သန်းသန်း
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၉၊ သုံးလွှာနေ (ဦးမောင်လှ-ဒေါ်တင်မြင့်)တို့၏သမီး၊ (ဦးအောင်မြင့်)-ဒေါ်သန်းတင်တို့၏သမီးချွေးမ၊ (ဦးကြည်ဆွေ-ဒေါ်ဟုန်လင်)၊ ဦးတင်မောင်မြင့်-ဒေါ်တင်လှိုင်၊ ဦးရွှေအေး-ဒေါ်စန်းစန်းတို့၏ညီမ၊ ဦးအောင်လှ-ဒေါ်ငွေငွေ၊ ဦးမင်းကြည်-(ဒေါ်စန်းရီ)၊ ဦးညီညီအောင်-ဒေါ်ဝင်းမေ၊ ဦးမင်းအောင်၊ ဦးမင်းနောင်တို့၏အစ်မ၊ (ဦးတင်ထွန်း)၏ဇနီး၊ ကိုဝင်းနိုင်ထွန်း-မသဇင်ထွန်း၊ ကိုချစ်ဝေယံစန်းဦး - မပန်းအိဖြူတို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်ရင်ရင်ထွန်း
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ရေတွင်းလမ်း၊အမှတ် ၂၉/B နေ (ဦးထွန်းကြည်)-ဒေါ်ငွေကြယ်တို့၏သမီး၊ (ဦးမျိုးအောင်)-ဒေါ်မိုးမိုး၊ (ဦးခင်မောင်)-ဒေါ်ခင်မျိုးအေးတို့၏ညီမ၊ ဦးတင်ဦး-ဒေါ်ကြည်ကြည်ထွန်း၊ ဦးကျော်ကျော်နိုင် (KERRY ကုမ္ပဏီ)-(ဒေါ်ချိုချိုကြည်)၊ ဦးမောင်ငယ်-ဒေါ်ခိုင်ခိုင်ကြည်၊ ဦးစောဇော်မင်းထွန်း - ဒေါ်ဆွေဆွေဝင်းတို့၏အစ်မ၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသာညိန်း
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ အမှတ် ၃၁(ခ)နေ(ဦးဘဖိုး-ဒေါ်အေးစိန်)တို့၏သား၊ (ဦးအောင်တင်-ဒေါ်လွန်းမေ)တို့၏သမက်၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ (ဒေါ်ခင်စိုး)၏အစ်ကို၊ ဦးအေးညိန်း-ဒေါ်ခင်မျိုးသန်း(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁)၊ ဦးမောင်မောင်ညိန်း-ဒေါ်နန်းထွေးညွန့်(ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဒေါက်တာရဲအေး(ခရိုင်ဆရာကြီး၊ ငြိမ်း)-ဒေါ်ခိုင်မာညိန်း၊ ဦးဝင်းညိန်း-ဒေါ်ဝေဝေ၊ ဦးသောင်းညိန်း-(ဒေါ်စုစုလှိုင်)တို့၏ဖခင်၊ မမေဦးခိုင်(စင်ကာပူ)-ကိုနိုင်စိုး၊ မခင်မေအောင်(ရိုးမ strategic)၊ ဒေါက်တာဉာဏ်ဦး-မထက်ထက်အောင်၊ ဒေါက်တာသီရိဝင်း၊ ကိုရဲဝင့်အောင်၊ ကိုသစ်လွင်ထူး၊ ကိုခန့်ညိန်းအောင်၊ ဒေါက်တာခိုင်မြတ်ဝင်းတို့၏အဘိုး၊ မောင်အောင်ဘုန်းနိုင်၊ မစံမဒီဦးတို့၏အဘေးသည် ၁-၇-၂၀၁၇ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးအေခိုင်ပုမ်း [အရာခံဗိုလ်၊ ငြိမ်း]
**အသက်(၇၆)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆရွာနေ(Pu Za Hang - Pi Cingh Nuam)တို့၏သား၊ (Nu Cingh Ngo),(Pa Kip Ko Hau),(Pa Suan Cin),Pa Tuang Za Pum, (Pa Thawng Cin Thang)တို့၏ညီ၊ (Nu Nuam Za Cing), (Pa Thian Za Khai), Nu Huai Khaw Neam, (Pa Lam Za Khai)တို့၏အစ်ကို၊ ဒေါ်ခင်သန်းမြင့်(ခ) Pi Swam Za Dim ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းကျင်ဝေ - Rev Nang Lam Kim ၊ ဦးဝေလင်းထွန်း (ခ) Hang Khat Mung - ဒေါ်ငွေငွေ၊ ကိုအောင်မင်းထွန်း(ခ)Son Do Lian (ခ) Pastor Pui Pui တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃-၇-၂၀၁၇ရက် နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်၊ FGA အသင်းတော်၊ YSBC အသင်းတော်နှင့် ယုဇနပိတောက်ကွေ့တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးလှညွန့်(ခ)ဦးဆန်နီ
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ပေ(၅၀)လမ်း၊ အမှတ် ၄၈နေ (ဦးသန်းရွှေ)-ဒေါ်ကျင်သန်းတို့၏သား၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် ၆၅နေ (ဦးမြမောင်-ဒေါ်အေးခင်)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၇လမ်း၊ အမှတ်(၈၀၇/က)နေ ဒေါ်မြင့်မြင့်(အထက်တန်းပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုနေလင်း-မသဲသဲထူးခိုင်၊ ကိုတက်ထွဋ်ဦး-မမြတ်ယုမော်၊ ဒေါက်တာဖြိုးသီဂီကြော့(ရန်ကင်း ကလေးဆေးရုံကြီး)၊ မစောရည်နန္ဒာ(CB Bank)တို့၏ဖခင်၊ မောင်ခန့်ကိုကိုဟိဏ်း၊ မောင်ဉာဏ်ဘုန်းပြည့်စုံတို့၏အဘိုးသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တောင်ဥက္ကလာပမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# Daw Cing Za Huai (Huai Pi)
**အသက်(၆၅)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွင်ဗံရွာနေ (U Tun Khai-Daw Neam Ngo)တို့၏သမီး၊ (U Han Khup - Daw Niang Kho Cing)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၀လမ်းအေ၊ တိုက် ၁၆၊ အခန်း ၂၀၁နေ (U Tun Khan Thang) (ဦးထွန်းခန့်၊ သစ်တော်ဦးစီး၊ ငြိမ်း)၏ဇနီး၊ (U Lian Hav), U Khup Za Khai - Daw Connie Awi Sian Cing ကလေးမြို့၊ တိုက်စိမ်းဆေးဆိုင်၊ (U Pum Cin Khai - Daw Dim Kho Niang), Daw Man Za Cingh-U Tuang Za Thang, U Mang -Dal-Daw Mang Suan Cing, (U Kham Cin Paw)-Daw Hau Kho Neam,(Tg Cin Hen Pau),Lia Ngo Khan Dim (Wa-Jilarn Export)တို့၏ညီမ/အစ်မ၊ Daw Cing Khai-U Maung Bo, Daw Ngo Man Cing-(U Zel Do Tuang),Lia Dim Khan Cing(USA),Tg Khai Khan Khup(Malaysia) Lia Hung Lamh Neam တို့၏မိခင်၊ Daw Huai Khan Cing (ဟယ်ပင်ကလေးဆေးရုံ) - U Zam Mung, Lia Thang Thian Neam, Lia Neam Khan Cing, Lia Hav Khan Cing ,Tg Issae Sawn Biak Mung,Lia Cing Ngaih Mang (ခ)ချမ်းချမ်းတို့၏အဘွားသည် ၂-၇-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်၊ ယုဇန ပိတောက်ကွေ့၊ ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်တို့မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
# ဦးကျော်လွန်းစိန်
**အသက်(၄၈)နှစ်**

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ (၃)ရပ်ကွက်နေ (ဦးအောင်ဇံဝေ)-ဒေါ်စိန်ယဉ်ဖြူတို့၏သား၊ ဒေါ်အေးမြ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်မြင့်ဦး၊ မအေးမြင့်မြင့်ကျော်၊ မအေးမြတ်သူ၊ မောင်ကျော်မင်းဝေတို့၏ ချစ်လှစွာသောဖခင်သည် ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် Asia Royal ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [လှည်းတန်း၊ ဇေယျာသီရိလမ်း၊ အမှတ် ၂၂၊ ငါးလွှာ (B) နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

# မောင်ဉာဏ်လင်းထွန်း
**အသက်(၁၉)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့(၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၄/၈၉နေ (ဦးလှစိန်-ဒေါ်အေးသောင်း)၊ (ဦးကြည်အောင်-ဒေါ်ကြင်အေး)တို့၏မြေး၊ ဦးမြတ်ထွန်းအောင်(ဦးစီးအရာရှိ၊ ဆည်/ရေ)-ဒေါ်နုနုအောင်တို့၏သား၊ (မမြတ်သင်းကြူ)၏မောင်သည် ၂-၇-၂၀၁၇ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော်  ဇူလိုင် ၃**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ပထမအကြိမ် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများနှင့် အသစ်ထပ်မံတင်ပြ ဆွေးနွေးလိုသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြနိုင်ရန် ယခုကဲ့သို့ အစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၀ ကျော်ခန့်သည် ကိုယ်ပိုင်ဂြိုဟ်တုများ အသုံးပြု၍ ၎င်းတို့နိုင်ငံ၏ ကဏ္ဍစုံနယ်ပယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ နိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် နိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး *စာမျက်နှာ ၈ ကော်လံ ၁* ❂

# အမေရိကန်ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံသည့် ကေဘယ်လ်ကားစီမံကိန်း ၈၀ ရာခိုင်နှုန်းပြီးစီး

**တင်ထွန်း(မော်လမြိုင် )**

**မော်လမြိုင် ဇူလိုင် ၃**

မွန်ပြည်နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကေဘယ်လ်ကားပြေးဆွဲရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂ ရက်က စတင်ခဲ့ပြီး ၎င်းကေဘယ်လ်ကားစီမံကိန်းကို တောင်ကိုရီးယားနိုင်ငံမှ Sky Asia Company မှ ငွေကြေးအကုန်ကျခံပြီး ပြင်သစ်နိုင်ငံ ပိုးမားကုမ္ပဏီမှလည်း စက်ပစ္စည်းများဝယ်ယူပြီး ပြင်သစ်နိုင်ငံပညာရှင်များဖြင့် တည်ဆောက်၍ ယခုအခါ ကေဘယ်လ်ကားစီမံကိန်းသည် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ကေဘယ်လ်ကားစီမံကိန်းမှာ ယခင်က ဧပြီလအတွင်း ပြီးစီးမည်ဟု ပြောခဲ့သော်လည်း ပစ္စည်းရောက်ရှိမှုမရှိသည့်အတွက် နောက်ကျရခြင်း၊ ရာသီဥတုကလည်း မိုးများခြင်းကြောင့် လုပ်ငန်းများ နှောင့်နှေးခဲ့ရခြင်း၊ ယခုဆံတော်ရှင် ကျိုက်ထီးရိုးတောင်ဖွင့်ပွဲအမီ ကေဘယ်လ်ကား ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ကောင်းကင်ကြိုးတပ်ဆင်မည့်တိုင် ခုနစ်တိုင်ကိုလည်း စိုက်ထူပြီးဖြစ်ကြောင်းနှင့် လူစီးတွဲ ၄၄ တွဲလည်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလပိုင်းတွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီးမြေကေ ၁၃ ဒသမ ၅ ကေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နှစ်ရှည်ငှားရမ်းခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ MIC မှခွင့်ပြုချက်ဖြင့် *စာမျက်နှာ ၁၁ ကော်လံ ၅* ❖



ကေဘယ်လ်ကားစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်

## ယနေ့ မာတိကာ

ဆီးရီးယားဒုက္ခသည်များ နေထိုင်ရာ စခန်းတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ ကလေးငယ်နှစ်ဦးသေဆုံး စာ » ၁၀

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီး စာ » ၁၂

သစ်တင်ဆိုင်ကယ် ၁၄ စီးဖြင့် တင်ဆောင်လာသော ကျွန်းသစ်များဖမ်းဆီးရမိ စာ » ၁၃

